# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၀)၊ အမှတ် (၀၃၂)





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး ၁၅ ပါးတို့က အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ကြစဉ်။ သတင်းစဉ်

# သီတင်းကျွတ်လပြည့်နေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာပြည်သူပြည်သားများ၊ ကမ္ဘာသူကမ္ဘာသားများ ကိုဗစ်- ၁၉ ကပ်ရောဂါ ဘေးကင်းဝေးပြီး ကိုယ်ကျန်းမာ စိတ်ချမ်းသာရေး ရည်မျှော်တွေးလျက် ၁၃၈၂ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ တွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်၏ ဘူမိနက်သန်အောင်မြေအမှန်ဖြစ်သည့် ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင် သာသနာ့သမိုင်းဝင် မဟာပါသာဏလိုဏ်ဂူတော်သိမ်တော်ကြီး၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး ၁၅ ပါးတို့သည် အန္တရာယ်ကင်းပရိတ်တရားတော်များ၊ အနန္တရာယိက အန္တရာယ်ကင်း ကမ္မဝါစာများ ရွတ်ဖတ်ပူဇော်တော်မူကြသည်။

မြတ်စွာဘုရားရှင်အား ဦးထိပ်ထား၍ သာသနာ့ဦးသျှောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက မေတ္တာ၊ ကရုဏာ ရှေ့သွားပြုပြီး အားကောင်းသော အရံအတား ပရိတ်တော်များဖြစ်သည့် ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်၊ ဝဋ္ဋသုတ်၊ အာဋာနာဋိယသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တော်နှင့် အနန္တရာယိကအန္တရာယ်ကင်း ကမ္မဝါစာများကို ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူခဲ့သည်။

သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော် သိမ်တော်ကြီးတွင် ၁၃၈၂ ခုနှစ် တော်သလင်းလဆန်း ၁ ရက် ၁၇-၉-၂၀၂၀ ရက်နှင့် တော်သလင်းလပြည့် ၁-၁၀-၂၀၂၀ ရက်တို့၌လည်း သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေမဟာနာယကကျောင်းဆောင်တွင် ဝါဆိုဝါကပ်သီတင်းသုံးသာသနာ့တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး ၁၅ ပါးတို့က အန္တရာယ်ကင်းပရိတ်တရားတော်များ၊ အနန္တရာယိက အန္တရာယ်ကင်းကမ္မဝါစာများ ရွတ်ဖတ်ပူဇော်တော်မူခဲ့ကြကြောင်း သိရှိရသည်။

သတင်းစဉ်

## စိန်ပန်းသစ္စာ

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ဆောင်းပါး


စာ ➤ ၆ - ၇




## ကိုဗစ်-၁၉ နှင့်အညီ လိုက်ပါပြောင်းလဲလာတဲ့ ကျွန်တော်တို့ လူမှုဝန်းကျင်

နိုင်ငံတကာရေးရာ


စာ ➤ ၁၄


# ကော့သောင်းရှိ မဲရုံများတွင် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးနေမှု ကွင်းဆင်းစစ်ဆေး

**ကော့သောင်း အောက်တိုဘာ ၃၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးနေမှုများအား ယနေ့နံနက်ပိုင်းက ကော့သောင်းခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်လေးနှင့် အဖွဲ့ဝင်များက ကော့သောင်းမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် သတ်မှတ်မဲပေးကြမည့် မဲရုံများတွင် အသက် ၆၀ နှင့်အထက်ပြည်သူများ ကြိုတင်မဲပေးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ မဲရုံမှူး၊ ဒုမဲရုံမှူးများနှင့်တွေ့ဆုံကာ ဆောင်ရွက်လျက်ရှိသည့် သတ်မှတ်မဲရုံများအား ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ မရှိ၊ မဲရုံများတွင် တာဝန်ယူဆောင်ရွက်ကြမည့်သူများအနေဖြင့် ရောဂါပိုးကူးစက်မခံရစေရေး စည်းကမ်းချက်များနှင့် အညီဆောင်ရွက်မှုရှိ မရှိ၊ လုံခြုံရေးဆိုင်ရာများ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန် ကြည့်ရှုစစ်ဆေးအကြံပြုမှာကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၆* ✻

မြန်မာ့အလင်း

# ယောနိသောမနသိကာရ

ကမ္ဘာတစ်လွှား၊ မြန်မာနိုင်ငံတစ်လွှား၌ ကိုဗစ်ရောဂါကူးစက် ပြန့်ပွားပြီဟု သိသည့်ခဏတွင် လူတို့တွင် ပထမဆုံးဖြစ်ပေါ်သော ခံစားမှုမှာ စိုးရိမ်စိတ်ဖြစ်၏။ စိုးရိမ်စိတ်နှင့် တွဲကပ်လာသည်မှာ စိတ်ပူပန်မှု။

ထို စိတ်ပူပန်မှုက ရောဂါကူးစက်ပြန့်ပွားမှု မြန်ဆန်လာပြီ၊ ဖြစ်ပွားသူအရေအတွက် များစွာတိုးမြင့်လာပြီ စသည့်သတင်း များကို သိလာရသည်နှင့်အမျှ စိတ်ပူပန်မှုကလည်း ကြီးကြ လေသည်။ မိမိထံသို့ ကူးစက်မည်လား၊ မည်သူတွေဆီမှာ ပိုးရှိနေသလဲ အစရှိသည့် တွေးတောပူပန်စရာများက တလည် လည် ဖြစ်လာသည်။ ထိုပူပန်မှုတို့က စိတ်ဖိစီးမှုကို ဖန်တီး ပေးလေသည်။ ရောဂါပိုးက ဘယ်ဆီနေသည်မသိသော်လည်း ဖိစီးမှုက ဝန်ထုပ်ဝန်ပိုးသဖွယ် ပိလာနေသည်။ ဤသို့သော အခြေအနေတွင် မိမိနှင့် သိကျွမ်းနီးစပ်သူတို့ ရောဂါပိုးကူးစက် ခံရသည်ဟု သိရသည့်အခါ စိတ်ဖိစီးမှုတွင် အတွေးလွန်မှုနှင့် ပူပန်လွန်မှုတို့ဖြစ်လာတတ်ပြီး ယင်းပူပန်လွန်မှုက စိတ်ဓာတ် ကျဆင်းမှုကို ဖြစ်စေတတ်ပါသည်။

ကိုယ်ကိုယ်တိုင်က သံသယလူနာစာရင်းတွင် ပါလာပြီဆိုလျှင် မူ ဆိုဖွယ်ရာမရှိတော့ပြီ။ ပိုးရှိ မရှိ စစ်ဆေးစမ်းသပ်ခံခြင်းတို့ ပြုလုပ်ရပြီ။ ထိုအချိန်တွင် စိုးရိမ်ပူပန်မှုနှင့်အတူ မိမိကိုယ်ကိုယ် အပြစ်တင်မှုများ၊ နီးစပ်ပတ်သက်သူများကို အပြစ်တင်လိုစိတ်များ ဖြင့် စိတ်ဖိစီးမှုနှင့် စိတ်ဓာတ်ကျဆင်းမှုတို့က ပိုမိုများပြားလေးလံ လာတော့သည်။

စိုးရိမ်လွန်ခြင်းကို အသိဉာဏ်ပညာဖြင့် မထိန်းကွပ်နိုင်ပါက ရောဂါ၏ သဘောသဘာဝကို နားမလည်၊ ပြဿနာ၏ ရင်းမြစ်ကို မဆန်းစစ်နိုင် ဖြစ်တတ်၏။ ထို့ပြင် သတင်းမှားများ လုပ်ကြံ သတင်းများကလည်း လူတို့ကို စိတ်ထိခိုက်မှုဖြစ်အောင် တမင် ဖန်တီးနေကြခြင်း ဖြစ်ပေသည်။ စိတ်ပူပန်မှုများခြင်းသည် စိတ်ဖိစီးမှုနှင့် စိတ်ထိခိုက်မှုကိုသာ ဖြစ်စေမည်ဆိုသည်ကို သတိမူသင့်ပါသည်။

လူ့ဘဝကို အေးချမ်းစွာလျှောက်လှမ်းနိုင်ရေးတွင် စိတ်ထား တတ်ခြင်းသည် အရေးကြီးသည့် လိုအပ်ချက်တစ်ခုအဖြစ် လူအများ ယုံကြည်ကြလေ့ရှိ၏။ ထိုသို့ ယုံကြည်သည့်အတိုင်း လည်း ထုတ်ဖော်ပြောဆိုကြလေ့ရှိ၏။ ယောနိသော မနသိကာရ ဟူသော သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းခြင်းကိုလည်း ညွှန်းဆိုလေ့ရှိ၏။ စိတ်နှလုံးအေးချမ်းစွာထားရှိကာ အခြေအနေ အရပ်ရပ်ကို သင့်တင့်စွာ နှလုံးသွင်းနိုင်ခြင်းသည် လူ၏ ကျန်းမာ ရေးကို များစွာသက်သာစေမည့် သော့ချက်တစ်ခုဖြစ်ပါသည်။ စိတ်နှလုံးအေးချမ်းစွာ ထားနိုင်ခြင်းသည်ကား စိတ်ပူပန်မှုကို ငြိမ်းစေမည်သာ။

သင့်တင့်စွာ နှလုံးသွင်းနိုင်ရေးအတွက် မပေါ့လျော့သော သတိဖြင့်နေထိုင်ခြင်း၊ စည်းကမ်းစည်းမျဉ်းများကို လိုက်နာ နေထိုင်ခြင်း၊ ဝန်းကျင်အသိုင်းအဝိုင်းမှ သတင်းများကို ဆန်းစစ်လက်ခံခြင်း၊ သတင်းများကို ကိုယ်တိုင်နှလုံးသွင်းရာ ဖြန့်ဝေရာတွင် နာသူလည်းအကျိုးမရှိ၊ ပြောသူလည်းအကျိုးမရှိ သည့် စိတ်ညှိုးနွမ်းစေသည်တို့ကို အမှန်လိုအပ်သည့် အခါမျိုးမှ အပ မျှဝေခြင်းမပြုခြင်းတို့က အရေးကြီးပါသည်။

ထိုနည်းတူပင် သူတစ်ပါးကို လွယ်လင့်တကူ အပြစ်ဖို့ခြင်းကို အထူးသတိထား ရှောင်ကြဉ်ကြခြင်း၊ လိုအပ်နေသူများ၊ ရောဂါပိုး ရှိသည်ဟု သိထားရသူများနှင့် မိသားစုဝင်များကို ကူညီနိုင်မည့် နည်းလမ်းရှာဖွေကာ တတ်နိုင်သမျှ ကူညီခြင်း၊ လောကလူ့ပြည် တွင် ရုံဖန်ရံခါ၌ မည်သို့မျှ ရှောင်လွှဲ၍မရဘဲ ဖြစ်တတ် ကြုံတွေ့ရ တတ်သော သဘာဝတရားအတိုင်း ကြုံရတွေ့ရသည်ကို လက်ခံ နားလည်တတ်အောင် ကြိုးစားခြင်းတို့သည်လည်း စိတ်ပူပန်မှုကို ကုစားနိုင်ပါမည်။ ထို့ပြင် ကိုဗစ်ရောဂါပိုးကာကွယ်ရေး အခြေခံ နည်းလမ်းများဖြစ်သည့် လူစုလူဝေးရှောင်ကြဉ်ခြင်း၊ လက်ကို ရေ ဆပ်ပြာတို့ဖြင့် စနစ်တကျ မကြာခဏ ဆေးကြောခြင်း၊ အိမ်တွင်းတွင်သာ အတတ်နိုင်ဆုံး နေထိုင်ခြင်း၊ မဖြစ်မနေထွက်ရ မည်ဆိုလျှင်လည်း မျက်နှာဖုံး နှာခေါင်းစည်းတပ်ဆင်ခြင်း စသည်တို့ကို လိုက်နာရင်း ရောဂါပိုးကို ကြောက်ရွံ့နေခြင်းကို လျှော့ချရန်လည်း လိုအပ်ပါသည်။

ဘယ်အရာမှ မတည်မြဲဟူသည့် လောကဓမ္မတာကို နားလည် ပြီးသည့်နောက် ယခုကဲ့သို့သော စိုးရိမ်ပူပန်နေရသည့် ကာလ သည်လည်း ကျော်လွန်သွားမည်သာဖြစ်သည်ဟု နှလုံးသွင်းကာ မိမိတို့ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများကို လိုက်နာကြခြင်းဖြင့် ကပ်ရောဂါဘေးက ကင်းဝေးကာ အေးချမ်း သာယာရှိကြပါစေကြောင်း သီတင်းကျွတ် မင်္ဂလာအခါသမယတွင် ဆုမွန်တောင်းအပ်ပါသည်။ ။

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များဖိတ်ခေါ်ခြင်း

- COVID–19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (severe acute respiratory syndrome coronavirus 2– SARS–CoV–2) ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း ( Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma) အား အသုံးပြု၍ COVID–19 ရောဂါ ပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာ ပျောက်ကင်း ရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။
- ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်တိတိ ပကတိ ပြန်လည်နေထိုင်ကောင်းလာသူများအနေနှင့် ၎င်းတို့၏ သွေးရည် ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါ ပြင်းထန်စွာ ခံစားနေသော လူနာများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။
- သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ သွေးရည်ကြည် (၄၀၀) စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂) ဦးမှ (၃)ဦးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာ တွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှ တစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည် အလှူရှင်မှာ သွေးအား လျော့နည်းသွားခြင်းမရှိပါ။
- ဤကဲ့သို့ သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ် (၃)ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည်လှူဒါန်းသူတစ်ဦးမှ တစ်ဦး ထက်မကသော ကိုဗစ် လူနာအသက်များကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။
- သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး ( SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူ ဖြစ်ရပါမည်။ အသက်(၁၈)နှစ်မှ (၆၀)နှစ် ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား) နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက် သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည် ကြည်မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။
- အမျိုးသားသွေးဌာနမှ COVID–19 ရောဂါမှ ပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဇီဝကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည် ကြည် လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID–19 ရောဂါ ပြင်းထန်သောလူနာများ၏ အသက်ကို ကယ်တင်နိုင်ရန် စေတနာ ရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။
- သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
  - ၀၉–၅၁၃၀၄၁၈
  - ၀၉–၅၄၀၂၀၉၈
  - ၀၉–၉၆၅၁၃၀၄၁၈
  - www.donatebloodmyanmar.org

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကောသမုတ္တိ - လမ်းဆုံ

❖ လူ့ဘဝတာ၊ မရှည်ကြာလည်း
တွေ့လာဆုံခြင်း၊ သည်အခင်းများ
မခြွင်းကြုံရ၊ လွန်များလှ။

❖ အယူဝါဒ၊ မတူကြနှင့်
ကိစ္စမြားမြောင်၊ ဤလူ့ဘောင်ဝယ်
မရှောင်လွှဲသာ၊ တွေ့ဆုံကာဖြင့်
မကြာခဏ၊ ကြုံတွေ့ရ။

❖ ချိန်ခါမခြား၊ ခရီးသွားလဲ
လမ်းများစုပုံ၊ အဖုံဖုံနှင့်
လမ်းဆုံတစ်ကွေ့၊ သင်ကြုံတွေ့နှင့်
မွေ့သည့်ဘဝ၊ တူပေစွ။

❖ သည်ပုံဘဝ၊ သင်ကြုံရတိုင်း
ဘယ်ကအမှန်၊ ဘယ်ဟန်အမှား
ဉာဏ်သိစွမ်းအား၊ သင်ခွဲခြားပြီး
ကွဲပြားစေရန်၊ စိတ်ရည်သန်၍
ဇကန်အမှု၊ မျှော်ထောက်ရှုလျက်
သင်ပြုလေအပ်၊ လမ်းဆုံမှတ်ဖြင့်
ပြုတတ်စဉ်သာ၊ မှတ်ဖွယ်ရာ။

❖ ရှေးရှေးခါက၊ ကောသလနယ်
ကောသမုတ္တိ၊ အမည်ရှိသည့်
နိဂုံးရွာကြီး၊ တောအုပ်နီးဝယ်
ကြီးမြတ်သခင်၊ ဗုဒ္ဓရှင်၏
ပွဲပြင်မိန့်ကြား၊ ဆိုစကားအား
ထူးခြားစုံလင်၊ မမေ့စဉ်ဖြင့်
သင်ပင်သက်ဆုံး၊ ယူကျင့်သုံး။

❖ မယုံစကား၊ ထွေထွေများကို
မှတ်သားစိတ်တွင်၊ မြဲဆင်ခြင်၍
စဉ်ပင်ဆုံးဖြတ်၊ သင်ပြုအပ်။

❖ တစ်ဆင့်စကား၊ သင်လေကြားနှင့်
မှတ်သားမှန်ပေ၊ မယူလေနှင့်။

❖ စဉ်လာကျင့်သုံး၊ ထိုသည့်ထုံးကို
သက်လုံးမသွေ၊ မယူလေနှင့်။

❖ သင်ထားတဲ့စာ၊ ကျမ်းဂန်လာနှင့်
တူစွာကိုက်ညီ၊ မှန်ပေသည်ဟု
မူသေဒိဋ္ဌ၊ မယူဆနှင့်။

❖ ဆရာစကား၊ မှန်ပေသားဟု
စဉ်ငြားမသွေ၊ မမှတ်လေနှင့်။

❖ အနုမာန၊ မှန်းကာဆဖြင့်
မှန်စွမသွေ၊ မမှတ်လေနှင့်။

❖ ယုတ္တိဗေဒ၊ ယူအဆနှင့်
တူမျှလို့သာ၊ မှန်ပေရာဟု
ရင်မှာစွဲအပ်၊ မြဲမမှတ်နှင့်။

❖ ကြောင်းကျိုးဆင်ခြင်၊ ဉာဏ်သိမြင်ဖြင့်
မှန်ပင်စကား၊ ဟုတ်ပေသားဟု
သင်ကားမသွေ၊ မယူလေနှင့်။

❖ မိမိအကြိုက်၊ တူသည့်ခိုက်လည်း
စိုက်လိုက်မသွေ၊ အမှန်ပေဟု
ဇကန်မှတ်သား၊ မပြုငြားနှင့်။

❖ ကိုယ်တိုင်ကျင့်သုံး၊ လက်တွေ့ထုံးနှင့်
အဆုံးဖွေရှာ၊ ပြုကျင့်ကာဖြင့်
ချမ်းသာဆင့်ပိုး၊ လူသားမျိုးတွက်
ကောင်းကျိုးမသွေ၊ သင်ကြုံပေမှ
ထိုလေစကား၊ မှန်ပေသားဟု
ယူငြားမသွေ၊ ကျင့်သုံးလေတော့။

❖ ယနေ့ချိန်ခါ၊ တို့ပြည်ရွာကား
စဉ်လာထုံးစံ၊ ရွေးကောက်ခံဖြင့်
နိုင်ငံကျိုးရှု၊ ပြည်သစ်ပြုမည့်
ပြည်သူ့ကိုယ်စား၊ သင့်ကိုယ်ပွားကို
ပြုငြားမသွေ၊ ရွေးရပေသည့်
ချိန်လေရောက်လာ၊ သင့်ဝန်တာမို့
သည်ခါအမှား၊ မပြုငြားဘဲ
သင်ကားမသွေ၊ ရွေးမှန်စေလော့။ ။

မောင်ဇေယျ

# ရွှေတိဂုံစေတီတော်၌ သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၁** ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၂ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော် ရှေးဟောင်းရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသဆရာတော်ကြီးထံမှ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ကိုယ်စား အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးခင်မောင်ဌေးနှင့် ဂေါပကအဖွဲ့ဝင် ဦးညွန့်သင်းတို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများက ဩဝါဒကထာများ မြွက်ကြားတော်မူကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဗဟန်းမြို့နယ် ညောင်တုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တပဝရာဘိဝံသထံမှ အနုမောဒနာတရား နာကြားပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယနေ့ကျင်းပသည့် ရွှေတိဂုံစေတီတော် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာ အခါတော်နေ့ အခမ်းအနားကို Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း– ဇော်မင်းလတ်**
**ဓာတ်ပုံ– ထွန်းထွန်းခိုင်**


## ငါးပါးသီလ ခံယူဆောက်တည်

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသဆရာတော်ကြီးထံမှ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။



# ပြည်ပ၌အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် အောက်တိုဘာ ၃၁** နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ကိုရီးယားသမ္မတနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား မြန်မာသံရုံး၊ ဆိုးလ်မြို့နှင့် မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများ အဖွဲ့ချုပ်တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသား လေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(အောက်ပုံ)**



အဆိုပါကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၉၂ ဦး၊ တောင်အာဖရိကမှ ၁၂ ဦး၊ စပိန်မှ တစ်ဦး၊ ကာတာမှ တစ်ဦး မြန်မာသင်္ဘောသား စုစုပေါင်း ၁၀၆ ဦးတို့ လိုက်ပါခဲ့ကြသည်။

ထို့ပြင် အိုမန်၊ ဘာရိန်းနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံး၊ ရီယာဒ်မြို့မှ စီစဉ်သည့် (၁၂) ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် မြန်မာသင်္ဘောသား ၁၅၁ ဦးအပါအဝင် မြန်မာနိုင်ငံသား စုစုပေါင်း ၁၇၁ ဦး လိုက်ပါခဲ့ကြသည်။ ၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှုခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာ ကန့်သတ်မှုခုနစ်ရက်နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*✻ ရှေ့ဖုံးမှ*

ကော့သောင်းမြို့နယ်အနေဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၇ စုနှင့် မဲဆန္ဒရှင် စုစုပေါင်း ၁၁၂၆၀၃ ဦးရှိရာ မဲရုံပေါင်း ၇၅ ရုံဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကြိုတင်မဲပေးကြမည့် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင် ဦးရေ ၁၀၁၄၄ ဦးရှိကြောင်းလည်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

## တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် အောက်တိုဘာ ၃၁** ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း(မြန်မာ့ကမ်းလွန်)တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်ကမ်းခြေသို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တွေ့ဆုံ

**ရွှေဘို အောက်တိုဘာ ၃၁**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးတင်မောင်ဆွေ၊ ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူးနှင့်အတူ ယနေ့နံနက် ၉ နာရီက ရွှေဘိုမြို့ ပြည်ရွှေဘိုဧည့်ရိပ်သာ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌတို့အား တွေ့ဆုံသည်။ (ယာပုံ)

**အပြန်အလှန်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ကိစ္စရပ်များ၊ ကြိုတင်မဲပေးခြင်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များအား အောက်ခြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ လိုက်နာဆောင်ရွက်စေရေးကိစ္စရပ်များ၊ ဆန္ဒမဲပေးသူပြည်သူများ၏ အခွင့်အရေး မဆုံးရှုံးစေရေးကိစ္စရပ်များ၊ ဆန္ဒမဲပေးခြင်းနှင့် ပတ်သက်၍ခိုင်လုံမဲ၊ ပယ်မဲသတ်မှတ်ချက်ဆိုင်ရာကိစ္စရပ်များနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရွှေဘိုမြို့နယ် ပလိုင်းကျေးရွာအုပ်စု ရွာသာကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပသော ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းတွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားရာတွင် " နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအုတ်မြစ်သည် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြစ်တဲ့အတွက် မိမိတို့ကျေးရွာကို အဘက်ဘက်မှ ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ကာ ဒီစီမံကိန်းကို ကိုရီးယားအထောက်အပံ့ (KOICA)နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေများနဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာ ချောင်းဦး၊ မြင်းမူ၊ မြောင်နဲ့ ရွှေဘိုမြို့နယ်တို့မှ နမူနာစံပြကျေးရွာ ၁၀ ရွာကို ရွေးချယ်ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ယခု ရွာသာကျေးရွာသစ်စီမံကိန်းကို ရွှေဘိုတစ်မြို့နယ်လုံးမှာရှိတဲ့ ကျေးရွာများက အားကျအတုယူဖွယ်စံပြကျေးရွာများဖြစ်အောင် ကျေးရွာပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ကျေးရွာသစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုမှာ လူနေမှု ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး စတဲ့ ကဏ္ဍအသီးသီးကို ဖွံ့ဖြိုးတိုးတက်အောင်နဲ့ အောင်မြင်အောင် ဆောင်ရွက်ကြဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေနဲ့ ဆောင်ရွက်နေကြတဲ့ကျေးရွာ ၁၀ ကိုလည်း တိုင်းဒေသကြီးရဲ့စံနမူနာပြကျေးရွာဖြစ်အောင် အားပေးဆောင်ရွက်သွားမှာဖြစ်သလို လိုအပ်ချက်များရှိပါကလည်း တတ်နိုင်သမျှအားပေးကူညီ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။



ယင်းနောက် ရွာသာကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း (SMU) ကော်မတီအဖွဲ့ဝင်များက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ပြန်/ဆက်)**

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှတစ်ဆင့် ဆက်လက်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၃၁**
နိုဝင်ဘာ ၈ ရက်၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဖြန့်ဝေပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသောပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ ယနေ့တွင် အထူးလေယာဉ်များဖြင့် ဆက်လက်ရောက်ရှိကြသည်။

ယနေ့ရောက်ရှိသော ပစ္စည်းများမှာ KN95 Mask များ၊ Protective Face Mask များ၊ Medical Cap များ၊ Boots များနှင့် PPE Medical Protective clothing များဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဝယ်ယူထားသည့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။




ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဝယ်ယူထားသည့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

# ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ဝေးလံခေါင်ဖျားကျေးရွာ ၁၄၀ ၌ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်နေ

**နေပြည်တော် အောက်တိုဘာ ၃၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အီတလီအတိုးမဲ့ချေးငွေ ယူရို သန်း ၃၀ အနက်မှ ယူရို ၂ ဒသမ ၇ သန်းဖြင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ဝေးလံခေါင်ဖျားသည့် ကျေးရွာ ၁၄၀ တွင် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်**

၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(National Electrification Project– NEP) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မဟာဓာတ်အားလိုင်း ပြင်ပစနစ်ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့်သာမက အခြားသောနိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အီတလီအတိုးမဲ့ချေးငွေဖြင့် ဆောင်ရွက်သည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ဝေးလံခေါင်ဖျား ကျေးရွာ ၁၄၀ ကျေးလက်မီးလင်းရေးလုပ်ငန်းတစ်ခု အပါအဝင်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းဆောင်ရွက်ရာတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (မဟာဓာတ်အားလိုင်းပြင်ပ) (NEP (Off–Grid)) အစီအစဉ်အရ သတ်မှတ်ထားရှိသည့် စီမံကိန်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ စီမံကိန်းဧရိယာ ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှစ၍ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့အတွင်းမှ မြို့နယ် ၁၄ မြို့နယ်ရှိ ကျေးရွာပေါင်း ၁၄၀ အိမ်ခြေ ၆၈၅၄ အိမ်ခန့်ကို တစ်အိမ်သုံး ဆိုလာစနစ်(SHS)ဖြင့် မီးရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါကျေးရွာများရှိ အများပြည်သူပိုင်အဆောက်အဦများဖြစ်သည့် စာသင်ကျောင်း ၁၃၅ ကျောင်း၊ ဆေးပေးခန်း ၄၀၊ ဘာသာရေးကျောင်း ၂၅၇ ကျောင်းနှင့် လမ်းမီးတိုင် ၈၀၂ တိုင်အတွက် အများသုံးဆိုလာစနစ် (Public Facilities) ၁၂၃၄ စုံကို စီမံကိန်းရန်ပုံငွေမှ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများကို ၂၀၂၁ ခုနှစ် ဧပြီလကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းထံမှ သိရသည်။

**ရာနှုန်းပြည့်ထောက်ပံ့ပေးမည်**

တစ်အိမ်သုံးဆိုလာစနစ်များကို ဒေသခံပြည်သူများက မိမိပိုင်ပစ္စည်းကဲ့သို့ စနစ်တကျကိုင်တွယ်အသုံးပြုစေရန် ရည်ရွယ်၍ ဝပ် ၆၀ ဆိုလာစနစ်အတွက် ငွေကျပ်ငါးသောင်းနှင့် ဝပ် ၁၀၀ ဆိုလာစနစ်အတွက် ငွေကျပ်တစ်သိန်းငါးသောင်း ပြည်သူ့အချိုးကျအရစ်ကျစနစ်ဖြင့် နှစ်ကြိမ်ခွဲ၍ ထည့်ဝင်ရမည်ဖြစ်ပြီး ဆိုလာစနစ်တစ်စုံစာအတွက် ကျန်ရှိသည့်တန်ဖိုးကို စီမံကိန်းရန်ပုံငွေမှ ကျခံပေးမည်ဖြစ်ကြောင်း၊ စီမံကိန်းကျေးရွာရှိ အများပြည်သူပိုင်အဆောက်အဦများဖြစ်သည့် စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘာသာရေးကျောင်းနှင့် လမ်းမီးတိုင်များကို စီမံကိန်းရန်ပုံငွေမှ ရာနှုန်းပြည့်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ အိမ်သုံးဆိုလာစနစ်အတွက် ထည့်ဝင်ထားသည့် ပြည်သူ့ထည့်ဝင်ငွေများကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝေးလံခေါင်ဖျားရှိ ကျေးလက်နေ အိမ်ထောင်စုများအတွက် ယခု ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်လည်း ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့အတွင်းရှိ ကျေးရွာ ၂၁၇ ရွာရှိ အိမ်ခြေ ၁၃၅၁၅ အိမ်၊ အများပိုင်အဆောက်အဦ ၄၆၀ နှင့် လမ်းမီးတိုင် ၉၅၇ တိုင် ဆောင်ရွက်သွားရန်လျာထားပြီး အဆိုပါလုပ်ငန်းများကို နိုင်ငံတကာ အပြိုင်တင်ဒါစနစ်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် တင်ဒါခေါ်ယူထားရှိပြီးဖြစ်ကြောင်း သိရသည်။

**ဂျိုင်းလော(သတင်းစဉ်)**

# ပြည်သူသာလျှင် အဓိက

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကြိုတင်ဆန္ဒမဲနှင့် မဲဆန္ဒရှင်ပြည်သူများ၏ လှုပ်ရှားခံစား ရင်တွင်းစကား



ဦးငွေးဝင်း



ဦးဝေယံကျော်



ဦးကျော်ရင်



ဒေါ်ခင်ဝင်းရည်



ဦးမောင်မောင်တင်

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် အောက်တိုဘာ ၂၉ ရက်မှစ၍ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံများသို့ လာရောက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းစဉ်များနှင့်အညီ ကြိုတင်ဆန္ဒမဲများ ပေးလျက်ရှိကြသည်။**

ယနေ့တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း မြို့နယ်များရှိ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံများတွင် တာဝန်ထမ်းဆောင်နေကြသည့် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် ကြိုတင်ဆန္ဒမဲပေးကြသည့် ပြည်သူများ၏ ရင်တွင်းစကားများကို ရေးသားဖော်ပြလိုက်ပါသည်။

**ဦးငွေးဝင်း (ဥက္ကဋ္ဌ၊ ပညာသိဒ္ဓိရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဇမ္ဗူသီရိမြို့နယ်)**

အသက် ၆၀ နှင့်အထက် ပြည်သူတွေကို ကြိုတင်မဲပေးနိုင်တဲ့ကာလဆိုပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အောက်တိုဘာ ၂၉ ရက်ကနေ နိုဝင်ဘာ ၅ ရက်အထိ ကြိုတင်မဲပေးဖို့ သတ်မှတ်ပေးထားပါတယ်။ ကိုဗစ်ကာလမှာ ဒီလိုသတ်မှတ်လိုက်တဲ့အတွက် အသက်ကြီးတဲ့သူတွေ ကျန်းမာရေးအတွက် ပိုပြီးအဆင်ပြေပါတယ်။ ခရေအိမ်ရာမှာဆိုရင် တိုက် ၁၅၆ လုံးရှိပါတယ်။ တစ်ရက်ကို တိုက်အလုံး ၂၀ မှာနေတဲ့သူတွေကို ကြိုတင်မဲပေးနိုင်အောင် စီစဉ်ထားတဲ့အတွက် တိုက်စုစုပေါင်း ၁၅၆ လုံးရှိတော့ နိုဝင်ဘာ ၅ ရက်ဆိုရင် ကြိုတင်မဲအားလုံးနီးပါး မဲပေးပြီးသားဖြစ်သွားမှာပါ။

ဒီနေ့ဆိုရင် ကြိုတင်မဲပေးတာ သုံးရက်ရှိပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ဆီမှာ ကြိုတင်မဲ ၇၀ ရာခိုင်နှုန်း နီးပါးလောက်မဲပေးပြီးဖြစ်ပါတယ်။ တချို့ဝန်ထမ်းများကို ကြိုတင်မဲပေးနိုင်အောင် ခိုင်လုံတဲ့အထောက်အထားတွေ လက်ခံယူထားပြီး မဲပေးနိုင်အောင် စီစဉ်ပေးပါတယ်။ မသန်စွမ်း မဲဆန္ဒရှင်တွေကိုလည်း မဲပေးနိုင်အောင် ရပ်/ကျေးကော်မရှင်က တာဝန်ရှိသူတွေနဲ့ ပါတီကိုယ်စားလှယ်တွေက မဲပေးနိုင်ရေး စီစဉ်ပေးလျက်ရှိပါတယ်။ ဆန္ဒမဲတွေကိုလည်း လုံခြုံမှုရှိအောင် အားလုံးဝိုင်းဝန်းကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

**ဦးဝေယံကျော် (မဲဆန္ဒရှင်၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

ကျွန်တော့်အနေနဲ့ မဲထည့်တာနဲ့ပတ်သက်ပြီး နည်းနည်းတော့ စိတ်လှုပ်ရှားတာပေါ့။ နောက်ပြီး မဲပေးရတာ တစ်စုံတစ်ရာ ဖိအားတွေ၊ အနှောင့်အယှက်တွေ မရှိပါဘူး။ မဲရုံမှာ ကျန်းမာရေးညွှန်ကြားချက်နဲ့အညီ လုပ်ဆောင်ထားတဲ့အတွက် ကျန်းမာရေးအတွက် လုံခြုံမှုရှိပါတယ်။ ကျွန်တော့်အနေနဲ့လည်း ကျန်းမာရေးအတွက် နှာခေါင်းစည်း တပ်လာတယ်၊ လက်အိတ်စွပ်လာတယ်၊ မဲပေးတဲ့နေရာမှာ လွတ်လွတ်လပ်လပ်နဲ့ မဲပေးခွင့်ရပါတယ်။ ဒီလိုမဲပေးရတာကို နှစ်သက်ပါတယ်။ မဲပေးခွင့်ရတာက တော်တော်ကိုကောင်းတဲ့ ခံစားချက်ပါ။

**ဦးကျော်ရင် (မဲဆန္ဒရှင်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့နယ်)**

ကျွန်တော်တို့ မဲပေးဖို့သွားတဲ့အခါ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး ကြေညာထားတဲ့ စည်းမျဉ်းတွေနဲ့အညီ မဲရုံကို သွားခဲ့ပါတယ်။ မဲရုံရောက်တဲ့အခါမှာလည်း ကျွန်တော်တို့ကို နှာခေါင်းစည်းတွေနဲ့ တစ်ခါသုံး လက်အိတ်တွေ ဖြန့်ဝေတဲ့အပြင် လက်သန့်စင်စေဖို့ကိုလည်း မဲရုံတာဝန်ရှိသူတွေက ဆောင်ရွက်ပေးပါတယ်။ မဲထည့်တဲ့အခါမှာလည်း လွတ်လပ်စွာ မဲပေးခွင့်ရပါတယ်။ ကျွန်တော်တို့လို မဲရုံကိုလာပြီး မဲမပေးနိုင်တဲ့ ရပ်ကွက်ထဲက ကျန်းမာရေးအရ လာရောက် မဲမပေးနိုင်တဲ့သူတွေကိုလည်း အိမ်တိုင်ရာရောက် မဲပေးနိုင်ဖို့ လိုက်လံဆောင်ရွက်ပေးနေတာလည်း တွေ့ရတယ်။ ခုချိန်မှာ ကိုဗစ်ရောဂါ ဖြစ်နေတဲ့ကာလဖြစ်ပေမယ့် ကျွန်တော်တို့လို သက်ကြီးရွယ်အိုတွေအတွက် အခုလိုစီစဉ်ပေးတဲ့အတွက် အဆင်ပြေပါတယ်။

**ဒေါ်ခင်ဝင်းရည်( မဲဆန္ဒရှင်၊ အမှတ်-၃ ရပ်ကွက်၊ လယ်ဝေးမြို့နယ်)**

ကျွန်မ အသက် ၆၀ ကျော်ပါပြီ။ ဒီနေ့မဲပေးရတာ လွတ်လွတ်လပ်လပ်ရှိပြီး စိတ်ကြိုက်မဲပေးခွင့်ရပါတယ်။ မဲပေးရာမှာလည်း အခက်အခဲမရှိစေဖို့အတွက် မဲရုံမှာ တာဝန်ရှိသူတွေက လိုက်လံဆောင်ရွက်ပေးပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ မဲပေးရတာကိုလည်း ကျေနပ်မှုရှိတယ်။ အခုလို မဲပေးရတဲ့အပေါ်မှာလည်း နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်တယ်လို့ မြင်တယ်။ ကိုဗစ်ကာလမှာ မဲပေးရတာဆိုတော့ ကျန်းမာရေး စည်းမျဉ်းစည်းကမ်းတွေနဲ့အညီဖြစ်အောင် တာဝန်ရှိသူတွေက လိုက်လံဆောင်ရွက်ပေးတယ်။ ကျွန်မအနေနဲ့လည်း စနစ်တကျလိုက်နာပြီး မဲပေးခဲ့ပါတယ်။ မဲရုံမှာ တန်းစီတော့လည်း သတ်မှတ်တဲ့အကွာအဝေးနဲ့ တန်းစီတယ်။ နှာခေါင်းစည်း တပ်တယ်။ မဲမပေးခင်နဲ့ မဲပေးပြီးတဲ့အခါမှာလည်း လက်သန့်စင်ဆေးရည်နဲ့ လက်ဆေးတယ်။ ငါးနှစ်မှာတစ်ခါပဲရတဲ့ မဲပေးရတဲ့ အခွင့်အရေးကို သေသေချာချာနဲ့ စိတ်ကြိုက်ဖြစ်အောင် မဲပေးခဲ့ပါတယ်။ မဲပေးခဲ့ရတဲ့အပေါ်မှာလည်း စိတ်ကျေနပ်မှု အပြည့်အဝရှိပါတယ်။

**ဦးမောင်မောင်တင်(မဲဆန္ဒရှင်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့နယ်)**

ကျွန်တော့်အသက် ၆၈ နှစ်ရှိပါပြီ။ ဒီနေ့ဟာ သီတင်းကျွတ်လပြည့်နေ့ ဖြစ်တဲ့အတွက် သားသမီးတွေနဲ့ တူတွေ တူမတွေက လာကန်တော့ဖို့ ရှိပေမယ့် ကျွန်တော်ကတော့ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးအောင် အပြေးအလွှား မဲလာပေးတာ ဖြစ်ပါတယ်။ မဲပေးခွင့်ရဖို့ဆိုတာ ငါးနှစ်တစ်ကြိမ်ရတဲ့အခွင့်အရေးပါ။ ဒီတစ်ကြိမ် မဲပေးရတာကတော့ ကိုဗစ်ရောဂါကာလဖြစ်နေတဲ့အတွက် ကျန်းမာရေးနဲ့ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းတချို့ကို လိုက်နာဆောင်ရွက်ပြီး မဲပေးရပါတယ်။ ဒါပေမယ့်လည်း ကျွန်တော့်အနေနဲ့ မဲပေးတဲ့အခါမှာ ကျန်းမာရေးစည်းကမ်းတွေကို လိုက်နာပြီး မဲရုံတာဝန်ရှိသူတွေကလည်း နှာခေါင်းစည်းနဲ့ တစ်ခါသုံးလက်အိတ်တွေကို လုံလုံလောက်လောက် စီစဉ်ပေးထားတဲ့အပြင် စိတ်ချလုံခြုံစွာနဲ့ လွတ်လွတ်လပ်လပ် မဲပေးခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့လို အသက် ၆၀ ကျော်တဲ့သူတွေအတွက် ကြိုတင်မဲပေးနိုင်အောင် နိုင်ငံတော်က စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင်အတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရခရိုင်အတွင်းရှိ ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့တွင် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများသည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံများသို့ လာရောက်၍ ကြိုတင်ဆန္ဒမဲများကို ယနေ့တွင်လည်း လျှို့ဝှက်စွာဆန္ဒပြု မဲပေးလျက်ရှိကြသည်။

လက်ရှိစာရင်းများအရ နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင်အတွင်းရှိ ဇမ္ဗူသီရိမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၁၄ ခုတွင် မဲရုံ ၄၅ ရုံ၊ ဒက္ခိဏသီရိမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၁၀ ခုတွင် မဲရုံ ၂၀၊ ပျဉ်းမနားမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၃၆ ခုတွင် မဲရုံ ၁၀၁ ရုံ၊ လယ်ဝေးမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၆၇ ခုတွင် မဲရုံ ၁၄၄ ရုံ၊ ဥတ္တရခရိုင်အတွင်းရှိ ဇေယျာသီရိမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၁၈ ခုတွင် မဲရုံ ၇၄ ရုံ၊ တပ်ကုန်းမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၅၅ ခုတွင် မဲရုံ ၁၃၄ ရုံ၊ ပုဗ္ဗသီရိမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၃၅ ခုတွင် မဲရုံ ၇၉ ရုံ၊ ဥတ္တရသီရိမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၁၀ ခုတွင် မဲရုံ ၄၉ ရုံ ရှိကြောင်း သိရသည်။

**သတင်းအင်တာဗျူး-မော်စီ၊ ဟန်လင်းနိုင်**
**ဓာတ်ပုံ-ကျော်ဇင်ထိုက်**

## ဒလမြို့နယ်၌ အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးနေမှု ကြည့်ရှုစစ်ဆေး



**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲများကို အောက်တိုဘာ ၂၉ ရက်မှစတင်၍ အသက် ၆၀ နှင့်အထက်ရှိသော နေအိမ်များသို့ အိမ်တိုင်ရာရောက်စနစ်ဖြင့် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးနေမှုနှင့် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြိုတင်ဆန္ဒမဲ လာရောက်ပေးနေမှု အခြေအနေများကို ယမန်နေ့က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် အောင်မင်္ဂလာရပ်ကွက်ရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကြိုတင်ဆန္ဒမဲ လာရောက်ပေးနေမှု၊ အုံ့ကြီးအရှေ့ရပ်ကွက်နှင့် စက်မြေရပ်ကွက်အတွင်းရှိ အသက် ၆၀ နှင့်အထက် သက်ကြီးဘိုးဘွား မဲဆန္ဒရှင်များအား ကြိုတင်ဆန္ဒမဲများ အိမ်တိုင်ရာရောက် ကောက်ယူနေမှု အခြေအနေများနှင့်ပတ်သက်၍ အဆင်ပြေမှုရှိစေရေး၊ မှန်ကန်မှုရှိစေရေးနှင့် ကြိုတင်ဆန္ဒမဲပုံးလုံခြုံမှုရှိစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးသိန်းက မှာကြားသည်။

အဆိုပါ အသက် ၆၀ နှင့်အထက်ရှိသော သက်ကြီးဘိုးဘွားများအား ကြိုတင်ဆန္ဒမဲများ အိမ်တိုင်ရာရောက် ကောက်ယူမှုကို အောက်တိုဘာ ၂၉ ရက်မှ စတင်၍ နိုဝင်ဘာ ၅ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အောက်တိုဘာ ၂၉ ရက်၌ အသက် ၆၀ နှင့်အထက် သက်ကြီးဘိုးဘွားများ ကြိုတင်ဆန္ဒမဲပေးပြီးသူ စုစုပေါင်း ၄၃၅၀ ရှိကြောင်း၊ ဒလတစ်မြို့နယ်လုံးအနေဖြင့် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်း ၁၄၉၈၄ ဦး အထိရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# စိန်ပန်းသစ္စာ

ရှင်ထွေးလေး



## ဆောင်းပါးရှင် ရှင်ထွေးလေး၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်းမှာ တင်ထွေးထွေးလွင် ဖြစ်သည်။
- အဖ ဦးတင်ငွေ၊ အမိ ဒေါ်မီးမီးတို့မှ ၁၉၈၁ ခုနှစ်၊ မတ်လ ၂၃ ရက် (စနေနေ့) တွင် မွေးဖွားခဲ့သည်။
- ၁၉၉၆ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ အခြေခံပညာကို အ.မ.က (၈)၊ အခြေခံပညာကျောင်း (မြောက်ဥက္ကလာ)တွင် သင်ယူခဲ့သည်။
- ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အလယ်တန်းနှင့် အထက်တန်းကို အ.ထ.က (၅)၊ အထက်တန်းကျောင်း (မြောက်ဥက္ကလာ)တွင် သင်ယူခဲ့ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။
- ဒဂုံတက္ကသိုလ်မှ မြန်မာစာအဓိကဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့နှင့် ၂၀၁၄ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့များရရှိခဲ့သည်။
- ရန်ကုန်တက္ကသိုလ်မှ ၂၀၁၅ ခုနှစ်တွင် မဟာသုတေသနဘွဲ့နှင့် ၂၀၁၇ ခုနှစ်တွင် ဘွဲ့လွန် အသုံးချကွန်ပျူတာဒီပလိုမာဘွဲ့များ ရရှိခဲ့သည်။
- "ဝဇီရဗုဒ္ဓိဦးဖိုးစိန်၏ မြန်မာဘာသာစကားဆိုင်ရာအမြင်များ ဖော်ထုတ်လေ့လာချက်"ဟူသည့် ကျမ်းခေါင်းစဉ်ဖြင့် မြန်မာစာ ပါရဂူကျမ်းပြုစုလျက်ရှိသည်။
- ညိုထွေး၊ ရှင်ထွေးလေး ကလောင်အမည်များဖြင့် စာပေများ ရေးသားလျက်ရှိသည်။
- ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနတွင် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ရန်ကုန်တက္ကသိုလ်မုခ်ဦးမှဝင်၍ အဓိပတိလမ်းကို ခြေချမိသူတိုင်းသည် အစွမ်းကုန် ပွင့်လန်းနေသော ရဲရဲနီနေသည့် စိန်ပန်းပွင့်များကို မြင်ရသည့်အခါ ရဲရင့်တက်ကြွသော စိတ်ခံစားမှု ဖြစ်ပေါ်လာကြပါသည်။ စိန်ပန်းနီများက မြင်ရသူတို့၏ စိတ်နှလုံးကို ရဲရင့် တက်ကြွစေခြင်းဖြစ်ပါသည်။ စိန်ပန်းနီတို့ လွှမ်းခြုံသော ရန်ကုန်တက္ကသိုလ်သည် ခေတ်ကာလအဆက်ဆက်၊ အခက်အခဲအမျိုးမျိုးကို ရဲရဲတောက် ကြံ့ကြံ့ခံရင်ဆိုင်ပြီး မားမားမတ်မတ် ဆက်လက်ရပ်တည်လျက်ရှိရာ မကြာခင် ရောက်ရှိတော့မည့် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နှစ် ၁၀၀ တိတိ ပြည့်မြောက်၍ ရာပြည့်သဘင်ပွဲတော်ကို ဆင်နွှဲရတော့မည် ဖြစ်ပါသည်။



တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အပန်းဖြေထိုင်နားနိုင်ရန် အုတ်ခုံပတ်ဝိုင်းထားသည့် စိန်ပန်းပင်နှင့် ဘွဲ့နှင်းသဘင်ခန်းမကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး-(မြန်မာ့အလင်း)

### ရန်ကုန်တက္ကသိုလ်နယ်မြေ

ရန်ကုန်တက္ကသိုလ်နယ်မြေသည် ကံ့ကော်တို့ မွှေးပျံ့ထုံသင်းရာ ဌာနီဖြစ်၍ ချစ်သူတို့နယ်မြေ၊ ကံ့ကော်မြေ၊ ကံ့ကော်တောဟုလည်း ထင်ရှားအမည်တွင်သည်။ ရန်ကုန်တက္ကသိုလ်ဟု နှုတ်ဖျားမှ ရွတ်ဆိုလိုက်လျှင်လည်း လူတိုင်း၏ တက္ကသိုလ်အတွေးပုံရိပ်ကို ဆွဲဆောင်စိုးမိုးနိုင်သော ထင်ရှားကျော်ကြားသည့် အထိမ်းအမှတ်များမှာ ကံ့ကော်တော၊ ဂျပ်ဆင်ဘုရားကျောင်း၊ ဘွဲ့နှင်းသဘင်နှင့် အထင်ကရ သစ်ပုပ်ပင်ကြီးတို့ပင်ဖြစ်သည်။ ထိုကဲ့သို့ ကံ့ကော်တော၊ ဂျပ်ဆင်ဘုရားကျောင်း၊ ဘွဲ့နှင်းသဘင်နှင့် အထင်ကရ သစ်ပုပ်ပင်ကြီးတို့လောက် ထင်ရှားကျော်ကြားခြင်း မရှိသော်လည်း ရန်ကုန်တက္ကသိုလ်ကို အလှဆင်နေသော အလှတရားတစ်ရပ်မှာ စိန်ပန်းပင်များပင် ဖြစ်ပါသည်။

စိန်ပန်းပင်များသည် ရန်ကုန်တက္ကသိုလ်၏ အဓိပတိလမ်းမ၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ပေါက်ရောက်နေကြသည်။ စိန်ပန်းပင်များသည် အရွယ်အနိမ့်အမြင့် မညီညာကြသော်လည်း သူ့ရာသီအချိန်အခါရောက်လျှင် ပင်ပျို ပင်အိုမကျန် အပင်အားလုံးသည် ရဲရဲနီသော ပွင့်ချပ်များဖြင့် အဓိပတိလမ်းတစ်လျှောက် ရဲရဲနီ ဆွေးနေအောင် အစွမ်းကုန် အလှဆင်ထားကြစမြဲသာ ဖြစ်သည်။ ပင်လုံးကျွတ် ထိန်ထိန်နီရဲနေအောင် ပွင့်ရုံသာမက အဓိပတိလမ်းတစ်လျှောက်လုံးလည်း ရဲရဲနီဆွေးအောင် ခင်းပေးထားကြရာ ပတ္တမြားပန်းခင်းကြီးနှင့်ပင် တူချေသေးသည်။ ထို့ပြင် ပွင့်ချပ်ပွင့်လွှာဖတ်တွေက တစ်ခါတစ်ခါတွင် လေအတိုးမှာ ဝေ့ဝဲကာ နွဲ့ယိမ်း ကြွေကျလာတတ်ကြသေး၍ ကြည်နူးစရာကောင်းလှသော မြင်ကွင်းဖြစ်ပါသည်။

### စိန်ပန်းပင်နှင့် တက္ကသိုလ်

စိန်ပန်းပင်များသည် ရန်ကုန်တက္ကသိုလ်၏ အရိပ်အောက်ဝယ် မွှေးရနံ့ထုံသင်းသော ကံ့ကော်ပန်းပင်များလောက် လူတို့နှုတ်ဖျားတွင် တသသမရှိသော်လည်း ကျောင်းတော်ကို အလှဆင်ရာ၌ အစွမ်းကုန် တာဝန်ကျေသည်သာဖြစ်၍ ရန်ကုန်တက္ကသိုလ်နှင့် စိန်ပန်းသည်လည်း ခွဲခြား၍ မရနိုင်ပါ။ ထို့ကြောင့်လည်း ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သော တေးသံသာတို့တွင် စိန်ပန်းတို့အလှကို စာပေအက္ခရာထက် သီကျူးဖော်ဆိုခဲ့ကြသည်။ ခေတ်အဆက်ဆက် စိန်ပန်းအကြောင်း သီကုံးဖွဲ့ဆိုထားသည့် ကဗျာစာပေများသာမက တေးသီချင်းသံများသည် ယနေ့ထက်တိုင် ရှင်သန် နိုးကြားနေကြဆဲဖြစ်သည်။ ကျောင်းဖွင့်ချိန်ရောက်သော်လည်း အကြောင်းကြောင်းကြောင့် ကျောင်းသို့မရောက်နိုင်ကြသည့်အခါ မည်သူမဆို "ကျောင်းဖွင့်ချိန် စိန်ပန်းတွေလည်း မြေမှာကျဲပြန့်နေ...ကံ့ကော်ပန်းတွေနဲ့ အတူ သူနဲ့တွေ့ရာမြေ... တက္ကသိုလ် သို့မဟုတ် မြကျွန်းသာ အင်းလျားကန် ရေမြေ" ဆိုသော တွံတေးသိန်းတန်သီချင်းနှင့် "ဒီအချိန် ကျောင်းတော်ကြီးရဲ့အလယ်မှာ စိန်ပန်းတွေလည်း ပွင့်နေပြီကွာ ... အချိန်စက်ဝိုင်းများက ကုစားမစွမ်းနိုင်ပါ ... အလွမ်းရယ် မပြေဘူး ကျောင်းသားဘဝ..."ဟူသည့် တေးသီချင်းများကို ဆိုညည်း တတ်ကြပါသည်။ ကျောင်းကို လွမ်းဆွတ်တမ်းတမိတတ်ကြပါသည်။ အခါအခွင့်တိုက်ဆိုင်၍ ကံ့ကော်ကို မြင်လျှင် မြကျွန်းညိုညိုကျောင်းတော်ကို သတိရတမ်းတ မိတတ်သကဲ့သို့ စိန်ပန်းကို မြင်ပါကလည်း မြကျွန်းညိုညိုကျောင်းတော်ကို လွမ်းဆွတ်တမ်းတကြသည်သာ ဖြစ်သည်။




စိန်ပန်းပင်အရိပ်များအောက်က ရန်ကုန်တက္ကသိုလ်ဆိုင်းဘုတ်။ ဓာတ်ပုံ-တင်စိုး-(မြန်မာ့အလင်း)

### ကံ့ကော်နှင့် စိန်ပန်းတို့၏ အလှတရား

မြကျွန်းညိုတွင် ကံ့ကော်တွေ ပွင့်လန်းချိန်ရောက်ပြီဆိုလျှင် မွှေးပျံ့ကြိုင်သင်းသလို စိန်ပန်းတွေ ပွင့်လန်းဝေဆာချိန်တွင်လည်း ပတ်ဝန်းကျင်တစ်ခုလုံးကို ပတ္တမြား သွေးနီနီစွေးကာ လောကအလှဆင်သည်သာ။ ကံ့ကော်လည်း ကံ့ကော်မွှေးရနံ့ ကံ့ကော်အလှနှင့်ရှိသလို စိန်ပန်းလည်း စိန်ပန်းအလှနှင့်သာပင်။

စာမျက်နှာ ၇ သို့

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး





ရန်ကုန်တက္ကသိုလ်၏ အေးမြမှုအရိပ်အာဝါသကိုပေးစွမ်းနိုင်သော အဓိပတိလမ်းမဘေးနှစ်ဖက်တွင် ရှင်သန်နေသည့် စိန်ပန်းပင်များ။ ဓာတ်ပုံ-တင်စိုး-(မြန်မာ့အလင်း)

**“အမိရန်ကုန်တက္ကသိုလ်၏ ပညာရိပ်ဝယ် ခိုလှုံလာကြသည့် ကျောင်းသား မောင်မယ်များကိုလည်းဘဝခရီးကို လျှောက်လှမ်းကြသည့်အခါတွင် ကံ့ကော်ကဲ့သို့ မွှေးပျံ့သင်းထုံစေချင်ပါသည်။ အထူးသဖြင့် စိန်ပန်းကဲ့သို့ ရာသီသဘာဝကို ကြံ့ကြံ့ခံရင်ဆိုင်သကဲ့သို့ လောကဓံကိုကြံ့ကြံ့ခံပြီး လောကအလှဆင်စေချင်ပါသည်။ ကံ့ကော်တို့ကဲ့သို့ မွှေးရနံ့ကြောင့် လူတို့သတိပြုမိပြီး ချီးကျူးမြှောက်စားခံရသည့်အခါတွင် လောကဓံကို မမေ့မလျော့ သတိချပ်စေလိုပါသည်။ စိန်ပန်းကဲ့သို့ အမြတ်တနိုး ချီးမြှောက်ခြင်းမခံရသည့်အခါတွင်လည်း အလုပ်မပျက် အပြုံးမပျက် ရင်ဆိုင်ကြစေလို”**

*စာမျက်နှာ ၆ မှ*

မည်သူက ပိုလှ ပိုသာပါသည်ဟု ကျွန်မတော့ မဆိုဝံ့ပါ။ ကံ့ကော်နှင့် စိန်ပန်းတွေသာ အသက်ရှိ၍ စကားများ ပြောတတ်ကြမည်ဆိုလျှင် အလှချင်းယှဉ် အပြိုင်ကြဲကြလေမည်လားကိုတော့ မဆိုတတ်ပါ။ စင်စစ်တွင် ကျွန်မတို့ကသာ ကံ့ကော်နှင့် စိန်ပန်းတို့၏ မတူညီသည့် အလှတရားကို ခိုင်းနှိုင်းအတွေးနယ်ချဲ့နေမိ တတ်ကြခြင်းလည်း ဖြစ်နိုင်ပါသည်။

စိန်ပန်းသည် ကံ့ကော်ကဲ့သို့ မွှေးရနံ့ကြိုင်လှိုင်သင်းပျံ့ခြင်းမရှိ၊ လူတို့က ဆံကေသာထက် အမြတ်တနိုး ဂုဏ်ယူပန်ဆင်ခြင်း မခံရသော်လည်း သူ့ရာသီချိန်ခါရောက်လျှင် သစ္စာရှိစွာ ပွင့်လန်းမြဲ ဖြစ်သည်။ လောကပတ်ဝန်းကျင်ကို နှိမ့်ချစွာ အလှဆင်ရန် ကြိုးပမ်းမြဲဖြစ်သည်။ လောက ပတ်ဝန်းကျင်တွင်လည်း အချို့သောလူများသည် စိန်ပန်းနှင့် တူသည်ဟု ကျွန်မ တွေးတောမိပါသည်။ လောကအတွက် မွှေးရနံ့ကို သူတို့ မပေးနိုင်ကြသော်လည်း သူ့နည်း သူ့ဟန်တော့ အလှဆင်ပေးတတ်ကြသည် မဟုတ်ပါလား။ ထိုသို့ အလှဆင်သည့်အတွက်လည်း မည်သည့်အခွင့်အရေးကိုမျှ သူတို့တောင့်တကြသနည်း။ တောင့်တကြဟန် မတူပါချေ။

စိန်ပန်းပင်များသည် နွေဦးရာသီအစမှ မိုးဖြိုင်ဖြိုင်ရွာသည့် မိုးလရာသီအထိ ဝေဝေဆာဆာပွင့်သည့်အခါတွင် တက္ကသိုလ်နယ်မြေတစ်ခုလုံး ပန်းချီကားချပ်ကြီးနှင့်ပင် တူနေပေသေးသည်။ မိုးထဲလေထဲတွင် မည်သည့်ပန်းများ ပွင့်ကြသည်ဖြစ်စေ၊ မပွင့်ကြတော့သည်ဖြစ်စေ စိန်ပန်းများကတော့ ဝေဆာမြဲ၊ ဝေဆာဆဲ၊ ပွင့်လန်းမြဲ၊ ပွင့်လန်းကြသည်သာဖြစ်သည်။ လောကသဘာဝအရလည်း ကျွန်မ တို့ပတ်ဝန်းကျင်တွင် စိန်ပန်းလိုလူများရှိတတ်ကြပေသည်။ လောကအတွက် မိမိတို့၏ အကျိုးပြုမှုကို မည်သူက အသိအမှတ် ပြုကြသည်ဖြစ်စေ၊ အသိအမှတ် မပြုကြသည်ဖြစ်စေ မိမိတို့အလုပ် မိမိတို့ ဆက်လုပ်ကြသည်သာဖြစ်သည်။

အိမ်တစ်အိမ်တွင် မောင်ငယ်၊ နှမငယ်များအတွက် သားကြီးသမီးကြီးများသည် စိန်ပန်းနှင့်တူသည်ဟု ကျွန်မဆိုချင်လှသည်။ မိခင်၊ ဖခင်တို့သည်လည်း သားသမီးတို့အတွက် စိန်ပန်းနှင့်တူသည်သာ ဖြစ်ချေသည်။ ရောင်စုံပန်းဥယျာဉ်ထဲ၌ ကံ့ကော်နှင့်တူသော မောင်ငယ်၊ နှမငယ်၊ သားငယ်၊ သမီးငယ်တို့ လှသွေးကြွယ် မွှေးပျံ့မလာခင်ဝယ် စိန်ပန်းတို့ကဲ့သို့ လောကအလှဆင်ပေးကြသည် မဟုတ်ပါလား။ စိန်ပန်းကို ကံ့ကော်ကဲ့သို့ မမွှေးပျံ့ရကောင်းလားဟု အပြစ်ဆိုပေက စိန်ပန်း ၏သစ္စာ၊ မေတ္တာကို စော်ကားခြင်းသာ မည်ပေသည်။ ကျွန်မတို့သည် အဘယ်ကြောင့်များ မတူညီသည့် အလှတရားများကို နှိုင်းယှဉ်ခိုင်းနှိုင်းနေဖို့ လိုမည်နည်း။ ကံ့ကော်လည်း ကံ့ကော်အလှနှင့်၊ စိန်ပန်းလည်း စိန်ပန်းအလှနှင့် ရှိကြသည်ကို သတိပြု ဆင်ခြင်သင့်ချေသည်။ အရှိတရားကို လက်ခံခြင်းသည်ပင် လောကအလှတရားတစ်ပါးဟု မြင်မိချေသည်။

**စိန်ပန်းကဲ့သို့ ကျင့်ကြံ**


စင်စစ်အားဖြင့် သူတစ်ပါး အသိအမှတ်ပြုမှုအတွက် လောကအကျိုးသယ်ဆောင်လိုခြင်းသည် လွန်စွာအင်မတန် သိမ်နုပ်ညံ့ဖျင်းလှချေသည်။ လူ့လောကပတ်ဝန်းကျင်တွင် လူအများနှင့် ပေါင်းသင်းဆက်ဆံသည့်အခါ စိန်ပန်းကဲ့သို့ ကျင့်ကြံရန်၊ အားထုတ်တတ်ရန် လိုအပ်ပေသည်။ ရာသီချိန်ခါရောက်လျှင် မပျက်မကွက် ပွင့်လန်းမြဲဖြစ်သည့် စိန်ပန်း၏သစ္စာကဲ့သို့ ခိုင်မာမြဲမြံရန် လိုအပ်ပေသည်။ အကျိုးအမြတ်တွက်၍ အလုပ်လုပ်ဆောင်ခြင်းသည် စိန်ပန်း၏ သစ္စာနှင့် သွေဖည်လှပါသည်။ စဉ်းစား တွေးခေါ်မှု မပြုနိုင်သော စိန်ပန်းတို့သည်ပင် အကျိုးတစ်စုံတစ်ရာ မမျှော်လင့်ဘဲ မပျက်မကွက် လောကအလှဆင်နိုင်ကြပါလျှင် စဉ်းစားတွေးခေါ်မှုပြုနိုင်သော သက်ရှိ လူသားတို့သည်လည်း စိန်ပန်းတို့ ထက်ပို၍ လောကအကျိုးပြုကြရန် သင့်ပေသည်ဟု တွေးထင်မိသည်။


မိဘတို့က သားသမီးတို့အတွက် စွန့်လွှတ်အနစ်နာခံသည့်အခါတိုင်း မည်သည့်အကျိုးကို ပြန်လည်မျှော်လင့်သည်ဟူ၍ ကြားဖူးကြပါသနည်း။ အစ်ကိုကြီး၊ အစ်မကြီးတို့က မောင်ငယ်၊ နှမငယ်တို့အတွက် ငဲ့ညှာအနစ်နာခံပေးသည့်အခါတိုင်း ပြန်လည်အသိအမှတ်ပြုမှုကို မျှော်လင့်သည်ဟူ၍ ကြားဖူးကြပါသနည်း။

ဆရာသမားတို့က တပည့်သားမြေးများအတွက် လမ်းသစ်ဖောက်ပေးသည့် အခါများတွင်လည်း တပည့်တို့ထံမှ အကျိုးတစ်စုံတစ်ရာ မျှော်လင့်သည်ဟူ၍ မရှိတတ်ကြပါ။ ရှေးလူကြီးမိဘများသည်လည်း နောင်လာနောက်သားတို့အတွက် တစ်စုံတစ်ရာဆောင်ရွက်ခဲ့ကြ ရာတွင် မိမိတို့အကျိုးအတွက် မျှော်ကိုးလုပ်ဆောင်ခဲ့ကြသည်ဟူ၍ မရှိခဲ့ကြပါ။ စိန်ပန်းတို့ကဲ့သို့ပင် မိမိတို့ကို မွှေးကြူပါစေ၊ ပန်ဆင်ပါစေဟူ၍ မျှော်လင့် ပွင့်လန်းကြခြင်း ဟုတ်ဟန်မတူပါ။ ဤလောကတွင် စိန်ပန်းကဲ့သို့ လောကအလှဆင်သည့် ပုဂ္ဂိုလ်များ ပေါ်များစွာ ပေါ်ပေါက်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

အမိရန်ကုန်တက္ကသိုလ်၌လည်း စိန်ပန်းပွင့်များကဲ့သို့ ရဲရဲနီသော သစ္စာတရားပန်ဆင်သည့် ပုဂ္ဂိုလ်များ ပေါ်ပေါက်ခဲ့ပါသည်။

*စာမျက်နှာ ၈ သို့*





ရန်ကုန်တက္ကသိုလ် အတွင်းရှိ နှစ်ရှည် ကံ့ကော်ပင်တန်းနှင့် ခုံတန်းလေး။ ဓာတ်ပုံ-တင်စိုး-(မြန်မာ့အလင်း)

# သည်းခံရမယ်၊ တောင့်ခံရမယ်



ပြည်သူတွေစိတ်ထဲက နည်းနည်းစိတ်ပင်ပန်းလား မသိဘူး။ ဒါပေမယ့် သည်းခံရမယ်၊ တောင့်ခံရမယ်။ တောင့်ခံရမယ်ဆိုတာ တစ်ကမ္ဘာလုံးမှာ ဒီလိုဖြစ်နေတာ။ တချို့နိုင်ငံတွေမှာဆိုရင် တတိယလှိုင်းလို့တောင် ခေါ်ရလောက်အောင် တော်တော်များများ၊ ကျယ်ကျယ်ပြန့်ပြန့် ရောဂါပိုးတွေ တွေ့နေတာတွေ ရှိပါတယ်။ ဒီနိုင်ငံအခြေအနေက အဆိုးဆုံးထဲမှာ မဟုတ်ပါဘူး။ ဒါပေမယ့် အကောင်းဆုံးထဲမှာလည်း မဟုတ်ဘူး။ ၈ လပိုင်းမတိုင်ခင်တုန်းက အခြေအနေအကောင်းဆုံး နိုင်ငံတွေထဲမှာလို့ ပြောလို့ရတယ်။ အခုအချိန်မှာတော့ ပြောလို့မရဘူး။ ဒါပေမယ့်လည်း အခုစပြီး ထိန်းနိုင်ပြီဆိုရင်တောင် အများကြီးတိုးတက်မှုလို့ ပြောလို့ရပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၃-၁၀-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

*စာမျက်နှာ ၇ မှ*

မြန်မာ့ဒီမိုကရေစီသမိုင်းအစဟု ဆိုနိုင်သော မြန်မာ့ပညာရေးသမိုင်း ပြုပြင်ပြောင်းလဲမှု အစသည်ပင်မည်သည့်အကျိုးအမြတ် တစ်စုံတစ်ရာကိုမှ မမျှော်ကိုးသော ကျောင်းသားတို့၏ အားထုတ်ကြိုးပမ်းခဲ့မှုတို့ကြောင့် ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်ပေသည်။ မိမိတို့ ဘွဲ့ရပြီးနောက်တွင် ပိုင်ဆိုင်ကြရတော့မည့် မြို့အုပ်၊ အရေးပိုင်ရာထူး ဂုဏ်ဒြပ်များကို စွန့်လွှတ်၊ ယုတ်စွအဆုံး မိဘဆွေမျိုးတို့ထံမှ အမွေဆက်ခံခွင့်တို့ကိုပင် စွန့်လွှတ်ခဲ့ကြသော ကျောင်းသားထုသည် မြန်မာ့ပညာရေးသမိုင်းတွင် အက်ဥပဒေကိုပြင်ဆင်ရန်အတွက် ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့ကြပါသည်။ ထိုသို့ ခေတ်အဆက်ဆက် ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့ကြသော၊ တိုက်ပွဲဝင်ခဲ့ကြသော ကျောင်းသားထု၏ သွေးသစ္စာကို ကိုယ်စားပြု၍လည်း စိန်ပန်းနီတို့က ရဲရဲတောက်သင်္ကေတပြု ပွင့်လန်းနေကြသည့်အလား ထင်မှတ်ရပါသည်။

**လောကအလှဆင် အကျိုးပြုလျက်**

စိန်ပန်း၏ သဘောသဘာဝသည် တည်တံ့ခိုင်မြဲသည်။ စိန်ပန်းပွင့်များသည် လေနတ်မင်းက ဝှေ့ဝဲ ကျီစယ်လိုက်၊ မိုးနတ်မင်းက ထစ်ချုန်းရွာသွန်းလိုက်သည်နှင့် မြေမှာ ကြွေပြန့်ရသည်။ သို့ရာတွင် စိန်ပန်းတို့သည် ပင်ပျိုပင်အိုတို့ထက်တွင် ပွင့်လန်းနေသည့်အခါတွင်လည်း အစွမ်းကုန် ပွင့်လန်း၍ ဩကာသဝန်းကျင်ကို အလှဆင်ပေးသကဲ့သို့ မြေမှာ ကြွေပြန့်ရသည့်အခါတွင်လည်း တစ်မျိုးတစ်ဖုံ အလှဆင်ပေးနေသည်သာဖြစ်သည်။ ရန့်ကင်း၍ ကောက်ယူမွေးကြူမည့်သူ၊ ပန်ဆင်မည့်သူမရှိသော်လည်း ပွင့်မြဲပွင့် ကြွေမြဲကြွေ၍ အလှဆင်ပေးတတ်ပါသည်။ ထို့ပြင် စိန်ပန်းပွင့်များက အလှအပသက်သက် ပွင့်ရုံသာမကဘဲ အသုံးပြုတတ်မည်ဆိုပါက ကျန်းမာရေးအတွက်ပင် အကျိုးပြုတတ်သည်ကို လူသိနည်းလှပါသည်။ သို့ရာတွင် လူသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ စိန်ပန်းများက မိမိတို့အစွမ်းရှိသမျှ လောကအလှဆင် အကျိုးပြုလျက်ပင် ဖြစ်သည်။

စိန်ပန်းလိုကျင့်၊ စိန်ပန်းလိုကြံကြပါ ဟူသည်မှာ အပြောလွယ်သလောက် အလုပ်ခက်ပေသည်။ လူတစ်ဦးနှင့် တစ်ဦး အပြန်အလှန်အကျိုးမျှော်ကိုးခြင်းမရှိ သစ္စာ၊ မေတ္တာထားနိုင်ကြလျှင် အလွန်ပင်ကြည်နူးချမ်းမြေ့စရာကောင်းလှပေမည်။ သို့သော် ထိုအရာသည် အပြောလွယ်သလောက် အလုပ်ခက်လှပေသည်။ ထိုသို့ တစ်ဦးနှင့်တစ်ဦး အတုံ့အလှည့် အကျိုးမျှော်ကိုးခြင်းမရှိသည့် သဘောသည် စိန်ပန်းက ဆံကေသာထက်ပန်ဆင်ခြင်း မခံရသော်လည်း ပွင့်လန်းဝေဆာမြဲသဘောနှင့် တူချေပေလိမ့်မည်။

လူတို့၏မနေသာမှာ မိမိတို့၏ လုပ်ဆောင်ချက်များအတွက် အသိအမှတ်ပြုခံချင်တတ်သည့် သဘောသဘာဝရှိတတ်ကြသည်မှာ မှန်သော်လည်း လောကတွင် ပန်းတစ်မျိုးနှင့် တစ်မျိုးပင် ပွင့်လန်းဝေဆာသည့် သဘောသဘာဝချင်းမတူကြပါ။ ကံ့ကော်တွေက တပို့တွဲမှ တန်ခူးလထိ ပွင့်လန်းပြီး ရနံ့မွှေးကြိုင်သည်။ စိန်ပန်းတွေက နွေဦးအစမှ မိုးလရာသီအထိ ကာလရှည်ကြာ ပွင့်လန်းသော်လည်း ရနံ့မရှိ။ မိမိ၏ အရောင်အသွေးဖြင့်သာ ဝန်းကျင်လောက၏ အလှတန်ဆာဆင်ရသည်။ စိန်ပန်းကို ကံ့ကော်ကဲ့သို့ ရနံ့မသင်းထုံရကောင်းလားဟု အပြစ်မဆိုသာ။ စိန်ပန်းပွင့်တို့က ကောက်ယူပန်ဆင်ခြင်း မခံရသောကြောင့် မပွင့်လန်းတော့ပါဟူ၍မရှိပါ။ စိန်ပန်းကဲ့သို့ စိတ်သဘောမျိုး ထားတတ်ကြရန် လိုအပ်လှပေသည်။

အမိရန်ကုန်တက္ကသိုလ်၏ ပညာရိပ်ဝယ် ခိုလှုံလာကြသည့် ကျောင်းသားမောင်မယ်များကိုလည်း ဘဝခရီးကို လျှောက်လှမ်းကြသည့်အခါတွင် ကံ့ကော်ကဲ့သို့ မွှေးပျံ့သင်းထုံစေချင်ပါသည်။ အထူးသဖြင့် စိန်ပန်းကဲ့သို့ ရာသီသဘာဝကို ကြံ့ကြံ့ခံရင်ဆိုင်သကဲ့သို့ လောကဓံကို ကြံ့ကြံ့ခံပြီး လောကအလှဆင်စေချင်ပါသည်။ ကံ့ကော်တို့ကဲ့သို့ မွှေးရနံ့ကြောင့် လူတို့သတိပြုမိပြီး ချီးကျူးမြှောက်စားခံရသည့်အခါတွင် လောကဓံကို မမေ့မလျော့ သတိချပ်စေလိုပါသည်။ စိန်ပန်းကဲ့သို့ အမြတ်တနိုးချီးမြှောက်ခြင်း မခံရသည့်အခါတွင်လည်း အလုပ်မပျက် အပြုံးမပျက် ရင်ဆိုင်ကြစေလိုပါသည်။ စိန်ပန်း၏ ရဲရဲနီသော သစ္စာတရားကို မမေ့မလျော့ နှလုံးသွင်းစေလိုပါသည်။

အမှန်စင်စစ်တွင် စိန်ပန်းပင်များပွင့်ချိန်ဝယ် မွှေးပျံ့ဝေဆာလာသည့် ကံ့ကော်ပန်းများနှင့် အလှဆင်ထားသော ရန်ကုန်တက္ကသိုလ်သည် ရှုမငြီးသည့် သက်ရှိပန်းချီကားချပ်ကြီးသဖွယ်သာ ဖြစ်သည်။ စိန်ပန်းတို့နှင့် ကံ့ကော်ပင်တို့ရှိရာ အဓိပတိလမ်းမထက်တွင် လျှောက်လှမ်းကြရမည့် ကျောင်းသားတို့၏ မြကျွန်းညိုဘဝအိပ်မက်များရှင်သန်ရာ အမိရန်ကုန်တက္ကသိုလ်၏ ကြည်နူးချမ်းမြေ့ဖွယ်ကကွက်များသည် ရန်ကုန်တက္ကသိုလ်ရှုမျှော်ခင်းတွင် ဆက်လက်ကခုန်နေကြမည်ကို ရှုမျှော်အားပေးရပေဦးမည်။ မွှေးရနံ့သင်းပျံ့သောကံ့ကော်ကဲ့သို့ မျိုးဆက်သစ်များ မွေးထုတ်ပေးနေသကဲ့သို့ စိန်ပန်းကဲ့သို့ ကျရာနေရာတွင် လောကအလှဆင်မည့် သားကောင်းမောင်မယ်များကို ဆက်လက်မွေးထုတ်ပေးမည့် အမိရန်ကုန်တက္ကသိုလ်၏ ရာပြည့်သဘင်ကို စောင့်မျှော်အားပေး ကြိုဆိုဂုဏ်ပြုလိုက်ပါသည်။ ။

**၃၁-၁၀-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ**

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၃၂၁၃၆၃ | ၆၀၂၅၉၁၄ | ၂၃၅၂၁၃ |
| ၂။ | အိန္ဒိယ | ၈၁၄၃၂၀၁ | ၇၄၃၈၃၁၇ | ၁၂၁၇၂၆ |
| ၃။ | ဘရာဇီး | ၅၅၁၉၅၂၈ | ၄၉၆၆၂၆၄ | ၁၅၉၅၆၂ |
| ၄။ | ရုရှား | ၁၆၁၈၁၁၆ | ၁၂၁၅၄၁၄ | ၂၇၉၉၀ |
| ၅။ | ပြင်သစ် | ၁၃၃၁၉၈၄ | ၁၁၆၅၃၃ | ၃၆၅၆၅ |
| ၆။ | စပိန် | ၁၂၆၄၅၁၇ | စိစစ်ဆဲ | ၃၅၈၇၈ |
| ၇။ | အာဂျင်တီးနား | ၁၁၅၇၁၇၉ | ၉၆၁၁၀၁ | ၃၀၇၉၂ |
| ၈။ | ကိုလံဘီယာ | ၁၀၆၃၁၅၁ | ၉၅၉၄၃၃ | ၃၁၁၃၅ |
| ၉။ | ဗြိတိန် | ၉၈၉၇၄၅ | စိစစ်ဆဲ | ၄၆၂၂၉ |
| ၁၀။ | မက္ကဆီကို | ၉၁၈၈၁၁ | ၆၇၃၄၅၇ | ၉၁၂၈၉ |

**အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်**

၃၁-၁၀-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၀၀၈၈ | ၃၃၇၈၀၁ | ၁၃၈၆၉ |
| ဖိလစ်ပိုင် | ၃၈၀၇၂၉ | ၃၃၁၀၄၆ | ၇၂၂၁ |
| စင်ကာပူ | ၅၈၀၁၅ | ၅၇၉၀၉ | ၂၈ |
| မြန်မာ | ၅၂၇၀၆ | ၃၂၇၇၄ | ၁၂၃၇ |
| မလေးရှား | ၃၁၅၄၈ | ၂၁၂၄၈ | ၂၄၉ |
| ထိုင်း | ၃၇၈၀ | ၃၅၉၀ | ၅၉ |
| ဗီယက်နမ် | ၁၁၈၀ | ၁၀၆၂ | ၃၅ |
| ကမ္ဘောဒီးယား | ၂၉၁ | ၂၈၃ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၃ | ၃ |
| လာအို | ၂၄ | ၂၂ | ၀ |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၁-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၅:၃၀)နာရီ

၁။ (၃၀-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၀၉၃) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၁၁၄ |
| | | သဃ်န်းကျွန်း | ၁၀၉ |
| | | ကြည့်မြင်တိုင် | ၆၄ |
| | | အင်းစိန် | ၆၂ |
| | | ရွှေပြည်သာ | ၄၈ |
| | | တောင်ဥက္ကလာပ | ၃၆ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၄၁ |
| | | သန်လျင် | ၃၄ |
| | | လှိုင်သာယာ | ၃၃ |
| | | မြောက်ဥက္ကလာပ | ၂၆ |
| | | လှိုင် | ၂၆ |
| | | တာမွေ | ၂၁ |
| | | သာကေတ | ၂၀ |
| | | တွံတေး | ၁၉ |
| | | ကမာရွတ် | ၁၉ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၈ |
| | | ဒလ | ၁၇ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၇ |
| | | မရမ်းကုန်း | ၁၇ |
| | | လသာ | ၁၇ |
| | | ဒေါပုံ | ၁၆ |
| | | ဗိုလ်တထောင် | ၁၄ |
| | | ဗဟန်း | ၁၄ |
| | | လှည်းကူး | ၁၁ |
| | | အလုံ | ၁၁ |
| | | မှော်ဘီ | ၈ |
| | | ကျောက်တန်း | ၈ |
| | | မင်္ဂလာတောင်ညွန့် | ၇ |
| | | စမ်းချောင်း | ၅ |
| | | ဒဂုံဆိပ်ကမ်း | ၅ |
| | | ရန်ကင်း | ၄ |
| | | ကော့မှူး | ၄ |
| | | ထန်းတပင် | ၃ |
| | | ပန်းဘဲတန်း | ၃ |
| | | လမ်းမတော် | ၃ |
| | | သုံးခွ | ၃ |
| | | ပုဇွန်တောင် | ၁ |
| | | ခရမ်း | ၁ |
| | | ဒဂုံ | ၁ |
| | | စုစုပေါင်း | ၈၈၀ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၂၃ |
| | | ပြည်ကြီးတံခွန် | ၈ |
| | | အောင်မြေသာဇံ | ၄ |
| | | ချမ်းအေးသာစံ | ၂ |
| | | ချမ်းမြသာစည် | ၂ |
| | | မိတ္ထီလာ | ၁ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | မလှိုင် | ၁ |
| | | မိုးကုတ် | ၁ |
| | | မြင်းခြံ | ၁ |
| | | စုစုပေါင်း | ၄၄ |
| ၃။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ | ၄ |
| | | ပေါက်တော | ၄ |
| | | မြောက်ဦး | ၃ |
| | | ဘူးသီးတောင် | ၃ |
| | | မောင်တော | ၃ |
| | | စစ်တွေ | ၁ |
| | | အမ်း | ၁ |
| | | စုစုပေါင်း | ၁၉ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ညောင်လေးပင် | ၉ |
| | | ပဲခူး | ၈ |
| | | သဲကုန်း | ၇ |
| | | ဒိုက်ဦး | ၅ |
| | | ဝေါ | ၃ |
| | | နတ်တလင်း | ၂ |
| | | မင်းလှ | ၂ |
| | | ဖြူး | ၂ |
| | | ပြည် | ၁ |
| | | တောင်ငူ | ၁ |
| | | လက်ပံတန်း | ၁ |
| | | ကျောက်တံခါး | ၁ |
| | | အုတ်ဖို | ၁ |
| | | အုတ်တွင်း | ၁ |
| | | ပေါက်ခေါင်း | ၁ |
| | | စုစုပေါင်း | ၄၅ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | မော်လမြိုင်ကျွန်း | ၈ |
| | | ပုသိမ် | ၆ |
| | | ကျိုက်လတ် | ၅ |
| | | ဘိုကလေး | ၅ |
| | | ရေကြည် | ၅ |
| | | ကန်ကြီးထောင့် | ၄ |
| | | ဒေးဒရဲ | ၄ |
| | | မအူပင် | ၃ |
| | | မြောင်းမြ | ၂ |
| | | ဝါးခယ်မ | ၁ |
| | | ညောင်တုန်း | ၁ |
| | | စုစုပေါင်း | ၄၄ |
| ၆။ | မွန်ပြည်နယ် | သထုံ | ၂ |
| | | သံဖြူဇရပ် | ၁ |
| | | မုဒုံ | ၁ |
| | | ကျိုက်ထို | ၁ |
| | | စုစုပေါင်း | ၅ |
| ၇။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၈ |
| | | ရေနံချောင်း | ၅ |
| | | ပခုက္ကူ | ၃ |
| | | ဂန့်ဂေါ | ၂ |
| | | တောင်တွင်းကြီး | ၁ |
| | | မင်းဘူး | ၁ |
| | | ရေစကြို | ၁ |
| | | သရက် | ၁ |
| | | စုစုပေါင်း | ၂၂ |
| ၈။ | နေပြည်တော် | ပုဗ္ဗသီရိ | ၁ |
| | | ဇမ္ဗူသီရိ | ၁ |
| | | စုစုပေါင်း | ၂ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၅ |
| | | ပုလဲ | ၃ |
| | | ရေဦး | ၂ |
| | | ဒီပဲယင်း | ၁ |
| | | မုံရွာ | ၁ |
| | | အင်းတော် | ၁ |
| | | စုစုပေါင်း | ၁၃ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၅ |
| | | ကော့သောင်း | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၁။ | ကချင်ပြည်နယ် | ဖားကန့် | ၈ |
| | | စုစုပေါင်း | ၈ |
| ၁၂။ | ရှမ်းပြည်နယ် | ကလော | ၁ |
| | | လွိုင်လင် | ၁ |
| | | မိုင်းဆတ် | ၁ |
| | | ရွာငံ | ၁ |
| | | တောင်ကြီး | ၁ |
| | | စုစုပေါင်း | ၅ |
| (၃၀-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၁,၀၉၃) ဦး |

မှတ်ချက်။ (၃၀-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၀၉၃) ဦး တွင် အနံ့မရရှိသူ (၁၆၈) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

❐ *ကျော်ဖုံးမှ*

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့ မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၃၁-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၂,၁၇၀) ဦး | (၆၈၈,၁၅၉) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၂၁၀) ဦး | (၅၂,၇၀၆) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၄၄၄) ဦး | (၃၂,၇၇၄) ဦး |
| သေဆုံးလူနာ | (၁၈) ဦး | (၁,၂၃၇) ဦး |

- ယနေ့ သေဆုံးသူ (၁၈) ဦးအနက် ရောဂါအခံရှိသူ (၁၃) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၄၄၄) ဦးတွင် –
  - o ပြည်သူ့ဆေးရုံများ – (၂၉၁) ဦး
  - o COVID-19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) – (၁,၁၅၃) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၅၄၄) ဦးတွင် –
  - o Hotel Quarantine – (၂၂၆) ဦး
  - o Facility Quarantine – (၁၂) ဦး
  - o Community Based Facility Quarantine – (၁,၂၃၂) ဦး
  - o Anosmia Center – (၇၄) ဦး ပါဝင်ပြီး

  ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက် ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## မြို့သစ်မြို့နယ်၌ ကာကွယ်ဆေးလာရောက်ထိုးနှံသော ကလေးငယ်များကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရန် မျက်နှာအကာများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၃၁**

ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ကာကွယ်ဆေး လာရောက်ထိုးနှံကြသော ကလေးငယ်များ ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရန်လည်းလိုအပ်လျက်ရှိရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဒိန်းမတ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မျိုးဆက်ပွားကျန်းမာရေး၊ မိခင်၊ မွေးကင်းစနှင့် ငါးနှစ်အောက်ကလေးကျန်းမာရေးစီမံချက်၏ အစီအစဉ်ဖြင့် ကာကွယ်ဆေး လာရောက်ထိုးနှံကြသော ကလေးငယ်များ ကိုဗစ်-၁၉ ရောဂါကာကွယ်ရာတွင် အသုံးပြုနိုင်ရန်အတွက် မျက်နှာအကာ ၂၅၀၀ ကို ပြုလုပ်ခဲ့ပြီး အောက်တိုဘာ ၂၇ ရက်က မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၌ လှူဒါန်းခဲ့သည်။




အဆိုပါ မျက်နှာအကာများ ပြုလုပ်ရာတွင် စီမံချက်မှ ဝန်ထမ်းများနှင့်အတူ မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာ လုပ်အားရှင်များ၊ ကျေးရွာအရန်သားဖွား ဆရာမများ၊ လူထုကျန်းမာရေးလုပ်သားများက ကူညီဆောင်ရွက်ခဲ့ကြကြောင်း စီမံချက်ညှိနှိုင်းရေးမှူး ဒေါ်လှဲ့လှဲ့မိုးထံမှ သိရသည်။ **ဝင်းအောင်(MRCS)**

● *ကျော်ဖုံးမှ*

အဆိုပါ မြန်မာအသိုက်အဝန်းမိသားစုများမှ လှူဒါန်းခဲ့ကြသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို လော့စ်အိန်ဂျယ်လိစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်က လက်ခံရယူခဲ့ပြီး မြန်မာကောင်စစ်ဝန်ချုပ်ရုံး၏ အစီအစဉ်ဖြင့် ၂၅-၁၀-၂၀၂၀ ရက်တွင် ကာတာလေကြောင်းဖြင့် ပို့ဆောင်ခဲ့ရာ ၃၀-၁၀-၂၀၂၀ ရက်တွင် မြန်မာနိုင်ငံသို့ ချောမွေ့စွာရောက်ရှိသည်။ အဆိုပါ လှူဒါန်းပစ္စည်းများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံရယူခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး အားဖြည့်ကြမည့် ရှမ်းပြည်နယ်မှသူနာပြုများအား ထောက်ပံ့

**တောင်ကြီး အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီက ရန်ကုန်မြို့သို့ ကိုဗစ်-၁၉ရောဂါ ကုသရေး လုပ်ငန်းများတွင် သွားရောက်ကူညီအားဖြည့်ကြမည့် ရှမ်းပြည်နယ်မှ သူနာပြု ၄၀ အား ထောက်ပံ့ငွေကျပ်သိန်း ၈၀ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၈ ရက်က ကော်မတီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

လှူဒါန်းပွဲတွင် ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက အလှူငွေပေးအပ်လှူဒါန်းရခြင်းအကြောင်း ပြောကြားပြီး သူနာပြု ၄၀ အတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၈၀ ကို ထောက်ပံ့လှူဒါန်းရာ ပြည်နယ်ကျန်းမာရေးမှူး ဒေါ်သူဇာချစ်တင်နှင့် သူနာပြုများက လက်ခံယူကြသည်။ **(ယာပုံ)**

**တတိယအကြိမ် ထောက်ပံ့**

ပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီသည် ရန်ကုန်မြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သွားရောက်အားဖြည့်ကြသည့် ရှမ်းပြည်နယ်အတွင်းမှ ကျန်းမာရေးဝန်ထမ်း ၇၃ ဦးအတွက် အလှူငွေကျပ်သိန်း ၁၅၀၊ စဝ်စံထွန်းဆေးရုံကြီး ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲရာဖွေရေးဌာနမှ ကျန်းမာရေးဝန်ထမ်း ၁၅ ဦးအတွက် ငွေကျပ်သိန်း ၅၀ စုစုပေါင်း အလှူငွေကျပ် သိန်း ၂၀၀ ကို ပထမအကြိမ်အဖြစ်လည်းကောင်း၊ ထပ်မံစေလွှတ်သည့် သူနာပြု ၂၀ အတွက် အလှူငွေကျပ်သိန်း ၄၀ ကို ဒုတိယအကြိမ်အဖြစ်လည်းကောင်း လှူဒါန်းခဲ့ပြီး ယခု တတိယအကြိမ်အဖြစ် ထောက်ပံ့လှူဒါန်းခြင်းဖြစ်သည်။

ရှမ်းပြည်နယ်ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီသည် ကမ္ဘောဇဘဏ်၏ လှူဒါန်းငွေကျပ်သိန်းပေါင်း ၁၇၂၀၀ အပါအဝင် အများပြည်သူလှူဒါန်းငွေများဖြင့် ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားပေါင်းစုံ နေထိုင်ရာ ဒေသများသာမက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လိုအပ်သည့်နေရာများသို့ စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းလျက်ရှိပြီး လတ်တလော ပိုးတွေ့လူနာများသည့် မြို့နယ်ပြည်သူ့ဆေးရုံကြီးများ အတွက် အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေ များကို နေ့စဉ်ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ကိုကျော်**




## မန္တလေးတိုင်းဒေသကြီးရှိ အဝေးပြေးယာဉ်အသင်းများသို့ ဆန်အိတ်များထောက်ပံ့ပေးမည်

**ရန်ကုန် အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး အဝေးပြေး ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီက ကိုဗစ် – ၁၉ ဖြစ်ပွားနေသည့် ကာလ အတွင်း ယာဉ်လိုင်းများပြေးဆွဲမှု ရပ်နားထားမှုကြောင့် ယာဉ်အသင်းများသို့ ဆန်အိတ်များ ထောက်ပံ့ပေးအပ်ရန် စီစဉ်ထားကြောင်း မန္တလေးတိုင်းဒေသကြီး အဝေးပြေး ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်လင်း၏ ပြောကြားချက်အရသိရသည် ။

မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားသည့် ကာလအတွင်း ယာဉ်အသင်းဝင်များ စားဝတ်နေရေးအခက်အခဲများ ရှိလာမှုကြောင့် ဆန်များကို အဓိက ထောက်ပံပေးခြင်းဖြစ်သည်။ ယခင်ရက်ပိုင်းအတွင်း ကုန်စည်များနှင့် အတူယာဉ်များ ထွက်ခွင့်ရသော်လည်း ယခုထွက်ခွင့်မရသည့် အခြေအနေတွင် အခက်အခဲများ ရှိလာကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အဝေးပြေး ယာဉ်လုပ်ငန်းကြီးကြပ်မှု ကော်မတီမှ ယာဉ်အသင်းများ၏ စုဆောင်းငွေများအနက် ငွေကျပ်သိန်း ၅၀၀ ကျော်ကို ယာဉ်အသင်းများထံ နှစ်စဉ်ပေးအပ်သည့် အပိုဆုငွေချီးမြှင့်သည့် အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ပထမအကျော့ဖြစ်ချိန်တွင် ပေးအပ်ခဲ့ပြီးဖြစ်သည်။ ယခု ဒုတိယအကျော့ ဖြစ်ပွားသည့်ကာလတွင် ယာဉ်အသင်းများ၏ စုဆောင်းငွေများမှ ငွေကျပ်သိန်း ၅၀၀ ကျော်ကို ဆန်အိတ် ၁၉၀၀ ကျော် ဝယ်ယူပြီး ခွဲဝေထောက်ပံ့ပေးမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး အဝေးပြေး ယာဉ်လုပ်ငန်းကြီးကြပ်မှု ကော်မတီ အုပ်ချုပ်မှုအောက်တွင် ယာဉ်အသင်းပေါင်း ၅၈၈ သင်း ရှိကာ စည်းကြပ်ခပေးသွင်းပြီး ပြေးဆွဲနေသည့် ယာဉ်အသင်းပေါင်း ၃၀၆ သင်းရှိပြီး စည်းကြပ်ခနှုန်းထား သတ်မှတ်ပြည့်မီအောင် ပေးသွင်းထားခြင်းမရှိသည့် ယာဉ်အသင်းပေါင်း ၂၀၈ သင်းရှိကြောင်း ယာဉ်လိုင်းပြေးဆွဲခြင်း မရှိသည့် အသင်း ၇၄ သင်းရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်အသင်းများသို့ ဆန်ထောက်ပံ့ပေးရာတွင် ယာဉ်အသင်းများ၏ စည်းကြပ်ခပေးသွင်းသည့် အခြေအနေပေါ် မူတည်၍ ယာဉ်အသင်း တာဝန်ရှိသူများထံမှ တစ်ဆင့် ဆန်အိတ်များ ခွဲဝေထောက်ပံ့ပေးမည်ဖြစ်သည်။ ထိုသို့ ထုတ်ပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာပြီး လူစုလူဝေးမဖြစ်စေရန် စီစဉ်ထုတ်ပေးမည်ဖြစ်ပြီး ယာဉ်အသင်းများကလည်း ညွှန်ကြားချက်အတိုင်း တိကျစွာလိုက်နာဆောင်ရွက်ကြရန် နှိုးဆော်ထားသည်။**အောင်သူရ**

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် အောက်တိုဘာ ၃၁**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**





**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ Help Line ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ်အကူအညီ ရယူနိုင်ပါတယ်။**




**အိမ်တွင်းအကြမ်းဖက်မှုများအပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ)၏ Hot Line ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ သို့ လည်းကောင်း၊ ၀၉-၂၆၆၆၈၄၄၄၉ သို့ လည်းကောင်း ဆက်သွယ်အကူအညီ ရယူနိုင်ပါသည်။**

## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



## ချင်းပြည်နယ် မြို့နယ်ကိုးမြို့နယ်အတွင်းရှိ ကျေးရွာကြီး ၁၁ ရွာကို မြို့အဆင့် တိုးချဲ့ဖွင့်လှစ်

**ဟားခါး အောက်တိုဘာ ၃၁**

ချင်းပြည်နယ်တွင် လူနေအိမ်ခြေ တစ်နှစ်ထက်တစ်နှစ် တိုးပွားလျက်ရှိပြီး ဒေသတွင်း စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ အခြေခံအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ ကျေးရွာကြီးများကို မြို့အဆင့် သတ်မှတ်ပေးခဲ့ရာ ယနေ့အထိ မြို့နယ်ကိုးမြို့နယ်အတွင်းရှိ ကျေးရွာကြီး ၁၁ ရွာကို မြို့အဆင့် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

ထိုသို့ အဆင့်တိုးမြှင့်လိုက်သော မြို့များမှာ ချင်းပြည်နယ် မြောက်ပိုင်းဒေသ တွန်းဇံမြို့နယ်တွင် ကျီခါးမြို့၊ တီးတိန်မြို့နယ်တွင် ခိုင်ကမ်းမြို့၊ ဖလမ်းမြို့နယ်တွင် ရိခေါဒါရ်နှင့် ဝေဘူလမြို့၊ ဟားခါးမြို့နယ်တွင် ဆူရ်ခွားမြို့၊ ထန်တလန်မြို့နယ်တွင် နှာဟရိန်မြို့တို့ဖြစ်ပြီး ချင်းပြည်နယ်တောင်ပိုင်းဒေသ မတူပီမြို့နယ်တွင် ရေဇွာနှင့် လိုင်လင်းပီမြို့၊ ကန်ပက်လက်မြို့နယ်တွင် ကျင်ဒွေးမြို့၊ မင်းတပ်မြို့နယ်တွင် မကွီးအိမ်နူးမြို့၊ ပလက်ဝမြို့နယ်တွင် ဆမီးမြို့တို့ကို မြို့အဆင့် တိုးမြှင့်သတ်မှတ်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

“ကျွန်တော်တို့ ချင်းပြည်နယ်မှာ အခုဆိုရင် ကားလမ်းတွေလည်းတိုးချဲ့ဖောက်လုပ်လျက်ရှိပါတယ်။ ဖလမ်းမြို့မှာ မကြာခင်ဖွင့်လှစ်တော့မယ့် လေယာဉ်ကြီးတွေ ဆင်းသက်နားနေနိုင်တဲ့ ဆူရ်ဘုန်လေယာဉ်ကွင်း တည်ဆောက်နေပါတယ်။ အခု တိုးချဲ့ဖွင့်လှစ်ခဲ့တဲ့ မြို့တွေဆိုရင်လည်း မြို့တွေအတွက် အဓိကကျတဲ့ ဆက်သွယ်ရေးလမ်းကြောင်း ကောင်းမွန်မှုတွေ ရှိပြီးဖြစ်သလို ကျန်တဲ့မြို့တွေရဲ့ ဆက်သွယ်ရေးလမ်းကြောင်းကောင်းမွန်ဖို့ကိုလည်း ဆက်လက်ဆောင်ရွက်နေပါတယ်။ ဆက်သွယ်ရေးတွေ ကောင်းမွန်လာရင် ကျန်တဲ့ ပညာရေး၊ စီးပွားရေး၊ကျန်းမာရေးကဏ္ဍတွေ အားလုံးအဆင်ပြေသွားမှာ ဖြစ်ပါတယ်” ဟု ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းပြည်နယ်ကို လက်ရှိတွင် ဖလမ်းခရိုင်၊ မင်းတပ်ခရိုင်၊ ဟားခါးခရိုင်ဟူ၍ ခရိုင်သုံးခုဖြင့် ဖွဲ့စည်းထားပြီး မတူပီမြို့ကို ခရိုင်အဖြစ် ဖွဲ့စည်းနေဆဲဖြစ်ရာ မြို့အဆင့်များ တိုးမြှင့်ရာတွင် ရိခေါဒါရ်မြို့၊ ကျီခါးမြို့၊ ရေဇွာမြို့၊ ဆမီးမြို့တို့ကို ၂၀၁၂ခုနှစ်၌ လည်းကောင်း၊ ခိုင်ကမ်းမြို့ နှင့် လိုင်လင်းပီမြို့တို့ကို ၂၀၁၅–၂၀၁၆ ခုနှစ်၌လည်းကောင်း၊ ဝေဘူလမြို့၊ ဆူရ်ခွားမြို့၊ နှာဟရိန်မြို့၊ ကျင်ဒွေးမြို့နှင့် မကွီးအိမ်နူးမြို့တို့ကို ၂၀၁၉ ခုနှစ်၌လည်းကောင်း မြို့အဖြစ် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ဗန်းမော်မြို့၌ ဇနီးဖြစ်သူကို သတ်သည့်ခင်ပွန်းအား ရဲတပ်ဖွဲ့က ဖြစ်စဉ်အမှန် ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် အောက်တိုဘာ ၃၁**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဇနီးဖြစ်သူကိုသတ်သည့် ခင်ပွန်းအား ရဲတပ်ဖွဲ့က ဖြစ်စဉ်အမှန် ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်၌ မြန်မာအမျိုးသားလေကြောင်းလိုင်း လက်မှတ်အရောင်းဌာန မန်နေဂျာ ဦး-----(၄၅)နှစ်အား လက်/ပါးစပ်တွင် တိပ်ဖြင့် ချည်နှောင်ပတ်လျက် နောက်စေ့ ဖူးရောင်ဒဏ်ရာ(မစိုးရိမ်ရ)ဖြင့်လည်းကောင်း၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်-----(၄၅)နှစ်အား လက်တွင် တိပ်ဖြင့် ချည်နှောင်ပတ်လျက် နောက်စေ့/ မေးစေ့ ပေါက်ပြဲဒဏ်ရာများ (စိုးရိမ်ရ)ဖြင့် လည်းကောင်း နေအိမ်အောက်ထပ်၌ လဲကျနေသည်ကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက နေအိမ်အပေါ်ထပ်မှ ဆင်းလာသည့် သမီးဖြစ်သူက တွေ့မြင်ခဲ့ကြောင်းသတင်းပေးပို့တိုင်ကြားသဖြင့် ပူးပေါင်းအဖွဲ့က အခင်းဖြစ်နေအိမ်သို့



ဖြစ်မှုကျူးလွန်သူကို တွေ့ရစဉ်။

သွားရောက်စစ်ဆေးပြီး ဒဏ်ရာရရှိသူနှစ်ဦးအား ဗန်းမော်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသနေစဉ် ဒေါ်-----သည် ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း၊ ဦး-----၏ ပြောပြချက်အရ နေအိမ်သို့ အမျိုးသား သုံးဦးရောက်ရှိလာပြီး လေယာဉ်လက်မှတ်ရှိလားဟုမေး၍ တုတ်ဖြင့်ရိုက်ကာ မီးခံသေတ္တာသော့ဖွင့်ခိုင်းပြီး ငွေကျပ်သိန်း ၂၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို ယူဆောင်ကာ ၎င်းတို့ နှစ်ဦးအား ချုပ်နှောင်ထားရှိခဲ့ကြောင်း သိရှိရသဖြင့် အမှုဖွင့်စုံစမ်းခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေအိမ်နှင့် မျက်နှာချင်းဆိုင်ရှိ CCTV မှတ်တမ်းများကို စိစစ်ချက်အရ အခင်းဖြစ်နေအိမ်သို့ အမျိုးသားသုံးဦး ဝင်/ထွက်သည်ကို မတွေ့ရကြောင်း၊ နံနက်ပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သန့်ရှင်းရေးလုပ်သား အယ်ကြိုင် (၂၄ နှစ်)သည် ဆိုင်ကယ်ဖြင့် အခင်းဖြစ်နေအိမ်သို့ ရောက်ရှိလာကာ ငါးမိနစ်ခန့်အကြာတွင် နေအိမ်အတွင်းမှ ပြန်လည်ထွက်ခွာသွားသည်ကို တွေ့ရှိရသောကြောင့် အယ်ကြိုင်အား စစ်ဆေးရာ ဦး----က ၎င်း၏နေအိမ်သို့ လာရောက်ရန် ဖုန်းဆက်ခေါ်၍သွားရောက်ခဲ့ကြောင်း၊ တိပ်၊ တိပ်ဖြတ်သည့် ခေါက်ဓား အသေး၊ လက်အိတ်များအား လွှင့်ပစ်ခိုင်းသဖြင့် ယူဆောင်ခဲ့ကြောင်း၊ ယင်းနောက် ဂေါ်ရာကန်အနီးရှိ အမှိုက်ပုံဘေးတွင် ရပ်ထားသော စည်ပင်သာယာ အမှိုက်သိမ်းယာဉ်ပေါ်သို့ သွားရောက်လွှင့်ပစ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရ၍ သက်သေခံပစ္စည်းများ သိမ်းဆည်းရမိသည်။

ယနေ့နံနက်ပိုင်းတွင် ဦး-----သည် ဆေးရုံမှ ဆင်းခွင့်ရရှိသဖြင့် သက်သေအထောက်အထားများနှင့် တကွ စစ်မေးရာ ၎င်းတို့ပိုင်ဆိုင်သော တာမွေမြို့နယ် ကျောက်မြောင်းရှိ နေအိမ်တိုက်ခန်းနှင့် ပတ်သက်ပြီး လင်မယား စကားများရန်ဖြစ်ရာမှ တုတ်ဖြင့် ရိုက်နှက်ရာ လက်လွန်သွားခဲ့ကြောင်း ဝန်ခံထွက်ဆိုသဖြင့် အမှုဖွင့် ဖမ်းဆီးပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# သံဖြူဇရပ်၊ နောင်ချိုနှင့် မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၀ ရက် ညနေပိုင်းတွင် သံဖြူဇရပ်မြို့နယ် ဝဲဝင်ကရာကျေးရွာအုပ်စု သက္ကောကျေးရွာအနီး သံဖြူဇရပ်-ဘုရားသုံးဆူသွားကားလမ်းတွင် ဖားသွတ်မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၅၀ နှင့် မြန်မာငွေကျပ်သိန်း ၃၀၊ ဘိန်းစာရွက်(အစို) ၅ ဒသမ ၅ ကီလိုတို့ကိုလည်း ကောင်း။

အလားတူ ယင်းနေ့နံနက်ပိုင်းတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွား ကားလမ်းတွင် စိုင်းဘထွန်း(ခ)စိုင်းဘ မောင်းနှင်ပြီး စိုင်းလိန် လိုက်ပါလာသော Outlander အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀နှင့် မြန်မာငွေကျပ် ၅၀၀၀၀၀ တို့ကိုလည်းကောင်း။




သက်နိုင်မိုး(ခ)ဖိုးခွား၊ မျိုးထွန်းဦးတို့အား ဖမ်းဆီးရမိသည့် ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ယင်းနေ့ ၁၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် (၁၀၅)မိုင် စစ်ဆေးရေးဂိတ်တွင် သက်နိုင်မိုး(ခ) ဖိုးခွား မောင်းနှင်ပြီး မျိုးထွန်းဦး လိုက်ပါလာသော Hyundai အမျိုးအစား ၁၄ ဘီး မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ငွေကျပ် ၁၀၀၆ ဒသမ ၄ သိန်း တန်ဖိုးရှိ Sodium Cyanide ၁၀၂၅၀ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ စွမ်စော်ရပ်ကွက် မြေနီကွင်း ကားဝင်းအတွင်းရှိ ဂိုဒေါင်အမှတ် ၁၁ သို့ ဝင်ရောက်ရှာဖွေရာ ဂိုဒေါင်အတွင်း၌ Sodium Cyanide ၆၃၅၀ ကီလို၊ Potassium Phosphate ၁၆၀ ကီလိုတို့ကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြန်မာဘောလုံးအသင်းများ လာမည့်နှစ်တွင် အာရှအဆင့်ခြေစစ်ပွဲများ ယှဉ်ပြိုင်ရမည်

**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာဘောလုံး အသင်းများသည် လာမည့်နှစ်တွင် အာရှအဆင့်ခြေစစ်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ခြေစစ်ပွဲငါးခု ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာရှဘောလုံး အဖွဲ့ချုပ်သည် လာမည့်နှစ်တွင် ကျင်းပမည့်ပြိုင်ပွဲနှင့် ခြေစစ်ပွဲများကို ထုတ်ပြန်ထားသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါအပေါ် မူတည်၍ နှစ်ကုန်ပိုင်းတွင် ပြန်လည်အတည်ပြုမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင် အသင်းများသည် လာမည့်နှစ်တွင် ကျင်းပမည့်ပြိုင်ပွဲများအနက် မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းက ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများ၊ လက်ရွေးစင် အမျိုးသမီးအသင်းက အာရှဖလား အမျိုးသမီးခြေစစ်ပွဲ၊ ယူ-၂၃ အမျိုးသားအသင်းက အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ၊ ယူ-၂၀ အမျိုးသမီးအသင်းက အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ၊ ယူ-၁၇ အမျိုးသမီးအသင်းက အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအသင်းများ ယှဉ်ပြိုင်ရမည့် ခြေစစ်ပွဲများအနက် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများကို မတ် ၂၅ ရက်၊ ၃၀ ရက်၊ ဇွန် ၃ ရက်၊ ၈ ရက်၊ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်ကို မတ် ၁၃ ရက် မှ ၂၁ ရက်၊ ဒုတိယအဆင့်ကို ဩဂုတ် ၁၈ ရက်မှ ၂၂ ရက်၊ အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်ကို ဧပြီ ၃ ရက်မှ ၁၁ ရက်၊ ဒုတိယအဆင့်ကို စက်တင်ဘာ ၂၂ ရက်မှ ၂၆ ရက်၊ အာရှဖလား အမျိုးသမီးခြေစစ်ပွဲကို စက်တင်ဘာ ၁၃ ရက်မှ ၂၅ ရက်၊ အာရှ ယူ-၂၃ ခြေစစ်ပွဲကို အောက်တိုဘာ ၂၃ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲများအနက် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများမှာ အိမ်ကွင်း၊ အဝေးကွင်း ကျင်းပနေသောကြောင့် အိမ်ရှင်နိုင်ငံ သီးခြားရွေးချယ်ရန် မလိုဘဲ အာရှဖလား ယူ-၂၀ နှင့် ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်တွင် မြန်မာအသင်းပါဝင်သော အုပ်စုများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိထားသည်။ အာရှဖလား အမျိုးသမီးခြေစစ်ပွဲနှင့် အာရှဖလား ယူ-၂၃ အမျိုးသားခြေစစ်ပွဲတို့ကိုမူ အိမ်ရှင်နိုင်ငံ ရွေးချယ်ခြင်းမရှိသေးကြောင်း သိရသည်။

ယင်းအသင်းများသည် လာမည့်နှစ်တွင် အာရှခြေစစ်ပွဲများအပြင် အာဆီယံအဆင့် ပြိုင်ပွဲများလည်း ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

◆ *ကျောဖုံးမှ*

သရေကျထားသည့်အတွက် နိုင်ပွဲမရရှိသေးပေ။ အာဆင်နယ်အသင်းက ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် အဝေးကွင်းသုံးပွဲ ယှဉ်ပြိုင်ကစားထားပြီး ဖူလ်ဟမ်အသင်းကိုသာ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားကာ လီဗာပူး၊ မန်စီးတီးစသည့် အသင်းများကို ရှုံးနိမ့်ထားသည်။ ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် မန်ယူအသင်းကိုအနိုင်ယူပြီး အဝေးကွင်းနိုင်ပွဲ ရယူသွားနိုင်မလား၊ မန်ယူအသင်းက အာဆင်နယ်အသင်းကို အနိုင်ယူပြီး ယခုနှစ်ရာသီ ပထမဆုံး ပရီမီယာလိဂ် အိမ်ကွင်းနိုင်ပွဲရယူသွားနိုင်မလား စိတ်လှုပ်ရှားစရာပင်။

မန်ယူအသင်း၏ ယခုပွဲစဉ်တွင် တဲလက်စ်၊ မာရှယ်၊ လင်ဂတ်၊ ဘိုင်လီတို့ ပါဝင်လာဖွယ်မရှိသလို အာဆင်နယ်အသင်းဘက်ကလည်း မာတင်နယ်လီ၊ ဟိုးဒင်း၊ မာရီ၊ ချမ်ဘားစ်၊ ဒေးဗစ်လူးဝစ်တို့ ပါဝင်လာဖွယ်မရှိကြောင်း သိရသည်။ မန်ယူအသင်းသည် အသင်း၏ အဓိက ကစားသမားများဖြစ်သည့် ဒီဂီယာ၊ ဝမ်ဘစ်ဆာကာ၊ လင်ဒီလော့ဖ်၊ မက်ဂွိုင်းယား၊ လုခ်ရှော၊ ဖရက်၊ တွန်မီနေး၊ ပေါ့ဂ်ဘာ၊ ဖာနန်ဒက်စ်၊ ဂရင်းဝုဒ်၊ ရက်ဖို့ဒ်တို့ကို အသုံးပြုကာ ပွဲထွက်လာဖွယ်ရှိနေသည်။ အာဆင်နယ်အသင်းကလည်း အသင်း၏အင်အားအတောင့်တင်းဆုံးပုံစံဖြစ်သော လီနို၊ ဘယ်လာရင်၊ မူစတာဖီ၊ ဂါဘရီရယ်၊ တီယာနေ၊ စီဘယ်လော့စ်၊ သောမတ်စ်၊ ရှာကာ၊ ဝီလီယံ၊ အူဘာမီယန်၊ ဆာကာတို့ကို အသုံးပြုကာ မန်ယူအသင်းကို ရင်ဆိုင်လာဖွယ်ရှိနေသည်။

အမှတ်ပေးဇယားရပ်တည်မှုအရ အနိုင်ရရှိရန်လိုအပ်နေသည့် အသင်းနှစ်သင်းဖြစ်သည်နှင့်အညီ မည်သည့်အသင်းက မည်သည့်နည်းဗျူဟာသုံးပြီး မည်သို့အနိုင်ယူသွားမလဲဆိုတာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

# ပူတာအိုရှိ အောင်လအန်ဆန်ပွဲကြည့်အပြီး အသက် ၇၀ အရွယ် အဘိုးအိုတစ်ဦး ရုတ်တရက်လဲကျသေဆုံး

**ပူတာအို အောက်တိုဘာ ၃၁**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် စင်ကာပူနိုင်ငံ၌ ကျင်းပသည့် One championship မစ်ဒယ်ဝိတ်တန်းချန်ပီယံ ခါးပတ်စိန်ခေါ်ပွဲအဖြစ် အောင်လအန်ဆန်နှင့် နယ်သာလန်နိုင်ငံသား ဒီရစ်ဒါတို့ ထိုးသတ်ခဲ့ကြသည့် ပွဲအပြီး လေယာဉ်ကွင်းရပ်ကွက်တွင် အောက်တိုဘာ ၃၀ ရက်ည ၁၀ နာရီခန့်က အဘိုးအိုတစ်ဦး ရုတ်တရက် လဲကျသေဆုံးမှု ဖြစ်ပွားသည်။

အသက် ၇၀ အရွယ် ဦးဆန်နိုင်ဆင်ရမ်အမည်ရှိ အဆိုပါအဘိုးအိုသည် သွေးတိုး၊ သွေးချို/ဆီးချိုနှင့် နှလုံးရောဂါအခံရှိသူဖြစ်ပြီး ည ၆ နာရီခန့်က ၎င်း၏ နေအိမ်မှ ထွက်ခွာကာ ခရစ်တော်၏အသင်းတော် (မူရင်း)သင်းအုပ်ဆရာ၏အိမ်၌ အောင်လအန်ဆန်ပွဲ ကြည့်ရှုအပြီးတွင် ရုတ်တရက် မူးလဲခဲ့ကြောင်းကြားသိရပြီး ၎င်း၏ ဇနီးရောက်သွားချိန်တွင် အသက်သေဆုံးနေပြီဖြစ်ကြောင်း သိရသည်။

"အမျိုးသားက အောင်လအန်ဆန်ကို အလွန်ကြိုက်လို့ သူထိုးသတ်တဲ့ပွဲတိုင်းကို အမြဲတမ်းသွားကြည့်တယ်။ ဒီပွဲအတွက် လွန်ခဲ့တဲ့တစ်ပတ်လောက်ကတည်းက ကြည့်ဖို့ တဖွဖွပြောနေခဲ့တာပါ။ ညကတော့ အိမ်ကနေ ၆ နာရီလောက်သွားပြီး ၁၀ နာရီလောက်မှာ သူရုတ်တရက် မူးလဲတဲ့အကြောင်း လာပြောလို့ လိုက်သွားတာ အသက်မရှိတော့ဘူး။ သူ့မှာ သွေးတိုး၊ နှလုံးရောဂါအခံလဲရှိတော့ စိတ်လှုပ်ရှားပြီး အခုလိုဖြစ်သွားတာပါ"ဟု ၎င်း၏ ဇနီးက ပြောသည်။

အဆိုပါ သေဆုံးသွားသည့် အဘိုးအိုသည် ဂျာမနီနိုင်ငံမှ ဆေးပညာသင်ယူခဲ့ပြီး ပြင်ပတွင် ဆေးကုသပေးနေသည့် ဆေးဆရာဖြစ်ကြောင်း ၎င်းနှင့် အမျိုးတော်စပ်သူ လေယာဉ်ကွင်းရပ်ကွက်(၄)မှ ဦးဒီးဆန်းကပြောသည်။

**ဆန်းညွန့်(ပူတာအို)**

# ပရီမီယာလိဂ် ပွဲစဉ်(၇) မန်စီးတီးတို့ အဝေးကွင်း နိုင်ပွဲရ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၇)မှ အောက်တိုဘာ ၃၁ ရက် (စနေနေ့)ည၏ အစောဆုံးပွဲစဉ်တစ်ပွဲဖြစ်သော ရှက်ဖီးလ်ယူနိုက်တက်နှင့် မန်စီးတီးပွဲတွင် အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် မန်စီးတီးအသင်း အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်ရှက်ဖီးလ်ယူနိုက်တက်သည် ၃-၅-၂ ပုံစံဖြင့် တိုက်စစ်တွင် မက်ဘာနီနှင့် ဘရူးစတားတို့ ပွဲထွက်ခဲ့ပြီး ဧည့်သည် မန်စီးတီးသည် ၄-၃-၃ တိုက်စစ်ကစားကွက်ဖြင့် စတာလင်၊ တောရက်စ်နှင့် မာရက်ဇ်တို့ ပွဲထွက်လာသည်။ ပထမပိုင်း ပွဲချိန် ၂၈ မိနစ်တွင် ဒီဘရိုင်းဖန်တီးမှုမှတစ်ဆင့် နောက်တန်းကစားသမား ကိလ်ဝေါလ်ကာက မန်စီးတီးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ ယနေ့ပွဲတွင် မန်စီးတီးအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၆ ကြိမ်ထိရရှိကာ ရှစ်ကြိမ်ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင် ရှက်ဖီးလ်ယူနိုက်တက်သည် လေးကြိမ်သာ ကန်သွင်းခွင့်ရခဲ့ပြီး တစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ မန်စီးတီးအသင်းသည် ၁၁မှတ်ရရှိထားပြီး ရှက်ဖီးလ်ယူနိုက်တက်သည် တစ်မှတ်သာရရှိထားပြီး တန်းဆင်းဇုန်ထဲတွင် ရပ်တည်နေသည်။

ပရီမီယာလိဂ် ပွဲစဉ်(၇)၏ အစောဆုံးပွဲစဉ်ဖြစ်သော ဝုလ်နှင့် ပဲလေ့စ်ပွဲကို စနေနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ခဲ့ပြီး အိမ်ရှင် ဝုလ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဝုလ်အတွက် အနိုင်ဂိုးများကို ပွဲချိန် ၁၈မိနစ်တွင် နူရီနှင့် ၂၇မိနစ်တွင် ပိုဒန်ဆီတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဝုလ်အသင်းသည် ရမှတ် ၁၃ မှတ်အထိရရှိထားပြီး ပဲလေ့စ်က ၁၀ မှတ် ရရှိထားသည်။ ဘန်လေနှင့် ချယ်ဆီးပွဲတွင် သုံးဂိုး-ဂိုးမရှိဖြင့် ချယ်ဆီးအသင်း အနိုင်ရရှိခဲ့သည်။ **သီဟ**

# မစ်ဆူဘီရှီ မှ စပေ့စ်ဂျက်လေယာဉ်ထုတ်လုပ်ရေးအစီအစဉ် ရပ်နားထား



**တိုကျို အောက်တိုဘာ ၃၁**

မစ်ဆူဘီရှီ ကုမ္ပဏီမှ ဂျပန်နိုင်ငံအတွင်း ပထမဆုံးပြည်တွင်း၌ထုတ်လုပ်သည့် ခရီးသည်တင် အမျိုးအစား စပေ့စ်ဂျက်လေယာဉ်ထုတ်လုပ်မှုကို ဆိုင်းငံ့ထားမည်ဟု ကြေညာခဲ့သည်။

ကိုဗစ် -၁၉ ကြောင့် တစ်ကမ္ဘာလုံးမှ ဝယ်လိုအား မသေချာသည့်အတွက် ထုတ်လုပ်မှုကို ရပ်နားထားခြင်းဖြစ်ကြောင်း သိရသည်။ ဒေသတွင်း ဂျက်လေယာဉ်ထုတ်လုပ်မှုအစီအစဉ်ကို ရပ်နားလိုက်ရသည့်အတွက် လေးလေးနက်နက် တောင်းပန်ကြောင်း မစ်ဆူဘီရှီကုမ္ပဏီမှ ဥက္ကဋ္ဌနှင့် စီအီးအိုဖြစ်သူ အီဇူမီဆာဝါဆေဂျီက ပြောသည်။

လုံခြုံစိတ်ချရမှုပိုင်းဆိုင်ရာ ထောက်ခံချက်ရရှိရေးအတွက် ကုမ္ပဏီ ဘက်မှ လုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး ပြဿနာများကိုလည်း အသိအမှတ် ပြုသွားမည်ဟု ၎င်းကဆက်လက် ပြောကြားခဲ့သည်။ စမ်းသပ်မောင်းနှင်မှုများကိုလည်း လတ်တလောတွင် ဆိုင်းငံ့ထားသည်။

အဆိုပါဂျက်လေယာဉ်ထုတ်လုပ်ရေးအတွက် နှစ်စဉ်ဘတ်ဂျက်ကိုလည်း ၉၀ ရာခိုင်နှုန်းအထိ ဖြတ်တောက်သွားရန် အစီအစဉ်ရှိသည်။

အဆိုပါ ထုတ်လုပ်ရေးအစီအစဉ်ကို ၂၀၀၈ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်သည်။ လေယာဉ်တင်ပို့ရောင်းချမှုကိုမူ စက်ပိုင်းဆိုင်ရာ ပြဿနာအချို့ကြောင့် ရွှေ့ဆိုင်းထားသည်။ လေယာဉ်ဝယ်လိုအားမှာလည်း ဆက်လက်ကျဆင်းဖွယ်ရှိသည်ဟု ခန့်မှန်းထားကြသည်။

**အင်န်အိတ်ချ်ကေ**

## ကားလို့စ်ဂွန်းစ်ထွက်ပြေးမှုတွင် အကူအညီပေးခဲ့သည်ဆိုသော အမျိုးသားနှစ်ဦးကို လွှဲပြောင်းပေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အတည်ပြု

**ဝါရှင်တန် အောက်တိုဘာ ၃၁**

နစ်ဆန်းမော်တော်ကုမ္ပဏီ အမှုဆောင်ချုပ်ဟောင်း ကားလို့စ်ဂွန်းစ် ဂျပန်နိုင်ငံမှ ပြည်ပသို့ထွက်ပြေးရန် အကူအညီပေးခဲ့သည်ဆိုသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးထားသည့် အမျိုးသားနှစ်ဦးအား ဂျပန်နိုင်ငံသို့လွှဲပြောင်းပေးရန် တောင်းဆိုမှုကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုလိုက်ကြောင်း သိရသည်။

ကားလို့စ်ဂွန်းစ်ထွက်ပြေးမှုတွင် အကူအညီပေးခဲ့သည်ဟု စွပ်စွဲထားသည့် မစ်ချယ်တေလာနှင့် သားဖြစ်သူ ပီတာတေလာတို့ကို ဂျပန်သို့လွှဲပြောင်းပေးရန် အောက်တိုဘာ၂၇ ရက်က ခွင့်ပြုခဲ့ကြောင်း သိရသည်။ ၎င်းတို့နှစ်ဦးသည် မက်ဆာချူးဆက်ပြည်နယ်တွင် နေထိုင်ကြသည်။

မူလက ၎င်းတို့ကို အောက်တိုဘာ ၂၉ ရက်တွင် ဂျပန်သို့သွားမည့် လေကြောင်းလိုင်းဖြင့် ပို့ဆောင်ရန်စီစဉ်ထားခဲ့သော်လည်း လွှဲပြောင်းမှုကို ဆိုင်းငံ့ရန် ၎င်းတို့၏ရှေ့နေများက တောင်းဆိုခဲ့မှုကို တရားသူကြီးတစ်ဦးက ခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါအမျိုးသားနှစ်ဦးအား ပြီးခဲ့သည့်မေလအတွင်း အမေရိကန် စုံစမ်းစစ်ဆေးရေးအရာရှိများက ဖမ်းဆီးခဲ့ပြီး နှစ်နိုင်ငံ တရားခံလွှဲပြောင်းရေး စာချုပ်အရ ဂျပန်က တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဘရာဇီးနိုင်ငံတွင် ဇွန်လမှ ဩဂုတ်လအတွင်း အလုပ်လက်မဲ့နှုန်း ၁၄ ဒသမ ၄ ရာခိုင်နှုန်းတိုးလာ

**ရီယိုဒီဂျနေးယိုး အောက်တိုဘာ ၃၁**

ဘရာဇီးနိုင်ငံတွင် ဇွန်လမှ ဩဂုတ်လအတွင်း အလုပ်လက်မဲ့ဦးရေ ၁၄ ဒသမ ၄ ရာခိုင်နှုန်းတိုးလာပြီး မတ်လမှ မေလအတွင်းကာလနှင့် နှိုင်းယှဉ်လျှင် ၁ ဒသမ ၆ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်ဟု ဘရာဇီး ပထဝီနှင့် စာရင်းအင်း အင်စတီကျု(IBGE) က အောက်တိုဘာ ၃၀ရက်တွင် ပြောသည်။

၂၀၁၂ ခုနှစ် မှစတင်ကာ ယခု လက်ရှိ နှုန်းထားသည် အလုပ်လက်မဲ့ ပမာဏအများဆုံးပင်ဖြစ်သည်ဟု IBGEကပြောသည်။ ဇွန်လနှင့်ဩဂုတ်လတွင် လူပေါင်း ၁၃ ဒသမ ၈ သန်းကျော် အလုပ်လက်မဲ့ဖြစ်ရပြီး ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၁ ဒသမ ၂ သန်းတိုးလာခြင်းဖြစ်သည်။ အလုပ်လက်မဲ့ဦးရေတိုးလာခြင်းမှာ ကိုဗစ် -၁၉ နှင့်ဆက်စပ်၍ဖြစ်ကြောင်း IBGE က ပြောသည်။

ကိုဗစ် -၁၉ ကြောင့် ကန့်သတ်ထားမှုများ ပိုမိုလုပ်ဆောင်ရပြီး ကုန်သွယ်မှုအပေါ်တွင် ကန့်သတ်ချက်များများပြားလာကာ လူများအလုပ်ရှာဖွေရန် မဖြစ်နိုင်သည့်အတွက် အလုပ်လက်မဲ့ဦးရေ များပြားလာခြင်းဖြစ်သည်ဟု သိရသည်။ IBGE ၏ ထုတ်ပြန်ချက်အရ ဇွန်လမှ ဩဂုတ်လအတွင်း လုပ်သားထုအင်အားမှာ ၈၅ ဒသမ ၅ သန်းရှိပြီး ပြီးခဲ့သည့် သုံးလတာနှင့် နှိုင်းယှဉ်လျှင် ၃ ဒသမ၂ သန်းလျော့နည်းသွားကာ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၁၀ ဒသမ ၇ သန်း လျော့နည်းသွားခြင်းဖြစ်သည်။

**ဆင်ဟွာ**

## ဂရိနှင့်တူရကီနိုင်ငံ၌ ပြင်းအား ၇ ဒသမ ၀ ရစ်ချ်တာစကေးရှိသည့် အင်အားပြင်းငလျင်လှုပ်ရာ ၂၃ ဦးသေဆုံး

**အေသင် အောက်တိုဘာ ၃၁**

ပြင်းအား ၇ဒသမ ၀ ရစ်ချ်တာစကေးရှိသည့် အင်အားပြင်းငလျင်တစ်ခု အေဂျင်ပင်လယ်၌ အောက်တိုဘာ ၃၀ ရက် ညနေပိုင်းက လှုပ်ခဲ့ရာ တူရကီနှင့်ဂရိနိုင်ငံမှ ပြည်သူ ၂၃ ဦး ထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ငလျင်ကြောင့် တုန်ခါမှုကို နေရာဒေသအများအပြားတွင် ခံစားခဲ့ရသည်။ ငလျင်ကြောင့် ဆူနာမီတစ်ခု ဖြစ်ပေါ်စေခဲ့ကြောင်း တူရကီ ငလျင်သုတေသန သိပ္ပံဆိုင်ရာတက္ကသိုလ်က ပြောကြားခဲ့သည်။

ငလျင်ကြောင့် တူရကီနိုင်ငံ၌ ၂၁ ဦးသေဆုံးခဲ့ပြီး လူ ၈၀၀ ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တူရကီသဘာဝဘေးနှင့် အရေးပေါ်စီခံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။



တူရကီနိုင်ငံတွင် ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံကို တွေ့ရစဉ်။

ဂရိကျွန်းတစ်ကျွန်းဖြစ်သည့် ဆာမိုစ်၌ ငလျင်ကြောင့် နံရံတစ်ခု ပြိုကျခဲ့ရာ ဆယ်ကျော်သက်နှစ်ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်။ တူရကီအနောက်ပိုင်း အစ်ဇမာပြည်နယ်တွင် ငလျင်ကြောင့် အဆောက်အအုံ ၁၃ ခု ပြိုကျမှုဖြစ်ပွားခဲ့သည်။ ငလျင်ဗဟိုချက်မနှင့်နီးသည့် ကမ်းခြေရေိယာများတွင် တုန်ခါမှုများပိုမိုပြင်းထန်ခဲ့ဖွယ်ရှိကြောင်း သိရသည်။

တူရကီနိုင်ငံတွင် အင်အားပြင်းငလျင်ကြောင့် ပြင်းပြင်းထန်ထန် ထိခိုက်ပျက်စီးမှုများ အကြိမ်ကြိမ်ဖြစ်ပွားခဲ့သည်။ ၁၉၉၉ ခုနှစ်က နိုင်ငံအနောက်ဘက်ပိုင်းတွင် လှုပ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် လူ ၁၇၀၀၀ ကျော် သေဆုံးခဲ့ရပြီး ၂၀၁၁ ခုနှစ်က နိုင်ငံအရှေ့ပိုင်းတွင် လှုပ်ခဲ့သည့်ငလျင်ကြောင့် လူ ၆၀၀ ခန့် သေဆုံးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အရပ်သားများအပေါ်ပစ်မှတ်ထားတိုက်ခိုက်မှုကိုရှောင်ရှားမည်ဟု အာမေးနီးယားနှင့် အဇာဘိုင်ဂျန်တို့သဘောတူ

**ဂျီနီဗာ အောက်တိုဘာ ၃၁**

အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်အညီ အရပ်သားများနှင့် စစ်ဘက်မဟုတ်သည့် အဆောက်အအုံများကို ပစ်မှတ်ထားကာ တိုက်ခိုက်ခြင်းမျိုးကို ရှောင်ရှားရန် အာမေးနီးယားနှင့် အဇာဘိုင်ဂျန်တို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် အောက်တိုဘာ ၃၀ ရက်က သဘောတူခဲ့ကြကြောင်း ပူးတွဲသတင်းထုတ်ပြန်ခဲ့သည်။

တိုက်ပွဲ၌ ကြွင်းကျန်ရစ်သည်များကို အပြန်အလှန်ဖလှယ်ခြင်း၊ ပြန်လည်သက်သာရာရရှိအောင် ပြုလုပ်ခြင်းတို့ကို နှစ်ဖက်စလုံးမှ စတင်တော့မည်ဖြစ်သည်။

အကျဉ်းသားလဲလှယ်ရေးအတွက်လည်း နှစ်ဖက်စလုံးမှ ဖမ်းမိထားသည့် အကျဉ်းသားစာရင်း ပြုစုနေပြီဖြစ်ကြောင်း ဥရောပလုံခြုံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (OSCE)၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

အာမေးနီးယားနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့သည် ၁၉၈၈ ခုနှစ်ကတည်းက နာဂေါ်နို -ကရာဘတ်ဒေသတွင် အငြင်းပွားမှု ဖြစ်ပွားခဲ့ကြခြင်းဖြစ်သည်။ ၁၉၉၄ ခုနှစ်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ပြီး အပစ်အခတ်ရပ်စဲခဲ့သည်။ သို့သော် ကြားထဲတွင် အသေးစားတိုက်ပွဲလေးများ ဖြစ်ပွားခဲ့သည်။



ပဋိပက္ခဖြစ်ပွားနေသည့် နာဂေါ်နို - ကရာဘတ်ဒေသရှိ စပန်နာကတ်ဒေသမှ ဒေသခံများ ပြောင်းရွှေ့လာသည်ကို တွေ့ရစဉ်။

စက်တင်ဘာ ၂၇ ရက်တွင်မူ ပဋိပက္ခဖြစ်ပွားခဲ့ပြီး လက်နက်ကြီးများနှင့် ပစ်ခတ်မှုများ ပေါ်ပေါက်ခဲ့သည်။

**ဆင်ဟွာ**

# ထရမ့်နှင့် ဘိုင်ဒင်တို့ အမေရိကန်အနောက်အလယ်ပိုင်းပြည်နယ်များတွင် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်

ဝါရှင်တန် အောက်တိုဘာ ၃၁

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်တို့သည် အမေရိကန် အနောက်အလယ်ပိုင်းပြည်နယ်များတွင် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်လျက်ရှိကြောင်း နိုင်ငံတကာသတင်း တစ်ရပ်တွင် ဖော်ပြလိုက်သည်။**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်တို့ကို တွေ့ရစဉ်။

အဆိုပါဒေသသည် ကူးစက်မှု မြင့်တက်နေသည့် ဒေသဖြစ်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အနောက်အလယ်ပိုင်း ပြည်နယ်သုံးခုဖြစ်သော ဝစ္စကွန်ဆင်း မင်နီဆိုးတားနှင့် မီချီဂန်တို့တွင် အောက်တိုဘာ ၃၀ ရက်က မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်ခဲ့သည်။ ပြည်သူ့သဘောထားအမြင် စစ်တမ်းများက အမေရိကန်သမ္မတထရမ့်က ဂျိုးဘိုင်ဒင်ကို အမီလိုက်နေရကြောင်း ဖော်ပြထားသည်။

အမေရိကန်သမ္မတ ထရမ့်က ဝစ္စကွန်ဆင်ပြည်နယ် မဲဆွယ်စည်းရုံးမှုတွင် လာမည့် သီတင်းပတ်အနည်းငယ်အတွင်း အမေရိကန်ပြည်သူများကို လုံခြုံစိတ်ချရသည့် ကာကွယ်ဆေးများ ဖြန့်ဝေမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စီးပွားရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ ပြန်လည်ဖွင့်လှစ်ရန် တိုက်တွန်းပြောကြားလိုက်သည်။ ရွေးကောက်ပွဲတွင် မိမိအောင်နိုင်ခဲ့ပါက နောက်နှစ်တွင် စီးပွားရေး ပြန်လည် နာလန်ထူနိုင်အောင် လုပ်ဆောင်မည် ဖြစ်ကြောင်း၊ သို့သော်လည်း ဘိုင်ဒင်သာ အောင်နိုင်ခဲ့ပါက စီးပွားရေး ဒီထက်ပိုပြီးကျဆင်းလာမည်ဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ဘိုင်ဒင်သာ အနိုင်ရခဲ့ပါကသူ့အနေဖြင့် အမေရိကန်နိုင်ငံကို နောက်တစ်ခါ ထပ်မံပြီး ကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်မည်ဖြစ်သောကြောင့်ဖြစ်ကြောင်း ထရမ့်က ပြောကြားလိုက်သည်။

နိုဝင်ဘာ ၃ ရက် ရွေးကောက်ပွဲ မတိုင်မီ ထရမ့်၏ အစီအစဉ်တွင် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှု ၁၇ ခု ပါဝင်မည်ဖြစ်ကြောင်းနှင့် အဓိကအားဖြင့် ရွေးကောက်ပွဲတစ်ဆစ်ချိုး ပြောင်းလဲမှုဖြစ်ပေါ်မည့် ပြည်နယ်များ ပါဝင်ကြောင်း သိရသည်။

ဘိုင်ဒင်သည် အနောက်အလယ်ပိုင်း ပြည်နယ်သုံးခုတွင်မဲဆွယ်စည်းရုံးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။ ဝစ္စကွန်ဆင်ပြည်နယ်တွင် ဘိုင်ဒင်က သမ္မတထရမ့်သည် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုကို လက်လျှော့လိုက်ပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဘိုင်ဒင်သည် အမေရိကန်သမ္မတဟောင်း ဘားရတ်အိုဘားမားနှင့် မီချီဂန်ပြည်နယ်တွင် အောက်တိုဘာ ၃၁ ရက်၌ ပူးတွဲမဲဆွယ်ခဲ့သည်။ ယခုလို သမ္မတဟောင်းနှင့်အတူ ပူးတွဲမဲဆွယ်မှုပြုလုပ်ခြင်းသည် အမေရိကန်ရွေးကောက်ပွဲလှုပ်ရှားမှုသမိုင်းတွင် ပထမဆုံးဖြစ်သည်။

အမေရိကန် ပြည်ထောင်စုတစ်ဝန်း အောက်တိုဘာ ၂၉ ရက်ကတစ်ရက်တည်း ကိုဗစ်-၁၉ ရောဂါကူးစက်အတည်ပြုသူပေါင်း ၉၀၀၀၀ ခန့်ရှိခဲ့ပြီး ၁၀၀၀ ထက်မနည်း သေဆုံးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ရောဂါကူးစက် အတည်ပြုလူနာပေါင်း ကိုးသန်းကျော်ရောက်ရှိ

**နယူးယောက် အောက်တိုဘာ ၃၁**

အမေရိကန်ပြည်ထောင်စု၌ စုစုပေါင်း ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာအရေအတွက်သည် အောက်တိုဘာ ၃၀ ရက်တွင် ကိုးသန်းကျော်လွန်လာပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ သိပ္ပံနှင့် အင်ဂျင်နီယာဌာနက ထုတ်ပြန်သော သတင်းအချက်အလက်များအရ သိရသည်။

အောက်တိုဘာ ၃၀ ရက်အထိ အမေရိကန်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉၀၀၇၂၉၈ ဦးအထိ ရောက်ရှိလာခဲ့ပြီး သေဆုံးသူပေါင်း ၂၂၉၂၉၃ ဦးအထိ ရှိခဲ့ကြောင်း သိရသည်။ အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအများဆုံးနှင့် ရောဂါကြောင့် သေဆုံးသူ အများဆုံးဖြစ်ပွားခဲ့သည့် နိုင်ငံဖြစ်သည်။



အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီပြည်နယ် ဂျော့တောင်းဝန်းကျင်ဒေသတွင် ပြည်သူများ နှာခေါင်းစည်း တပ်ဆင်သွားလာနေသည်ကို တွေ့ရစဉ်။

အမေရိကန်ပြည်ထောင်စုတွင် ရောဂါကူးစက်မှု အများဆုံးဖြစ်ပွားခဲ့သည့် ပြည်နယ်မှာ ကယ်လီဖိုးနီးယားပြည်နယ်ဖြစ်ကာ ကူးစက်ခံရသူပေါင်း ၉၂၅၅၀၉ ဦးရှိပြီး ဒုတိယအများဆုံး ကူးစက်မှုဖြစ်ပွားခဲ့သည့် ပြည်နယ်မှာ တက္ကဆက်ပြည်နယ်ဖြစ်၍ စုစုပေါင်း ကူးစက်ခံရသူ ၉၁၉၆၆၀ ဦးရှိသည်။ ထို့အတူ ဖလော်ရီဒါပြည်နယ်တွင် ကူးစက်ခံရသူပေါင်း ၇၉၉၇၃၈ဦး ခန့်ရှိပြီး နယူးယောက်ပြည်နယ်တွင် ကူးစက်ခံရသူ ငါးသိန်းကျော်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၁၀၀၀၀ အထက်ရှိသည့် အခြားပြည်နယ်များမှာ အီလီနွိုက်ပြည်နယ်၊ ဂျော်ဂျီယာပြည်နယ်၊ မြောက်ကယ်ရိုလိုင်းနားပြည်နယ်၊ တင်နက်ဆီပြည်နယ်၊ အရီဇိုးနားပြည်နယ်နှင့် နယူးဂျာစီ၊ ဝစ္စကွန်ဆင်၊ အိုဟိုင်းယိုးနှင့် ပင်ဆယ်ဗေးနီးယားပြည်နယ်တို့ဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ဖော်ပြချက်အရ သိရသည်။

ယခုအချိန်အထိ အမေရိကန်ပြည်ထောင်စုသည် ကိုဗစ်-၁၉ ကူးစက်မှုနှင့် သေဆုံးမှုကို အဆိုးဆုံးခံစားနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် ဩဂုတ် ၉ ရက်တွင် ငါးသန်းကျော်လွန်လာခဲ့ပြီး ဩဂုတ် ၃၁ ရက်တွင် ခြောက်သန်းအထိရောက်ရှိလာခဲ့သည်။ စက်တင်ဘာ ၂၅ ရက်တွင် ခုနစ်သန်းကျော်လာပြီး အောက်တိုဘာ ၁၆ ရက်တွင် ရှစ်သန်းကျော်လွန်လာခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ယခုနှစ်ဆောင်းရာသီတွင် ကိုဗစ်-၁၉ ကူးစက်မှုနှင့် သေဆုံးမှုတွင် မိုးထိမြင့်တက်နေသည်။ အောက်တိုဘာလတွင် အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်ပေါင်း ၃၀ တွင် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှတ်တမ်းတင် တိုးခဲ့သည်။

အောက်တိုဘာ ၂၉ ရက်နေ့ တစ်ရက်တည်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူအရေအတွက် ၈၈၅၂၀ ဦးရှိလာပြီး ကူးစက်မှုအမြင့်ဆုံးနေ့တစ်နေ့အဖြစ် စံချိန်တင်ခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

အမေရိကန်အစားအစာနှင့် ဆေးဝါးထိန်းချုပ်ရေးကော်မရှင်အဖွဲ့ဝင်ဟောင်း တစ်ဦးဖြစ်သူ စကော့ဂေါ့တလစ်က ရုပ်မြင်သံကြားတွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် လာမည့်သီတင်းပတ်အနည်းငယ်အတွင်း အမေရိကန်နိုင်ငံ၏ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုပေါင်း တစ်သိန်းကျော်လာမည်ကို စိုးရိမ်ကြောင်းဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံသို့ တိုင်ဖွန်း ဂိုနီ မကြာမီဝင်ရောက်မည်

**မနီလာ အောက်တိုဘာ ၃၁**

တိုင်ဖွန်း ဂိုနီကျရောက်မှုမှ ကြိုတင်ကာကွယ်သည့်အနေဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် အောက်တိုဘာ ၃၁ ရက်က ကမ်းရိုးတန်းကျေးရွာများကို ပြောင်းရွှေ့မှုများပြုလုပ်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။ အဆိုပါ တိုင်ဖွန်းမုန်တိုင်း ဂိုနီသည် ယခုနှစ်အတွင်း အင်အားအပြင်းဆုံး အပူပိုင်းမုန်တိုင်းတစ်ခုဖြစ်သည်။

တိုင်ဖွန်း ဂိုနီသည် တစ်နာရီလျှင် အများဆုံး ၂၁၅ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်နိုင်ပြီး ၎င်း၏ အလယ်ဗဟိုတွင် တစ်နာရီလျှင် ၂၆၅ ကီလိုမီတာအထိ တိုက်ခတ်နိုင်သည်။ အဆိုပါမုန်တိုင်းသည် အောက်တိုဘာ ၃၁ ရက်တွင် ပစိဖိတ်သမုဒ္ဒရာမှ တစ်နာရီလျှင် ကီလိုမီတာ ၂၀ နှုန်းဖြင့် လူဇုန်ကျွန်း၏ အရှေ့ဘက်ကမ်းရိုးတန်းသို့ တဖြည်းဖြည်း ချဉ်းကပ်လာနေကြောင်း မိုးလေဝသဗျူရိုက ဖော်ပြသည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အရှေ့တောင်ပိုင်းရှိ ကွီဇုန်ပြည်နယ်သို့ နိုဝင်ဘာ ၁ ရက်တွင် ကျရောက်နိုင်ကြောင်း ခန့်မှန်းထားသည်။

အဆိုပါမုန်တိုင်းသည် နောက် ၁၂ နာရီအတွင်း အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းအဖြစ်သို့ ပြောင်းလဲရောက်ရှိလာနိုင်ကြောင်းနှင့် မုန်တိုင်းတိုက်ခတ်ရာလမ်းကြောင်းတစ်လျှောက်တွင် ရေကြီးမှုများ၊ မြေပြိုမှုများကို သတိထားရန် မိုးလေဝသဗျူရိုက ဒေသစံတော်ချိန် နံနက် ၈ နာရီထုတ်ပြန်ချက်တွင် သတိပေးဖော်ပြထားသည်။



ဖိလစ်ပိုင်နိုင်ငံရှိ မင်ဒိုရိုကျွန်းရှိ မင်ဒိုရိုပြည်နယ် ပိုလာမြို့ကို မိုလေ့မုန်တိုင်း ဝင်ရောက်တိုက်ခတ်စဉ်က ပျက်စီးသွားသော နေအိမ်တစ်လုံးကို တွေ့ရစဉ်။

မြို့တော်မနီလာ အပါအဝင် ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်းရှိ ဒေသခံများအနေဖြင့် သတိထားနေထိုင်ကြရန် အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ထားကြရန်၊ မုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် လေပြင်း တိုက်ခတ်မှုများကိုလည်း သတိထားကြရန် မိုးလေဝသဗျူရိုက ဆက်လက်သတိပေးဖော်ပြထားသည်။ မုန်တိုင်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် လှိုင်းကြီးမှုများကိုလည်း ထပ်မံသတိပေးထားသည်။

ထို့အပြင် ဖိလစ်ပိုင်အာဏာပိုင်များက ၎င်း၏ နိုင်ငံသားများကို တိုင်ဖွန်းဂိုနီနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာနိုင်သည့် ပျက်စီးမှုများကို သတိပေးထားသလို ကမ်းရိုးတန်းအခြေပြုရွာများနှင့် အနိမ့်ပိုင်းဒေသများတွင် နေထိုင်ကြသူများအား ပြောင်းရွှေ့မှုများ ပြုလုပ်ရန်လည်း တိုက်တွန်းနှိုးဆော်ထားသည်။

**ဆင်ဟွာ**

## ပြင်သစ်၌ တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်မှု ၄၉၂၁၅ ဦးဖြစ်ပွား

**ပါရီ အောက်တိုဘာ ၃၁**

ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဒုတိယအကျော့ကို ထိန်းချုပ်ဟန့်တားနိုင်ရန် နိုင်ငံတစ်ဝန်း အသွားအလာကန့်သတ်ပိတ်ဆို့မှုများပြုလုပ်ခဲ့သည့် ပထမဆုံးနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်အတည်ပြုလူနာသစ် ၄၉၂၁၅ ဦး ရှိခဲ့ကြောင်း ပြည်သူ့ ကျန်းမာရေးအေဂျင်စီ၏ အောက်တိုဘာ ၃၀ ရက်က ထုတ်ပြန်ချက်တွင် ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှ ယခုအချိန်အထိ စုစုပေါင်း ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာအရေအတွက်သည် ၁၃၃၁၉၈၄ ဦးအထိ ရောက်ရှိ လာပြီဖြစ်သည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံ သေဆုံးသူ ၂၅၆ ဦး အပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၆၅၆၅ ဦး ရှိလာခဲ့သည်။

လူပေါင်း ၂၂၁၅၃ ဦးလတ်တလောတွင် ကိုဗစ်-၁၉ ဆေးကုသမှု ခံယူလျက်ရှိကြောင်းသိရပြီး ၃၃၆၈ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှု ခံယူလျက်ရှိသည်။ ပြင်သစ်နိုင်ငံတွင် အောက်တိုဘာ ၂၉ ရက်ညမှစကာ ဒုတိယအကြိမ် နိုင်ငံတစ်ဝန်း အသွားအလာကန့်သတ်ပိတ်ဆို့မှု ပြုလုပ်ခဲ့သည်။

ပြည်သူများသည် အလုပ်ကိစ္စ၊ အရေးပေါ်ကျန်းမာရေးကိစ္စ၊ မရှိမဖြစ်မိသားစု အသုံးအဆောင်ပစ္စည်းဝယ်ယူရန်နှင့် အိမ်အနီးဝန်းကျင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလုပ်ရုံမှလွဲ၍ တခြားကိစ္စဖြင့် အပြင်ထွက်၍ မရကြောင်း သိရသည်။ အရေးမကြီးသော ဆိုင်များအဖြစ်မှတ်ယူထားသည့် ဘားများ၊ ကော်ဖီဆိုင်များ၊ အားကစားခန်းမများ၊ စားသောက်ဆိုင်များကို ပိတ်ထားကြောင်း သိရသည်။ တစ်လကြာ အသွားအလာကန့်သတ်ပိတ်ဆို့မှုက နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှုပေါင်း ၅၀၀၀ ခန့်လျှော့ချနိုင်မည်ဟု အစိုးရက မျှော်လင့်ထားသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ နှင့်အညီ လိုက်ပါပြောင်းလဲလာတဲ့ ကျွန်တော်တို့လူမှုဝန်းကျင်

**ထွန်းသစ်စ**

**ကိုဗစ်-၁၉ ဖြစ်ပွားမှုဟာ ကျွန်တော်တို့ရဲ့ နေ့စဉ်လူနေမှုဘဝနဲ့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေကို ထိခိုက်မှုဖြစ်စေပါတယ်။ အများစုဟာ လူ့ပုဂ္ဂိုလ်၊ ကုန်စည်စီးဆင်းမှု၊ ကျန်းမာရေးဘဏ္ဍာငွေ၊ ဈေးဝယ်သူရရှိရေးနဲ့ အန္တရာယ်များတဲ့ စီမံခန့်ခွဲမှုတွေနဲ့ ရောယှက်နေတဲ့ ရှုပ်ထွေးမှုတွေကို ကောင်းမွန်စွာ ထိန်းသိမ်းနိုင်ဖို့ ကြိုးစားဆောင်ရွက်လျက် ရှိပါတယ်။**

## ကြိုးစားဖြတ်သန်းရမယ်

ကျွန်တော်တို့ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ အတွင်း တစ်ခါမှမကြုံဖူးတဲ့ သိသာထင်ရှားဆုံး သမိုင်းကြောင်းဆိုင်ရာ ပြောင်းလဲမှုတစ်ခုကို ကြိုးစားဖြတ်သန်းနေကြရပါတယ်။ စီးပွားရေးလုပ်ငန်းပုံစံဟောင်းတွေဟာ တစ်မူထူးခြားတဲ့ ပုံစံသစ်တွေနဲ့ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ဝယ်ယူသုံးစွဲသူတွေလက်ခံထားတဲ့ ဝန်ဆောင်မှုပုံစံတွေလည်း ပြောင်းလဲလာတာကို တွေ့မြင်နေကြရပါတယ်။ မျက်မှောက်ကာလနဲ့ ပတ်သက်ပြီး စီးပွားရေးပုံစံတွေ ပြောင်းလဲသွားကုန်သော်လည်း ကျန်းမာရေးစောင့်ရှောက်မှု၊ စွမ်းအင်နဲ့ သဘာဝအရင်းအမြစ်များ၊ ရေနဲ့ အရေးပေါ် ဝန်ဆောင်မှုကဲ့သို့သော မရှိမဖြစ် ဝန်ဆောင်မှုတွေဟာ လိုအပ်ချက် ဆက်လက်မြင့်မားနေဦးမှာ ဖြစ်ပါတယ်။

## သတိထားဖို့လိုအပ်

ကျွန်တော်တို့ဟာ ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုရဲ့ နောက်ထပ်သက်ရောက်မှုအကြောင်းတွေကိုလည်း သတိထားဖို့လိုအပ်ပါတယ်။ ကမ္ဘာပေါ်မှာ လူဦးရေအများဆုံးနိုင်ငံနှစ်နိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ဟာ ကိုဗစ်-၁၉ အခြေအနေကို ဘယ်လိုမျိုး စီမံလုပ်ဆောင်သွားသလဲဆိုတာနဲ့ပတ်သက်ပြီးတော့လည်း စိတ်ဝင်စားဖို့လိုပါတယ်။ အနောက် ဓနသဟာယ နိုင်ငံတွေဟာ ကျန်းမာရေး စောင့်ရှောက်မှုနဲ့ ကိုဗစ်-၁၉ အသုံးပိုင်းဆိုင်ရာတွေမှာ အခြေအနေ တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်လျက်ရှိပါတယ်။

## ကိုဗစ်- ၁၉ က သက်သေပြလိုက်ပြီ

ကိုဗစ်-၁၉ အကြောက်တရားတွေ အနည်းငယ်လျော့နည်းလာတာနဲ့တစ်ပြိုင်နက် နေထိုင်မှုပုံစံသစ်တွေနဲ့ အလုပ်အကိုင်ပုံစံသစ်တွေ ပေါ်ထွက်လာဦးမှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အဖွဲ့အစည်းတွေ၊ လူမှုအသိုင်းအဝိုင်းတွေနဲ့ ကျွန်တော်တို့ရဲ့ ဘဝတွေ ဘယ်လိုပြန်ပြီး ဆန်းသစ်လာဦးမလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။

ကျွန်တော်တို့တွေရဲ့ ကမ္ဘာအနှံ့ဖြစ်စဉ်ကို အားကောင်းသောလူမှု အရင်းရှင်စနစ်ပေါ်ပေါက်လာခြင်းအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါတယ်။ ထိန်းချုပ်မှုမရှိသော လွတ်လပ်သော ဈေးကွက်ဆိုင်ရာ ကမ္ဘာအနှံ့ဖြစ်စဉ်ဟာ ကိုဗစ်-၁၉ ကြောင့် အဆုံးသတ်မဲ့အခြေအနေကို တဖြည်းဖြည်း ရောက်ရှိလာပါပြီ။ နိုင်ငံတစ်နိုင်ငံမှာ ပြဿနာတွေပေါ်ပေါက်လာခြင်းက ဒိုမီနိုသက်ရောက်မှုလိုပဲ တခြားနိုင်ငံတွေအပေါ်လည်း သက်ရောက်လာတယ် ဆိုတာကို ကိုဗစ်-၁၉က သက်သေပြလိုက်ပါပြီ။

**"နိုင်ငံများပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနဲ့ လူပုဂ္ဂိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအပေါ်အခြေခံတဲ့ အပြန်အလှန်မှီခိုခြင်းနဲ့ ကောင်းမွန်တဲ့လူသားမျိုးနွယ်တွေကို အသိအမှတ်ပြုတဲ့ ကမ္ဘာအနှံ့ ဖြစ်စဉ်ပုံစံသစ်ဟာ တဖြည်းဖြည်းနဲ့ စတင်ပေါ်ပေါက်လာပြီဖြစ်"**



ကျန်းမာရေးစောင့်ရှောက်မှုနှင့်ဆေးဘက်ဆိုင်ရာနည်းပညာအသွင်ပြောင်းလဲမှု အရှိန်အဟုန်မြင့်လာခြင်းကို ဖော်ပြထားသည့်ပုံတစ်ပုံကို တွေ့ရစဉ်။

## စီးပွားရေးစီမံခန့်ခွဲမှုတွေ ပြောင်းလဲလာ

နိုင်ငံများပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ လူပုဂ္ဂိုလ်အချင်းချင်းပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံတဲ့ အပြန်အလှန်မှီခိုခြင်းနဲ့ ကောင်းမွန်တဲ့လူသားမျိုးနွယ်တွေကို အသိအမှတ်ပြုတဲ့ ကမ္ဘာအနှံ့ဖြစ်စဉ်ပုံစံသစ်ဟာ တဖြည်းဖြည်းနဲ့ စတင်ပေါ်ပေါက်လာပြီဖြစ်ပါတယ်။ အဲဒီလို ပေါ်ပေါက်လာတဲ့အတွက် ကုမ္ပဏီတွေဟာ သူတို့ရဲ့ အုပ်ချုပ်မှုဆိုင်ရာအမူအကျင့်၊ လူမှုတာဝန်များနဲ့ လူသားများရဲ့စိတ်စေတနာအပေါ် အာရုံစူးစိုက်တဲ့ စီးပွားရေးစီမံခန့်ခွဲမှုပုံစံတွေပြောင်းလဲလာမှာဖြစ်ပါတယ်။

## ဥပဒေသစ်တွေကို အတည်ပြုပေး

နိုင်ငံအများစုဟာ ကိုဗစ်-၁၉ ဖြစ်ပွားနေတဲ့ အခုလိုအချိန်မှာ အလုပ်သမားတွေကို ကာကွယ်ဖို့ ဥပဒေသစ်တွေကို အတည်ပြုပေးမှာဖြစ်ပါတယ်။ အားကောင်းတဲ့ လူမှုအရင်းရှင်စနစ် ပေါ်ပေါက်လာတဲ့အတွက် အရင်းရှင်ပုံစံသစ်တစ်မျိုးဟာ ကုမ္ပဏီတွေရဲ့ မောင်းနှင်အားဖြစ်လာမှာ ဖြစ်ပါတယ်။ ဈေးကွက်တွေနဲ့ ဈေးကွက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေသာမက လူမှုအသိုင်းအဝိုင်းနဲ့ လူ့ဘောင်အတွက် အကျိုးပြုမယ့်အခြေအနေတွေဟာ စီးပွားရေးမဟာဗျူဟာရဲ့ မောင်းနှင်အားတွေ ဖြစ်လာမှာဖြစ်ပါတယ်။

## ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု အရှိန်အဟုန်မြင့်လာ

ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းခြင်းဆိုင်ရာ အရှိန်အဟုန် မြင့်လာခြင်းဟာလည်း လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကာလမှာ စီးပွားရေးဆိုင်ရာ အသွင်ကူးပြောင်းခြင်းတွေကို ဖော်ဆောင်နေတဲ့ အဖွဲ့အစည်းတွေကြားမှာ အခုတော့ အတော်လေး ခေတ်ရေ့ပြေးနေပြီဖြစ်ပါတယ်။ ကိုဗစ်-၁၉ ဟာ ကုမ္ပဏီတွေကို နည်းပညာတိုးတက်ရေး၊ ခေတ်မီပုံစံ၊ ဖွဲ့စည်းပုံ၊ တိုင်းတာမှုစနစ်များနဲ့ ဗိသုကာလက်ရာပုံစံတွေကိုဖော်ဆောင်ဖို့ ပြောင်းလဲမှုခြေလှမ်းတွေ ဖြစ်ပေါ်စေပါတယ်။

## ထိပ်တန်းဦးစားပေးကိစ္စတစ်ခု

အဖွဲ့အစည်းတစ်ခုဟာ ခေတ်ရှေ့ပြေးနေရင်တောင်မှ ထိပ်တန်းစီးပွားရေးခေါင်းဆောင်များအကြားမှာ အခြေခံသဘောတူညီချက်တစ်ခုတော့ ရှိပါတယ်။ အဲဒါကတော့ ပြောင်းလဲမှုအတွက် ပြင်ဆင်ခြင်း၊ အန္တရာယ်ဖြစ်ပေါ်နိုင်မှုကိုတွက်ချက်ခြင်း၊ ကျဆုံးမှု၊ စီးပွားရေးနှောင့်နှေးမှုများအတွက် ပြင်ဆင်ခြင်းတွေပဲဖြစ်ပါတယ်။ ဒါကြောင့် နည်းပညာကူးပြောင်းမှု အရှိန်မြှင့်တင်ခြင်း ခရီးဟာ စီးပွားရေးကို ဆက်လက်မောင်းနှင်ဖို့၊ ထုတ်ကုန် တိုးတက်ဖို့၊ စီးပွားရေးပုံစံသစ်တွေကို မိတ်ဆက်ဖို့ ကုမ္ပဏီတွေအတွက် ထိပ်တန်းဦးစားပေး ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။

## ရင်ပေါင်တန်းနိုင်မယ်

ကိုဗစ်-၁၉ ဆိုင်ရာ စီးပွားရေးရိုက်ခတ်မှုများကြောင့် ကုမ္ပဏီများနဲ့ လူများဟာ နည်းပညာလိုအပ်ချက်မြင့်မားတဲ့ လုပ်အားပုံစံနဲ့ မူဘောင်တွေကို လက်ခံရတော့မှာပဲ ဖြစ်ပါတယ်။ ဒါ့မှလည်း လုပ်သားအင်အားစီမံမှုတွေ၊ ငွေကြေးစီမံမှုတွေနဲ့ မတူကွဲပြားတဲ့ စွမ်းရည်တွေလည်း တိုးတက်ဖြစ်ထွန်းလာမှာပဲ ဖြစ်ပါတယ်။ ကုမ္ပဏီတွေဟာ လူတွေကို စီမံခန့်ခွဲမှုတိုးတက်ဖို့ဆိုရင် ထူးချွန်စွမ်းရည်လိုအပ်ချက်တွေကို ဘယ်လိုထိန်းသိမ်းပြီး ဘယ်လိုသင်ယူရမလဲဆိုတာ လေ့လာရမှာပဲ ဖြစ်ပါတယ်။

အဲဒီလို လိုက်ပါလုပ်ဆောင်မှသာလျှင် ပြောင်းလဲလာတဲ့ အခြေအနေတွေကို ရင်ပေါင်တန်းနိုင်မှာပဲဖြစ်သလို ရေရှည်ရှင်သန်နေထိုင်သွားနိုင်မှာပဲ ဖြစ်ပါတယ်။ ထို့အတူ ကိုဗစ်-၁၉ ကိုလည်း ရင်ဆိုင်နိုင်မှာပဲဖြစ်ပါတယ်။ **ကိုးကား-အေအက်ဖ်ပီ**

---

**နိုင်ငံတကာသတင်းတိုထွာ**

## ဘရာဇီးနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်မှု ၅ ဒသမ ၅ သန်းကျော်လာပြီ

**ဆော်ပိုလို အောက်တိုဘာ ၃၁**

ဘရာဇီးနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာ အောက်တိုဘာ ၂၉ ရက်က ၅ ဒသမ ၅ သန်းကျော်လာပြီဖြစ်ကြောင်းနှင့် သေဆုံးသူအရေအတွက်မှာလည်း ၁၅၉၄၇၇ ဦးအထိရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဘရာဇီးနိုင်ငံတွင် အောက်တိုဘာ ၃၀ ရက်တွင် ကိုဗစ် - ၁၉ အသစ်ဖြစ်ပွားသူ ၂၂၂၈၂ ဦးရှိပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၅၁၆၆၅၈ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ဘရာဇီးနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ် သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးလျှင် ကမ္ဘာ့ဒုတိယအများဆုံး နိုင်ငံဖြစ်သည်။ ကိုဗစ် - ၁၉ ကူးစက်မှုတွင် အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံပြီးလျှင် တတိယအများဆုံးဖြစ်သည်။

ဆော်ပိုလိုပြည်နယ်သည် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအဆိုးဆုံးပြည်နယ်ဖြစ်ပြီး သေဆုံးသူ ၃၉၂၅၅ ဦးနှင့် ကူးစက်ခံရသူ ၁၁၁၃၇၈၈ ဦးရှိသည်။ တောင်အမေရိက၏အကြီးဆုံးမြို့တော်လည်းဖြစ်သည့် ဆော်ပိုလိုမြို့တွင် ပြည်သူ့ပန်းခြံများကို စနေ၊ တနင်္ဂနွေနေ့များနှင့် အားလပ်ရက်များတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**

## တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၂၀၀ ကျော် စီးနင်းလာသည့် လှေနစ်မြုပ်ခဲ့ရာ လူပေါင်း ၁၄၀ ကျော်သေဆုံးမှုဖြစ်

**ဒါကာ အောက်တိုဘာ ၃၁**

တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၂၀၀ ကျော်စီးနင်းလိုက်ပါလာသော လှေတစ်စင်းသည် လွန်ခဲ့သောရက်အနည်းငယ်အတွင်းက ဆီနီဂေါပင်လယ်ပြင်တွင် နစ်မြုပ်သွားခဲ့ပြီးနောက် လှေပေါ်ပါလူပေါင်း ၁၄၀ ကျော် ရေနစ်သေဆုံးခဲ့ကြောင်း ရွှေ့ပြောင်း နေထိုင်သွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းက အောက်တိုဘာ ၂၉ ရက်ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြ လိုက်သည်။ အဆိုပါဖြစ်စဉ်သည် ယခုနှစ်အတွင်း အဆိုးရွားဆုံးသော တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ လှေတိမ်းမှောက်မှုဖြစ်စဉ်ဖြစ်ကြောင်း သိရသည်။

ရွှေ့ပြောင်းနေထိုင်သွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတစ်လတည်းတွင် စက်လှေ ၁၄ စင်းဖြင့်လူပေါင်း ၆၆၀ ကျော် ဆီနီဂေါမှတစ်ဆင့် ကနေရီကျွန်းစုသို့သွားရောက်ခဲ့ကြောင်းသိရသည်။ ယခုနှစ်တွင် လူပေါင်း ၄၁၄ ဦး ကနေရီကျွန်းစုသို့ တရားမဝင်သွားရောက်စဉ်အတွင်း သေဆုံးခဲ့သည်။ ကနေရီကျွန်းစုသည် အာဖရိကတိုက်အနောက်မြောက်ပိုင်းတွင်တည်ရှိပြီး အာဖရိကတိုက်ကမ်းရိုးတန်းနှင့် ကီလိုမီတာ ၁၃၀ ခန့်ကွာဝေးသည်။

အာဖရိကအနောက်တောင်ပိုင်းဒေသရှိလူများသည် လုပ်ခလစာများပြားသည့်အလုပ်များ ရရှိနိုင်ရန် အလွယ်တကူပြုလုပ်ထားသည့် လှေများဖြင့် မော်ရီတေးနီးယား၊ ဆီနီဂေါနှင့် ဂမ်ဘီယာနိုင်ငံတို့မှ ကနေရီကျွန်းစုသို့ သွားရောက်လေ့ရှိကြသည်။

**ဆင်ဟွာ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၇ ရက် သာ**

**လိုတော့သည်။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းဌေး သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့်တွေ့ဆုံ

**သီပေါ အောက်တိုဘာ ၃၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းဌေးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ နှင့်အတူ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် အောက်တိုဘာ ၃၀ ရက်က သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းဌေးက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပရေးသည် အရေးကြီးသကဲ့သို့ ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းသည်လည်း အရေးကြီးကြောင်း၊ အဆိုပါလုပ်ငန်းနှစ်ရပ်ကို အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများအပါအဝင် အိမ်တိုင်ရာရောက် ကြိုတင်ဆန္ဒမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသဖြင့် ဆန္ဒမဲပေးလိုသူများ မကျန်စေရန် အလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ မဲဆန္ဒရှင်တစ်ဦးချင်းအနေဖြင့် မိမိတို့လိုလားသည့် အစိုးရတစ်ရပ်ကို လွတ်လပ်စွာ ရွေးချယ်မဲပေးနိုင်ရေး အလွန်အရေးကြီးသည့်အပြင် နိုင်ငံတကာစံနှုန်းများ၊ စံ (၅) ချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က မြို့နယ်အတွင်းရှိ မဲရုံများ၏ အခြေအနေ၊ ယာယီမဲရုံဆောက်လုပ်ရန် အခြေအနေ၊ မဲရုံသုံးပစ္စည်းများရရှိမှု၊ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၏ အခြေအနေ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးသင်တန်းပေးနေသည့် အခြေအနေ၊ ရွေးကောက်ပွဲကာလအတွင်း အထူးရဲများနှင့် လုံခြုံရေးဆောင်ရွက်မှုနှင့် ပြည်သူများ မဲပေးရာတွင် ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ မြို့နယ်အဖွဲ့ခွဲအတွင်းရေးမှူး ဦးစိုင်းမင်းလွင်က မဲပုံးများ၊ မဲလက်မှတ်စာအုပ်များ၊ လျှပ်စစ်မီးမရရှိသည့် မဲရုံများတွင် မီးရရှိအောင် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အစီအမံများနှင့် မဲရုံများအလိုက် လိုအပ်ချက်များကို လည်းကောင်း တင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းဌေးက ညှိနှိုင်းဆောင်ရွက်ပေးသည်။

သီပေါမြို့နယ်တွင် မဲဆန္ဒရှင်ဦးရေ ၁၃၆၀၂၁ ဦးရှိပြီး နိုင်ငံရေးပါတီလေးခု ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံပေါင်း ၁၁၁ ရုံ၊ မဲရုံအဖွဲ့ဝင်ဦးရေ ၁၇၂၄ ဦးအနက် ပညာရေးဌာနမှ ၉၄၁ ဦး၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ နိုင်ငံရေးပါတီကင်းရှင်းသည့် ဒေသခံပြည်သူ ၇၈၃ ဦး၊ လုံခြုံရေးအတွက် အထူးရဲအင်အား ၁၁၁ ဦးတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ကချင်ပြည်နယ် ရွှေကူမြို့တွင် ကြိုတင်မဲများ စတင်ပေး

**ရွှေကူ အောက်တိုဘာ ၃၁**

၂၀၂၀ ရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးမှုကို ကချင်ပြည်နယ်အတွင်း သတ်မှတ်နေရာများတွင် အောက်တိုဘာ ၂၉ ရက်ကစ၍ ပြုလုပ်လျက်ရှိရာ ကချင်ပြည်နယ် ရွှေကူမြို့တွင်လည်း ကြိုတင်မဲများ စတင်ပေးလျက်ရှိသည်။ **(ဝဲပုံ)**

**စနစ်တကျမဲပေး**

ရွှေကူမြို့တွင် ကြိုတင်မဲထည့်နိုင်သည့်နေရာများ သတ်မှတ်ပေးထားရာ ရွှေကူမြို့ အမှတ် (၄)ရပ်ကွက်ရှိ ကြိုတင်မဲများထည့်နိုင်သည့် မဲရုံများသို့ အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများ လာရောက်မဲပေးလျက်ရှိသည်။ ထိုသို့ ကြိုတင်မဲပေးသည့် မဲရုံများတွင် တာဝန်ကျမဲရုံမှူးအပါအဝင် တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များ၊ စောင့်ကြည့်လေ့လာသူများက ကျန်းမာရေးသတ်မှတ်ချက်များနှင့်အညီ စနစ်တကျ မဲပေးမှုများကို စောင့်ကြပ်ကြည့်ရှုကြသည်။

**အိမ်တိုင်ရာရောက် ကြိုတင်မဲထည့်နိုင်**

ရွှေကူမြို့တွင် ကြိုတင်မဲများကို ရပ်ကွက်အလိုက်မဲရုံများ၌ လာရောက်ထည့်နိုင်ကြသလို ကျန်းမာရေးမကောင်းသည့် သက်ကြီးရွယ်အိုများအား အိမ်တိုင်ရာရောက် ကြိုတင်မဲထည့်နိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**


**ရွေးကောက်ပွဲများသည်-**

- ➤ ဒီမိုကရေစီ၏ အခြေခံ ဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ် ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။**

# ဆန္ဒမဲလက်မှတ်များကို အမှန်အမှတ်အသားပါသော တံဆိပ်တုံးဖြင့်ရိုက်နှိပ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

*စာမျက်နှာ ၁၆ မှ*


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ----------
အမည်၊ ----------

ပုံစံ (၇)
- ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒပြုထားကြောင်း ထင်ရှားသည့်မဲ


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။


၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ----------
အမည်၊ ----------

ပုံစံ (၈)
- ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒပြုထားကြောင်း ထင်ရှားသည့်မဲ


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ----------
အမည်၊ ----------

ပုံစံ (၉)
- တံဆိပ်တုံးတစ်ကြိမ်နှင့်အထက် ရိုက်နှိပ် ထားသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးကို သာ ဆန္ဒပြုထားသောမဲ


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ----------
အမည်၊ ----------

ပုံစံ (၁၀)
- တံဆိပ်တုံးတစ်ကြိမ်နှင့်အထက် ရိုက်နှိပ် ထားသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးကို သာ ဆန္ဒပြုထားသောမဲ


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ----------
အမည်၊ ----------

ပုံစံ (၁၁)
- တံဆိပ်တုံး တစ်ကြိမ်နှင့်အထက် ရိုက်နှိပ် ထားသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒပြုထားသောမဲ


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ----------
အမည်၊ ----------

ပုံစံ (၁၂)
- တံဆိပ်တုံးတစ်ကြိမ်နှင့်အထက် ရိုက်နှိပ် ထားသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒပြုထားသောမဲ

မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

*စာမျက်နှာ ၁၈ သို့*

# ဆန္ဒမဲလက်မှတ်များကို အမှန်အမှတ်အသားပါသော UEC တံဆိပ်တုံးဖြင့်ရိုက်နှိပ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

*စာမျက်နှာ ၁၇ မှ*

## ခိုင်လုံမဲနမူနာပုံစံများ


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။
၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။
၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | UEC UEC UEC |

မဲရုံမှူးလက်မှတ်၊ --------
အမည်၊ --------

ပုံစံ (၁၃)
- တံဆိပ်တုံးတစ်ကြိမ်နှင့်အထက် ရိုက်နှိပ် ထားသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒပြုထားသောမဲ


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။
၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။
၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | UEC |

မဲရုံမှူးလက်မှတ်၊ --------
အမည်၊ --------

ပုံစံ (၁၄)
- ပထမတံဆိပ်တုံး အကွက်သည် ကိုယ်စားလှယ်လောင်း တစ်ဦး အတွက် ဆန္ဒပြုထားပြီး ဒုတိယတံဆိပ်တုံး၏ (၉) ကွက်တွင် အနည်းဆုံး (၅)ကွက်သည် ယင်းကိုယ်စားလှယ်လောင်း၏ အကွက် အတွင်း၌သာ ကျရောက်သောမဲ

မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

## ပယ်မဲနမူနာပုံစံများ


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။
၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။
၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | UEC |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ --------
အမည်၊ --------

ပုံစံ (၁)
- မည်သူ့အားဆန္ဒပြုသည်ကို ဆုံးဖြတ်ရခက်သော မဲ


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။
၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။
၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | UEC |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ --------
အမည်၊ --------

ပုံစံ (၂)
- မည်သူ့အားဆန္ဒပြုသည်ကို ဆုံးဖြတ်ရခက်သော မဲ



၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။
၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။
၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။ UEC

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ --------
အမည်၊ --------

ပုံစံ (၃)
- ဆန္ဒပြုရမည့် အကွက်ပြင်ပတွင် ဆန္ဒပြုထားသော မဲ


၂၀၂၀ပြည့်နှစ် အထွေထွေရွေး
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။
၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။
၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | UEC |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ --------
အမည်၊ --------

ပုံစံ (၄)
- စုတ်ပြဲနေသော မဲ

မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

*ဆက်လက်ဖော်ပြပါမည်*



# YBS ယာဉ်များ၌ ခရီးသွားပြည်သူများ သတ်မှတ်အကွာအဝေးအတိုင်း စီးနင်းလိုက်ပါ

**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး အတွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်များ၌ ခရီးသွားပြည်သူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာအဝေး အတိုင်း စီးနင်းလိုက်ပါလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)ထံမှ သိရသည်။

"ကျွန်တော်တို့ ကားတွေထွက်တဲ့ အင်အားနဲ့ ခရီးသွားအင်အားကို ပြန်ကြည့်ရင် ယာဉ်တွေပေါ်မှာ သတ်မှတ်ခုံ ပြည့်သလောက်ပဲ မနက်ပိုင်းမှာ တွေ့ရတယ်။ နေ့လယ်နေ့ခင်းပိုင်းမှာတော့ ကျဲနေဆဲဖြစ်တဲ့အတွက် Social distancing ပေါ်မှာလည်း အထိုက်အလျောက် လိုက်နာဆောင်ရွက်နိုင်တယ်ဆိုတဲ့ အနေအထားလေးကို တွေ့ရပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့နှင့် မီဒီယာတွေ့ဆုံပွဲ အမှတ်စဉ် ၁၅/၂၀၂၀ ၌ YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားပြည်သူများ၏ YBS စီးနင်းမှုအနေဖြင့် အောက်တိုဘာ ၄ ရက်တွင် ခရီးသည်စီးနင်းမှု အနည်းဆုံးဖြစ်ကာ ၆၉၈၉၄ ဦး သွားလာမှုရှိခဲ့ပြီး မော်တော်ယာဉ် အစီးရေ ၈၇၅ စီးဖြင့် သယ်ယူပို့ဆောင်ပေးခဲ့သည်။ သီတင်းပတ် တစ်ပတ်အတွင်း သောကြာနေ့သည် ခရီးသွားပြည်သူအများဆုံး သွားလာတတ်ပြီး အောက်တိုဘာ ၂၃ ရက်တွင် ခရီးသွားပြည်သူ ၂၃၈၃၁၂ ဦးသွားလာကာ မော်တော်ယာဉ်အစီးရေ ၁၈၉၃ စီး ပြေးဆွဲပေးနိုင်ခဲ့သည်။

နေ့စဉ် ခရီးသွားလာမှုရှိသော ပြည်သူများ၏ အခြေအနေအရလည်းကောင်း၊ ယာဉ်မောင်းများ၏ ပါဝင်ဆောင်ရွက်နိုင်မှု အခြေအနေအရလည်းကောင်း အောက်တိုဘာ ၂၈ ရက်တွင် ခရီးသည်ပေါင်း ၂၇၉၈၃၇ ဦးကို မော်တော်ယာဉ်အစီးရေ၂၁၃၁စီးဖြင့်သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

YBS စီးနင်းသော ခရီးသွားပြည်သူအများစုမှာ နှာခေါင်းစည်း တပ်ဆင်မှုရှိလာပြီး လက်ရှိအချိန်တွင် ခရီးသွားဦးရေအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီကာလ၏ ၁၃ ရာခိုင်နှုန်းခန့်သာ သွားလာမှုရှိပြီး မော်တော်ယာဉ် ပြေးဆွဲမှုအနေဖြင့် ၄၆ ရာခိုင်နှုန်း ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - လင်းညွန့်**




**စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ တပင်ရွှေထီးလမ်းမကြီး တစ်လျှောက် ယုဇနလမ်းဆုံမှ မြို့အဝင်ဆိုင်းဘုတ် (ခရိုင်စုပေါင်းရုံးရှေ့) အထိ ညပိုင်းကာလများ၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ မြို့သာယာရေး၊ မြို့တွင်းလုံခြုံရေး အတွက် အောက်တိုဘာ ၃၀ ရက်က လမ်းလယ်မီးတိုင်များ တိုးချဲ့ တပ်ဆင်စိုက်ထူနေစဉ်။**

အောင်ဝင်းငြိမ်း(ကန့်ဘလူ)



## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၁ - ၁၀ - ၂၀၂၀

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၈၇ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၁၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၄၅ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၇၄ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၃၄ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၇ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၁ . ၇၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၄၂၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၀၉ . ၈၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၂၈၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၉၉၀၀ | ၂၃၁ | ၂၃၀၉၉၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၃၀၆ | ၁၁၂၇၁၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၂၂၀၀၀ | ၅၄ | ၁၁၉၅၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၄၇၃ | ၁၂၈၀၉၀၀ |
| EFR | ၃၃၀၀ | ၃၅၅၀ | ၁၀၅ | ၃၄၇၁၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း


| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |


mmalin.npt@ gmail.com


www.facebook.com/MYANMAALINNNEWS


နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE



HTOO
ရှေးကောက်ပွဲက နီးလာပြီနော် ဦးတင့်...
ဟုတ်တယ် ခွေးပု..
ကျွန်တော်တို့ပြည်သူတွေ နိုင်ငံသားတာဝန်ကျေပွန်စွာ ထမ်းဆောင်ဖို့ အချိန်နီးကပ်လာပြီဆိုပါတော့...
ဒါပေါ့ ကွာ..
ဆန္ဒမဲ ပေးခွင့်ရှိသူ တိုင်းမပျက်မကွက် ဆန္ဒမဲပေးကြဖို့ လို တဲ့အပြင်...
ဘယ်မဲရုံလဲ ကြိုသိ ထားဖို့ လို အပ်တယ်..
နည်းစနစ်မှန်ကန်တိကျစွာ ရွေးချယ်ဆန္ဒမဲပေးတတ်ဖို့လည်း လိုတယ်.. ကိုယ်ပေးလိုက်တဲ့ မဲက ပယ်မဲမဖြစ်ဖို့အရေးကြီး တယ်..
မပူနဲ့ ဦးတင့်.. မဲရုံမှာ မဲပေး တတ်ဖို့ နည်းစနစ်တကျလေ့လာ ထားပြီးသားပါ..
ဟုတ်တယ် ဦးတင့်ရဲ့...
ကျွန်မ ယောကျ်ားက ရပ်ကွက် ထဲလည်ပြီး မဲဘယ်လိုပေးရမယ်၊ ဘယ်သူ့ကိုမဲပေးရွေးချယ်ရမယ် ဆိုတာ.....
တိတ်စမ်း..
သင့်ကြောင့် မဲဆန္ဒရှင်တွေထွက်လာပြီး ရွေးချယ်မဲပေးခွင့်ကို အနှောင့်အယှက်မ ဖြစ်ပါစေနဲ့.. ဘယ်သူ့ ဘယ်ပါတီကိုမဲပေးဖို့ မဆော်ဩရသူ့ပြီး အခုမှ မတိုက်တွန်းနဲ့
အဲတော့...
သင့်... ရှင်းပြီလား ....


ပလာတူး
ကာတွန်း စမ်းချောင်းကိုကိုအောင်
ပလာတူး၊ ကစားတာ ရပ်တော့၊
စာကျက်ချိန်ရောက်ပြီ၊ စာသွားကျက်..၊
ဟုတ်
ဟင်၊ စာကျက်သံ ရပ်သွားပါလား
အလို..
ခေါ်.. ခေါ်.. ခေါ်..
ဟွဲ့.. ပလာတူး၊ ထစမ်း စာကျက်ရင်းအိပ်ပျော် နေတာကောင်းလား
ဒါဆိုအိပ်ရာ ထဲပြောင်း အိပ်တော့မယ်နော် မေမေ..၊


သားရေ... လာဟေ့...
သီတင်းကျွတ်မှာ ဘိုးဘိုး နဲ့ဘွားဘွားကို ဗီဒီယိုကောလ်နဲ့ ကန်တော့ကြမယ်...
သီတင်းကျွတ်ကန်တော့ ပါတယ် ဘိုးဘိုးနဲ့ဘွားဘွား...
သာဓု... သာဓု... သာဓုပါကွယ်...
'ဒလီမာရီ' နဲ့ပို့လိုက်တဲ့ကန်တော့ ပစ္စည်းတွေလည်း ခုန ကပဲ... ရောက်တယ်ကွယ့်...
ဘိုးဘိုးနဲ့ဘွားဘွား....
ဘာတုန်း မြေးရဲ့...
သားကိုပေးမယ့်မုန့်ဖိုးကိုလည်း 'ဝေ့မန်းနီး' နဲ့ လွှဲပေးလိုက်ဦးနော်...


ချစ်ချစ်


ပေါက်စနေ


ဖိုး

## လောကဝတ် (Etiquette)

# သီတင်းကျွတ်လနဲ့ ကြာပန်းကလေးတွေ

ကေ-ဂျူဝယ်လ်

**ကလေးတို့အားလုံး မင်္ဂလာရှိတဲ့ သီတင်းကျွတ်ပွဲတော်ရက်ကလေးတွေဖြတ်ကျော်ခဲ့ကြပြီနော်။ ဒီတစ်ပတ်မှာတော့ ကလေးတို့ကို သီတင်းကျွတ်လမှာ လှိုင်လှိုင်ပွင့်လေ့ရှိပြီး အားလုံးသဘောကျမယ်ထင်တဲ့ ပန်းအမျိုးအစားလေးတစ်မျိုးကို ပြောပြချင်ပါတယ်။**



အဲဒီပန်းကလေးတွေက အခြားပန်းတွေနဲ့ မတူပါဘူး။ သူက ရေထဲမှာပဲ ပွင့်တဲ့ပန်းကလေးဖြစ်ပါတယ်။ သူ့ကို ကြာပန်းလို့ ခေါ်ပါတယ်။ မြို့ကြီးတွေမှာနေတဲ့ သားသား၊ မီးမီးတို့ကတော့ ကြာပန်းကလေးတွေနဲ့ စိမ်းနေကြမှာပေါ့။ ကျေးလက်နဲ့ အခြားမြို့တွေမှာနေကြတဲ့ကလေးလေးတွေ၊ သဘာဝရေကန်ကြီးတွေအနီးမှာ နေတဲ့ကလေးတို့ကတော့ ကြာပန်းနဲ့ရင်းနှီးကြမယ်လို့ မမက ထင်ပါတယ်။

**ကြာပန်းကို အလေးအမြတ်ထား**

အိန္ဒိယက ရှေးဟောင်းကျမ်းတွေထဲမှာတော့ ဒီကမ္ဘာကြီးရဲ့ မူလအစက ပွင့်ချပ် ၁၀၀၀ ပါတဲ့ ကြာပန်းကြီးတစ်ပွင့် ရှိခဲ့သတဲ့။ အဲဒီကြာပန်းကြီးကနေ ကမ္ဘာ့လူသားတွေရဲ့ အစ ဖြဟ္မာကြီးနဲ့ သူ့ကြင်ရာတော် ထွက်လာခဲ့တယ်ဆိုပြီး ပါပါတယ်။ ကြာပန်းက ဗုဒ္ဓဘာသာဝင်တွေအတွက်လည်း အထွတ်အမြတ်ပန်းတစ်ခုဖြစ်ပြီး ဘုရားဖြစ်တော်မမူခင် သုမေဓာရသေ့ကြီးဘဝတုန်းက ကြာပန်းကို ဒီပင်္ကရာမြတ်စွာဘုရားထံ ကပ်လှူပြီး ဘုရားဆုပန်ခဲ့သတဲ့။ မမတို့မြန်မာဘုရင်တွေ လက်ထက်ကလည်း ကြာပန်းကို အလေးအမြတ်ထားခဲ့ပါတယ်။ မြဝတီမင်းကြီးဦးစရဲ့ ရွှေဘုံနိဒါန်းမှာ ကြာပန်းကို ဘေးအန္တရာယ်ကင်းတဲ့အနေနဲ့ ဘုရင်တွေရဲ့ ပလ္လင်တွေမှာ ကြာပန်း၊ ကြာပွင့်၊ ကြာချပ်တွေကို ထည့်သွင်းထုလုပ်ခဲ့ကြတယ်လို့ ဖော်ပြထားခဲ့ပါတယ်။

ကြာပန်းဆိုတာက ရေကန်တွေမှာအများစုပေါက်ရောက်ကြပါတယ်။ ရေကန်ရဲ့ ဟိုးအောက်ခြေရွှံ့တွေထဲမှာ ကြာပင်တွေရှိတာပေါ့။ ကြာပင်တွေကနေ ရိုးတံရှည်တွေဟာ ရေမျက်နှာပြင်အပေါ်ထိ တက်လာပြီး ကြာဖူးတွေ ဖူးတယ်၊ ကြာရွက်တွေ ထွက်တယ်။ ကြာပန်းတွေက ရောင်စုံရှိပြီး ပုံသဏ္ဌာန်အားဖြင့်လည်း အမျိုးမျိုးရှိပါတယ်။ မမတို့အများဆုံးမြင်တွေ့ရနိုင်တဲ့ ကိုယ့်နိုင်ငံမှာရှိတဲ့ ကြာတွေက ပဒုမ္မာကြာ၊ ကြာနီ၊ ကြာညို၊ ကြာခေါင်းလောင်း၊ ကုမုဒြာကြာ စသည်ဖြင့် အမျိုးမျိုးရှိပါတယ်။

**အသုံးဝင်တဲ့ အပင်**

ကြာပင်က မမတို့ လူသားတွေအတွက် သိပ်ကိုအသုံးဝင်တဲ့ အပင်လည်းဖြစ်ပါတယ်။ ကြာရွက်တွေကို ဖက်အဖြစ် အသုံးပြုနိုင်သလို၊ ကြာရိုးတွေကနေ ကြာချည်မျှင်တွေ ထုတ်လုပ်ကြပါတယ်။ ကြာစေ့က အလွန်စားကောင်းပြီး သူ့အထဲက အစိမ်းရောင်အဆန်လေးကတော့ သိပ်ကိုခါးပါတယ်။ အဲဒီလို ကြာစေ့တွေစုနေတာကို ကြာခွက်လို့ခေါ်ပြီး မမကတော့ ကြာခွက်ရောင်းတာမြင်ရင် အပြေးအလွှားသွားဝယ်စားပစ်တာပဲ။ ကြာပွင့်ဝတ်ဆံတွေ၊ ကြာပွင့်ချပ်တွေကနေ အဆီထုတ်ပြီး ရနံ့ယူကြတာလည်း ရှိတာပေါ့။ ဒါကြောင့် ကြာပန်းလေးတွေဟာ တစ်ပင်လုံး အသုံးဝင်တဲ့ပန်းပင်လေးပဲပေါ့။



**“အချို့ ကြာပန်းတွေက လူမျက်နှာထက်တောင် ကြီးကြပြီး အပွင့်ရဲ့သက်တမ်းကလည်း လနဲ့ချီပြီး ကြာရှည်ပါတယ်။ ကြာပန်းလေးတွေရဲ့ ထူးခြားချက်ကတော့ နေရောင်ကို ကြိုက်တဲ့ကြာပန်းနဲ့ နေရောင်ကို လုံးဝမကြိုက်တဲ့ ကြာပန်းဆိုပြီး ရှိတာဖြစ်ပါတယ် ”**

အချို့ကြာပန်းတွေက လူမျက်နှာထက်တောင်ကြီးကြပြီး အပွင့်ရဲ့သက်တမ်းကလည်း လနဲ့ချီပြီး ကြာရှည်ပါတယ်။ ကြာပန်းလေးတွေရဲ့ ထူးခြားချက်ကတော့ နေရောင်ကို ကြိုက်တဲ့ကြာပန်းနဲ့ နေရောင်ကို လုံးဝမကြိုက်တဲ့ ကြာပန်းဆိုပြီး ရှိတာဖြစ်ပါတယ်။ အချို့ကြာပန်းတွေဟာ ညဦးယံမှာ စတင်ပွင့်အာလာကြပါတယ်။ တစ်ညလုံး အစွမ်းကုန်ပွင့်ပြီး မနက်မိုးသောက်လို့ နေရောင်ရင့်လာတာနဲ့ အမျှ ပြန်ပြီးဖူးသွားတတ်ကြတယ်။ အချို့ကြာပန်းတွေက ညသန်းခေါင်ယံမှ ပွင့်လေ့ရှိပြီး မနက်အရုဏ်တက်တာနဲ့ ပြန်ဖူးငုံသွားကြပါတယ်။ အချို့ကြာပန်းတွေကတော့ မနက်အရုဏ်တက်ချိန်မှာ ပွင့်ဖူးလာပြီး နေရောင်ကွယ်တာနဲ့ ပြန်လည်ဖူးငုံသွားကြပြန်ပါတယ်။ ဒါပေမယ့် ကြာပန်းအားလုံးမှာ တူညီတာကတော့ ချစ်စရာကောင်းပြီး အနံ့သင်းသင်း ရှိတတ်ကြတာပါပဲ။ ကလေးတို့လည်း ကြာပန်းလေးတွေကို ချစ်တတ်ကြပါစေလို့ မမက ဆုတောင်းပြီး သီတင်းကျွတ်လမှာ လှိုင်လှိုင် ပွင့်တတ်တဲ့ ကြာပန်းလေးတွေအကြောင်း မိတ်ဆက်ပေးလိုက်ပါပြီ။

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# စက္ကူစတွေနဲ့ ဆော့ကစားတဲ့အခါ

မမမေ

စက္ကူအရုပ်ခေါက်တဲ့ ကစားနည်းက မမတို့ နိုင်ငံမှာ အတော်လေး တွင်ကျယ်လာတာကို မမတွေ့ရပါတယ်။ ကလေးတို့ တက်နေတဲ့ ကျောင်းအသီးသီးမှာ သင်ကြားမှုပုံစံတွေ အဆင့်မြင့်လာတာနဲ့အမျှ လက်မှုပညာရပ်တွေကိုလည်း သင်ကြားကြရပါတယ်။ အဲဒီအထဲမှာ စက္ကူနဲ့ အရုပ်ခေါက်တာတွေ အများကြီး ပါလာတယ်မဟုတ်လား။ ကလေးတွေဟာ စက္ကူစတွေကို စနစ်တကျ မသုံးစွဲတတ်ရင် စက္ကူတွေဖြုန်းတီးရာရောက်ပြီး အမှိုက်လည်း ပွတတ်တာကြောင့် သတိပြုစရာလေးတွေကို ဖော်ပြပေးလိုက်တယ်နော်။



**စက္ကူစတွေကို သေသေချာချာသိမ်းဆည်း**

စက္ကူနဲ့ပြုလုပ်ရတဲ့နည်းမို့ ကလေးတို့ဟာ စက္ကူစတွေအများကြီးကို အသုံးပြုရပါတယ်။ ကတ်ကြေးတစ်လက်နဲ့ ညှပ်ပစ်လိုက်တဲ့ စက္ကူစတွေဟာ လိုအပ်တာတွေကို ပြန်သုံးလို့ရတဲ့အပြင် အခြားနိုင်ငံမှာတော့ စက္ကူမျှင်ကလေးတွေကအစ မြက်ပင်လေးတွေလို အလှပြန်ဆင်ကြပါတယ်။ လွှင့်မပစ်ကြပါဘူး။ ဒါက အမှိုက်လည်း မရှုပ်တော့တဲ့အတွက် စက္ကူခေါက်တဲ့အခါ အမှိုက်ပွတယ်ဆိုတဲ့ မေမေတို့ ဆူသံတွေလည်း မကြားရတော့ဘူးပေါ့။



**ကော်ဘူးတွေကိုစနစ်တကျသိမ်း**

အမှန်က အိုရီဂါမီအစစ်မှာ ကော်မလိုပါဘူး။ ဒါပေမယ့် နောက်ပိုင်းမှာတော့ ပိုပြီး အဆင့်မြင့်တဲ့အနုပညာဖန်တီးဖို့ ကော်တွေကို အသုံးပြုပါတယ်။ ကော်တွေကို စနစ်တကျ မသိမ်းဆည်းရင် ကော်ဘူးတွေခြောက်ကပ်ကုန်ပြီး ပြန်သုံးမရတာ ဖြစ်နိုင်ပါတယ်။ ကော်တွေ မှောက်ကျရာကလည်း သူများကိုထိခိုက်နိုင်တဲ့အတွက် သတိပြုကိုင်တွယ်သင့်ပါတယ်။

**ပင်အပ်တွေနဲ့ ချုပ်စက်တွေ**

စက္ကူရုပ်လေးတွေကို ဖြတ်တဲ့အခါ ပင်အပ်တွေ၊ ချုပ်စက်တွေကို အလွယ်တကူ မသုံးသင့်ပါဘူးတဲ့။ ဖြစ်နိုင်ရင် စနစ်တကျ စက္ကူခေါက်နည်းကိုသာ သင်ကြားသင့်ပြီး မဖြစ်မနေ ချုပ်စက်တွေ၊ ပင်အပ်တွေကို သုံးမယ်ဆိုရင်တော့ အောက်ကိုပြုတ်မကျမိဖို့ သတိထားသင့်ပါတယ်။ ဒါမှလည်း သူများကို စူးမိတာမဖြစ်မှာပေါ့နော်။ ကလေးတို့အားလုံးစက္ကူရုပ်ကလေးတွေ ပျော်ရွှင်စွာပုံဖော်ရင်း ပိတ်ရက်ကာလတွေကို ဖြတ်သန်းကြဦးနော်။

# ဥပဒေအတွေးရေးပါရစေ အပိုင်း(၂၄၁)

# ဥပဒေကို ပြင်ဆင်ခြင်း




ဦးဟန်ညွန့် (ဥပဒေ)

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဥပဒေပညာနှင့်စပ်လျဉ်း၍ ဥပဒေစာစဉ်၊ ဥပဒေစာအုပ်များကို ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။ ထိုအစီအစဉ်တွင် ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန် (Legislative Drafting Guidance) စာအုပ်ထုတ်ဝေခြင်း ပါဝင်ပါသည်။ ဥပဒေရေးဆွဲခြင်းသည် အသိပညာ၊ အတတ်ပညာနှံ့စပ်ကျွမ်းကျင်မှုနှင့် အတွေ့အကြုံကြွယ်ဝမှုအပေါ်များစွာ အခြေခံရသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ယခုအခါ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ စီမံခန့်ခွဲအကောင်အထည်ဖော်ရန် တာဝန်ရှိသည့်ကိစ္စရပ်များအတွက် ပင်မဥပဒေများနှင့် တစ်ဆင့်ခံဥပဒေများကို ရေးဆွဲကြရပါသည်။ ထိုသို့ ရေးဆွဲရာတွင်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားတည်ဆဲဥပဒေများနှင့် ညီညွတ်ပြီး ကောင်းမွန်မှုတသော ဥပဒေများဖြစ်စေရန်နှင့် ရေးထုံးရေးနည်း မှန်ကန်စွာရေးဆွဲနိုင်ရေးအတွက် ဥပဒေမူကြမ်းရေးဆွဲရေး လမ်းညွှန်စာအုပ်ကို ထုတ်ဝေခြင်း ဖြစ်ပါသည်။

ဤလမ်းညွှန်စာအုပ်သည် ဥပဒေကြမ်းများရေးဆွဲရာတွင် အထောက်အကူပြုမည့် လက်စွဲစာစောင်ဖြစ်ကြောင်း ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အမှာစာတွင် ရေးသားမှတ်တမ်းတင်ထားပါသည်။

## ပြင်ဆင်သည့် ဥပဒေရေးဆွဲနည်း




၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေမူကြမ်းရေးဆွဲရေး လမ်းညွှန် (Legislative Drafting Guidance) စာအုပ်ကို ထုတ်ဝေခဲ့ပါသည်။ အဆိုပါ စာအုပ်တွင် အပိုင်း(၉)ပိုင်း ပါရှိပါသည်။ အပိုင်း(၇)တွင် ပြင်ဆင်သည့် ဥပဒေရေးဆွဲနည်း ခေါင်းစဉ်ဖြင့် ဖော်ပြထားပါသည်။ တည်ဆဲ ဥပဒေကို ပြင်ဆင်ရာတွင် ဥပဒေ၏ အမည်ကို ပြင်ဆင်ခြင်း၊ စကားရပ် အများအပြားကို ပြင်ဆင်ခြင်းမပြုဘဲ ပုဒ်မနှင့် ပုဒ်မခွဲတစ်ခုလုံးကို ပြင်ဆင်ခြင်း၊ မူရင်းမြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားသော ဥပဒေကို ပြင်ဆင်ခြင်းအကြောင်းများ တင်ပြထားပါသည်။ အဆိုပါ လမ်းညွှန်စာအုပ်မှာ ဥပဒေလောကသားများ ရည်ညွှန်းကိုးကားသင့်ပါသည်။

## သိမှတ်ဖွယ်

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေမူကြမ်းရေးဆွဲရေး လမ်းညွှန်စာအုပ် (စာ-၁၁၁) တွင် တည်ဆဲဥပဒေကို ပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဖော်ပြထားသည်ကို ဖတ်ရှုမှတ်သား သိမှတ်ထားသင့်ပါသည်။

**၁၆၇။** ဥပဒေမူကြမ်းရေးဆွဲသူများသည် ဥပဒေတစ်ရပ်ကို ရေးဆွဲရာ၌ နှစ်ပေါင်းတာရှည်တည်တံ့စွာ ကျင့်သုံးအကောင်အထည်ဖော်နိုင်ရန် ရည်မှန်း၍ ရေးဆွဲရန်လိုသည်။ ဤသို့ရည်မှန်း၍ ရေးဆွဲရာ၌ လက်ရှိဖြစ်ပေါ်နေသည့် အကြောင်းအရာ၊ အချက်အလက်များအားလုံး ခြုံငုံမိစေရန် ဘက်ပေါင်းစုံ၊ ကဏ္ဍစုံကို လေ့လာပြီး ရေးဆွဲရန်လိုအပ်သည့်အပြင် များမကြာမီ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်ကိုလည်း ထည့်သွင်းရေးဆွဲနိုင်ပါက ဥပဒေပြဋ္ဌာန်းပြီး မကြာမတင်ကာလတွင်ပင် ပြင်ဆင်ရသည့် အခြေအနေမျိုး နည်းမည်ဖြစ်သည်။

**၁၆၈။** ပြောင်းလဲလာသည့်နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေး စသည့် အခြေအနေအရ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်မှာ ဆီလျော်မှုမရှိတော့သဖြင့် ပြင်ဆင်ရန်လိုအပ်လာသည့်အခါ ပြောင်းလဲလာသည့်အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ပြင်ဆင်ရန် လိုအပ်ပါသည်။ ထို့ပြင် ဥပဒေကို လက်တွေ့ အကောင်အထည်ဖော်ရာ၌ အားနည်းချက်၊ ချို့ယွင်းချက်နှင့် ဟာကွက်များ တွေ့ရှိလာလျှင်လည်း ထိုအားနည်းချက်၊ ချို့ယွင်းချက်နှင့် ဟာကွက်များကို ပြုပြင်ရန်အလို့ငှာ ဥပဒေကို ပြင်ဆင်နိုင်ပါသည်။ ထိုသို့ ဥပဒေကို ပြင်ဆင်ရန် လိုအပ်သော်လည်း မပြင်ဆင်ဘဲနေ၍ မဖြစ်ပါ။ ပြင်ဆင်ရန်လိုသည့်ဥပဒေကို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ပြင်ဆင်သင့်ပါသည်။

> “မြန်မာနိုင်ငံတွင် ပြင်ဆင်သည့်ဥပဒေ၏ အကြိမ်အရေအတွက်ဖြင့် ပြင်ဆင်သည့် ဥပဒေများကို လေ့လာရာတွင် ၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော်ကာလ မတိုင်မီအထိ ဥပဒေများ၌ တစ်နှစ်တည်းတွင် တစ်ကြိမ်ထက်ပို၍ ပြင်ဆင်မှသာ ဥပဒေ၏အမည်တွင် ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့်ထည့်သွင်းခေါ်ဆိုလေ့ရှိကြောင်း ဖတ်ရှုရ”

**၁၆၉။** ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး မကြာမီဖြစ်စေ၊ အထက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ် ပြောင်းလဲလာခြင်း မရှိဘဲဖြစ်စေ၊ ဥပဒေကို အကောင်အထည် မဖော်ရသေးမီဖြစ်စေ၊ ဥပဒေကို ပြင်ဆင်ရခြင်းမှာ သင့်လျော်မှုမရှိပါ။ ဤသို့မဖြစ်စေရန် ဥပဒေမူကြမ်းရေးဆွဲသူများ၌လည်း တာဝန်မကင်းပါ။

**၁၇၀။** ဥပဒေကို ပြင်ဆင်လိုလျှင် ပြင်ဆင်သည့် ဥပဒေဖြင့်သာ ပြင်ဆင်ရသည်။ အမိန့်ကြော်ငြာစာ၊ အမိန့်ဖြင့် ပြင်ဆင်၍မရပါ။

**၁၇၁။** ဥပဒေကို ပြင်ဆင်သည့်အချက်သည် မူရင်းဥပဒေပါ ပြဋ္ဌာန်းချက်အနှစ်သာရနှင့် လိုက်လျောညီထွေရှိရသည်။ ထိုပြင်ဆင်ချက်သည် အခြားသောပြင်ဆင်ချက်များနှင့် ကွဲလွဲဆန့်ကျင်မှု မဖြစ်စေရပေ။

**၁၇၂။** ဥပဒေတစ်ခု၏ ပြင်ဆင်ချက်များသည် မူရင်းဥပဒေ၏ အနှစ်သာရများကို ကျော်လွန်ရန် မသင့်ပါ။ ထိုသို့အနှစ်သာရများကို ကျော်လွန်ရန် အကြောင်းရှိသည့်အခါဖြစ်စေ၊ ဥပဒေ၏ ရည်ရွယ်ချက်နှင့် အကောင်အထည်ဖော်မှု ပြောင်းလဲသွားလျှင်ဖြစ်စေ တည်ဆဲဥပဒေကို ပြင်ဆင်ခြင်းမပြုဘဲ အသစ်ရေးဆွဲသင့်ပါသည်။

## စကားရပ်တစ်ခုပြင်ဆင်ခြင်း

စကားရပ်တစ်ခုကို ပြင်ဆင်ရာတွင် စကားရပ်တစ်ခု၊ ပုဒ်မ၊ ပုဒ်မခွဲတစ်ခုခုကို အစားထိုးခြင်း (Substitution)၊ ဖြည့်စွက်ခြင်း (Insertion) နှင့် ပယ်ဖျက်ခြင်း (Deletion) တို့ ပြုလုပ်ရပါသည်။ ပြင်ဆင်သည့် ဥပဒေတွင် မူရင်းဥပဒေပါ ပြဋ္ဌာန်းချက်များအားလုံးထဲမှ လိုအပ်သည့်အခန်းထဲမှ ပုဒ်မတစ်ခုခုပါ ပြဋ္ဌာန်းချက်ကို ပြင်ဆင်ခြင်းဖြစ်၍ မူရင်းဥပဒေကဲ့သို့ အခန်းများခွဲ၍ ဖော်ပြရန်မလိုပါ။

## ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့်ပြင်ဆင်သည့် ဥပဒေအမည်

မြန်မာနိုင်ငံတွင် ပြင်ဆင်သည့်ဥပဒေ၏ အကြိမ်အရေအတွက်ဖြင့် ပြင်ဆင်သည့်ဥပဒေများကို လေ့လာရာတွင် ၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော်ကာလ မတိုင်မီအထိ ဥပဒေများ၌ တစ်နှစ်တည်းတွင် တစ်ကြိမ်ထက်ပို၍ ပြင်ဆင်မှသာ ဥပဒေ၏အမည်တွင် ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့် ထည့်သွင်းခေါ်ဆိုလေ့ရှိကြောင်း ဖတ်ရှုရပါသည်။

## တည်ဆဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ

တည်ဆဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ၏ အမည်၊ ခုနှစ်၊ အကြိမ်နှင့် အသုံးအနှုန်းတို့ကို ခေတ်ကာလအလိုက် အမျိုးမျိုးရေးသားကြသဖြင့် တစ်ညီတစ်ညွတ်တည်းဖြစ်စေရန် ပြင်ဆင်သည့် ဥပဒေ၏ အမည်နောက်တွင် ပြင်ဆင်သည့်ခုနှစ်ကို ကွင်းစ ကွင်းပိတ် “( )” ဖြင့် သီးခြားဖော်ပြပေးရန် ဖြစ်ပါသည်။

## ပုဒ်မနှင့်ပုဒ်မခွဲတို့ကို

### အစားထိုးခြင်း၊ ပယ်ဖျက်ခြင်းနှင့် ဖြည့်စွက်ခြင်း

ဥပဒေတစ်ခုတွင် ပါရှိသော ပုဒ်မ၊ ပုဒ်မခွဲအချို့ကို ပယ်ဖျက်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့အပြင် အစားထိုးခြင်းများလည်းရှိသည်။ ပုဒ်မကို အစားထိုးရာတွင် ပုဒ်မတစ်ခုချင်းကို အစားထိုးနိုင်သကဲ့သို့ ပုဒ်မတစ်ခုထက်ပို၍ ပုဒ်မအစဉ်အလိုက် တန်းစီ၍ အစားထိုးသည်များလည်းရှိသည်။

## စကားရပ်များ အစားထိုးခြင်း

စကားရပ်များအစားထိုးခြင်းနှင့်စပ်လျဉ်း၍ ဥပဒေတစ်ခုလုံးတွင် ပါရှိသည့် စကားရပ်အစားထိုးခြင်းနှင့် ပုဒ်မတစ်ခု သို့မဟုတ် ပုဒ်မခွဲတစ်ခု၏ စကားရပ်ကို အစားထိုးခြင်းဟူ၍ ရှိသည်။ ဥပဒေ တစ်ခုလုံးတွင် ပါရှိသည့် စကားရပ်ကို အစားထိုးသည့် ဥပဒေအချို့လည်းရှိသည်။ ဤသို့ အစားထိုးသည့်အခါ မည်သည့်ပုဒ်မ၊ မည်သည့်ပုဒ်မခွဲ ဟူ၍ ဖော်ပြရန်မလိုဘဲ ဤဥပဒေတွင် ပါရှိသော မည်သည့်စကားရပ်ကို မည်သည့်စကားရပ်ဖြင့် အစားထိုးရမည်ဟု ရေးရသည်။

## စေတနာ

ဥပဒေပြင်ဆင်ခြင်းအကြောင်း ဖော်ပြပါရှိသော ပြည်ထောင်စုရှေ့နေချုပ်ရုံးက ထုတ်ဝေသည့် ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန်စာအုပ်ကို ရည်ညွှန်းကိုးကားပြီး တွေးခေါ်စဉ်းစားမိသော ကျွန်ုပ်တော်၏ စေတနာဥပဒေအတွေး မျှသာပါ။ ။

# အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများ ကြိုတင်ဆန္ဒမဲများပေးလျက်ရှိ

## ရန်ကုန်

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးသူများ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကင်းဝေးစေလျက် ကြိုတင်ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ အိမ်တိုင်ရာရောက်ကြိုတင်ဆန္ဒမဲကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၀ ရက် ဒုတိယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ အသက် ၆၀ နှင့်အထက် အသက်အရွယ်ကြီးသူတို့ မိမိနေအိမ်မှနေ၍ စိတ်အေးချမ်းသာစွာဖြင့် ဆန္ဒမဲပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တွင် အသက် ၆၀ နှင့်အထက် ဆန္ဒမဲပေးနိုင်သူ ၂၅၀၀၀၀ ကျော်ရှိကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရပြီး လှိုင်သာယာမြို့နယ် (အရှေ့ပိုင်း) တွင် အသက် ၆၀ နှင့်အထက် ၂၇၄၀၀ ကျော်နှင့် မသန်စွမ်း ၂၆၀၀ ကျော်၊ လှိုင်သာယာမြို့နယ်(အနောက်ပိုင်း)တွင် အသက် ၆၀ နှင့်အထက် ၃၀၀၀၀ ကျော်နှင့် မသန်စွမ်း ၃၅၀ ကျော်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။ **သန်းထိုက်**

## မိုင်းယောင်း

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကာက်ပွဲအတွက် အသက် ၆၀ နှင့်အထက် အဘိုးအဘွားများနှင့် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများသည် အောက်တိုဘာ ၃၀ ရက်က စတင်၍ သက်ဆိုင်ရာ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့၌ ကြိုတင်ဆန္ဒမဲများ ပေးနေပြီဖြစ်ပြီး မဲပေးရာ၌ စနစ်တကျဖြစ်စေရေး တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုဆောင်ရွက်ပေးကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးအတွက် မိုင်းယောင်းနှင့် မိုင်းယုအတွင်း မြို့ပေါ်ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအုပ်စု ၁၂ အုပ်စုတို့မှ မဲရုံပေါင်း ၆၈ ရုံဖြင့် ကျင်းပမည်ဖြစ်ပြီး မြို့နယ်လုံးကျွတ်အနေဖြင့် အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူ ၂၇၀၀၀ ကျော်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။ **အားချာ(ပြန်/ဆက်)**



အောက်တိုဘာ ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ မဲပေးနိုင်ရေးအတွက် (၅) ရပ်ကွက်၊ ပင်းယ ၁၃ လမ်းထိပ် စုရပ်ယာယီမဲရုံတွင် စီစဉ်ထားရာ မဲဆန္ဒရှင်တစ်ဦး ကြိုတင်ဆန္ဒမဲပေးစဉ်။

ဝင်းမြင့်ထွန်း (တောင်ဥက္ကလာ)




မွန်ပြည်နယ် ရေးမြို့နယ်တွင် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်ပြည်သူများ အောက်တိုဘာ ၃၀ ရက်က ကြိုတင်ဆန္ဒမဲပေးနေစဉ်။ မြို့နယ်(ပြန်/ဆက်)

# ကျေးလက်နေပြည်သူများရဲ့ မိသားစုဝင်ငွေတိုးပွားရေးကို ဖော်ဆောင်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်း သိကောင်းစရာ

ဒေါက်တာဇာနည်မင်း (ကျေးလက်ဦးစီး)

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာ မူဘောင်နှင့်အညီ ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည် တိုးတက်လာစေရန် ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။**





မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးမှု

စီမံကိန်းကို ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ကျေးရွာ ၅၂၈၃ ရွာ ဆောင်ရွက်ခဲ့ပြီး ဘဏ္ဍာငွေရရှိမှု အပေါ်မူတည်၍ နှစ်စဉ်တိုးချဲ့ဆောင်ရွက် လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၂၆၁၆ ရွာ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၂၀၂၂ ရွာ၊ ၂၀၁၈ ခြောက်လဘတ်ဂျက်တွင် ကျေးရွာ ၂၃၅ ရွာ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၉၄၅ ရွာ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၅၇၀ ရွာ ဆောင်ရွက်ခဲ့သည့်အတွက် ငါးနှစ်တာကာလအတွင်း ကျေးရွာ ၆၃၈၈ ရွာတိုးချဲ့ဆောင်ရွက်နိုင်ခဲ့သဖြင့် စုစုပေါင်း ကျေးရွာ ၁၁၆၇၁ ရွာ ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်သည်။ နိုင်ငံ အဝန်းလွှမ်းခြုံမှု ရာခိုင်နှုန်းမှာ ၁၈ ဒသမ ၄၅ ရာခိုင်နှုန်း ထိ ရောက်ရှိနေပြီဖြစ်သည်။

### လွှမ်းခြုံမှု

ပြည်နယ်/တိုင်းဒေသကြီးအလိုက် စီမံကိန်းကျေးရွာများ ခွဲဝေပေးရာတွင် ရှိရင်းကျေးရွာ အရေအတွက်၊ မြို့နယ်အလိုက် ချို့တဲ့မှုညွှန်းကိန်းများအပေါ် အခြေခံ၍ ခွဲဝေဆောင်ရွက်လျက်ရှိရာ ကျေးရွာအရေအတွက်အနည်းဆုံးဖြစ်သည့် ကယားပြည်နယ်၌ လွှမ်းခြုံမှု (၂၇ ဒသမ ၂၇ ရာခိုင်နှုန်း၊ ဆင်းရဲမှု ရာခိုင်နှုန်း အများဆုံးဖြစ်သည့် ချင်းပြည်နယ်၌လွှမ်းခြုံမှု ၂၆ ဒသမ ၈၁ ရာခိုင်နှုန်း၊ ဆင်းရဲမှု မြင့်မားသော်လည်း လုံခြုံရေး ကန့်သတ်ချက်ရှိသည့် ရခိုင်ပြည်နယ်၌ လွှမ်းခြုံမှု ၁၉ ဒသမ ၃၃ ရာခိုင်နှုန်းနှင့် ကျန်ပြည်နယ်/ တိုင်းဒေသကြီးတို့တွင် ပျမ်းမျှလွှမ်းခြုံမှု ၁၇ ရာခိုင်နှုန်း ရှိပြီဖြစ်ကြောင်း သိရသည်။

### ပွင့်လင်းမြင်သာစွာ

မြို့နယ်အလိုက် စီမံကိန်းကျေးရွာများရွေးချယ်ရာ တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသ အုပ်ချုပ်ရေး အဖွဲ့များ၊ မြို့နယ် စီမံကိန်းအကောင်အထည်ဖော်ရေးလုပ် ငန်းကော်မတီများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်၍ အောက်ပါ ညွှန်းကိန်းများအပေါ် အခြေခံပြီး ကျေးရွာများအား ပွင့်လင်းမြင်သာစွာ စိစစ်ရွေးချယ် ခဲ့သည်–

(က) ဆင်းရဲသောကျေးရွာ၊

(ခ) စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသော ကျေးရွာ၊

(ဂ) တရားဥပဒေစိုးမိုးခြင်း၊

(ဃ) ကျေးရွာသူ/သားများ၏ စိတ်အားထက်သန်မှု၊ စည်းလုံးညီညွတ်မှု၊ (ကျေးရွာများမှ စီမံကိန်း ဆောင်ရွက်ရန် လိုလားစွာတင်ပြတောင်းဆိုမှု)၊

(င) လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှုနှင့် နယ်မြေလုံခြုံတည်ငြိမ် အေးချမ်းမှု၊

(စ) အိမ်ခြေ အနည်းဆုံး ၈၀ နှင့် အထက်ရှိသော ကျေးရွာ။ (အကယ်၍အိမ်ခြေ(၈၀)အောက် လျော့နည်းပါက အုပ်ချုပ်မှုလွယ်ကူသည့် နီးစပ်ရာ ကျေးရွာများနှင့် ပေါင်းစပ် ဖွဲ့စည်းခြင်း)

ကျေးရွာအဆင့်၌ ကျေးရွာမှ အများသဘောတူ မဲစနစ်ဖြင့် ရွေးချယ်တင်မြှောက်ထားသော မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ ချေးငွေ ထုတ်ချေးခြင်း၊ ပြန်လည် ကောက်ခံခြင်း၊ စီမံကိန်းရန်ပုံငွေ စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ အတိုးနှုန်း ကို ငွေတစ်ရာ ကျပ်အတွက် တစ်လလျှင် ပြား ၅၀ နှုန်းမှ တစ်ကျပ်ပြား ၅၀ နှုန်း အတွင်း ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီမှ အများသဘောတူ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်သတ်မှတ်၍ ကျေးရွာအတွင်းရှိ အိမ်ထောင်စုများ ထံ ထုတ်ချေးကာ ရန်ပုံငွေတိုးပွားစေသော ရေရှည်တည်တံ့ လည်ပတ်စေမည့် နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေ တိုးပွားရေး လုပ်ငန်းများအပေါ် ထိခိုက်သက်ရောက်မှုသက်သာစေရန် နှင့် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် အတိုးနှုန်းအား ငွေတစ်ရာကျပ် အတွက် တစ်လလျှင် ပြား ၅၀ နှုန်းသို့ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ တစ်နှစ်တိတိ လျှော့ချသတ်မှတ်ပေးခဲ့သည်။

ရရှိသော စီမံကိန်းရန်ပုံငွေများဖြင့် ကျေးလက်အိမ်ထောင်စုများမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ စသည့် ဝင်ငွေတိုးပွားရေး လုပ်ငန်းများကို ဖော်ပြပါဇယားအတိုင်း လည်ပတ် ဆောင်ရွက်နိုင်ခဲ့သည်–

| စဉ် | လုပ်ငန်း | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး | ၅၇၂၆၂၁ | ၅၇.၉၅ % |
| ၂ | မွေးမြူရေး | ၃၄၄၄၆၇ | ၂၇.၁၂ % |
| ၃ | ရေလုပ်ငန်း | ၃၁၂၁၀ | ၂.၂၃ % |
| ၄ | မီးလင်းရေး | ၄၄၄ | ၀.၀၄ % |
| ၅ | ကုန်ထုတ်လုပ်ငန်း | ၈၁၂၆ | ၀.၇၉ % |
| ၆ | အရောင်းအဝယ် | ၉၄၄၂၉ | ၉.၃၁ % |
| ၇ | အသက်မွေးဝမ်းကျောင်းလုပ်ငန်း | ၃၅၂၂၇ | ၂.၅၆ % |
| | စုစုပေါင်း | ၁၀၈၆၅၂၄ | ၁၀၀ % |

မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်သည့် ကျေးရွာ တစ်ယူနစ်လျှင် အရင်းမပျောက် လည်ပတ် ရန်ပုံငွေကျပ်သန်း ၃၀ မတည်ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အထိ ကျေးရွာ ၉၅၄၉ ယူနစ်၊ အကျိုးပြုကျေးရွာ ၁၁၆၇၁ ရွာအား ရန်ပုံငွေကျပ် ၂၈၆ ဒသမ ၄၇ ဘီလီယံဖြင့် အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ရာ ယခုကာလအထိ စီမံကိန်းမှ ၁၆၉ ဒသမ ၃၄၄ ဘီလီယံ တိုးပွားလာပြီဖြစ်သည်။

စီမံကိန်းကာလ(၃)နှစ်ပြည့်မြောက်ပြီး စတုတ္ထနှစ် သို့မဟုတ် အတိုးရငွေစုစုပေါင်း ကျပ် ၁၀ သန်းနှင့် အထက်ရရှိသော စီမံကိန်းကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ စီမံကိန်း အတိုးရငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် စီမံကိန်းကျေးရွာ ၁၇၅၃ ရွာတွင် အောက်ပါ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်း ၂၁၀၀ ခုကို ဆောင်ရွက်နိုင်ခဲ့သည်–

(ကျပ်သန်း)

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက် | အတိုးရငွေ (၅၀%)မှသုံးစွဲငွေ | ပြည်သူထည့်ဝင်ငွေ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | လမ်း/တံတား | ၁၁၁၃ | ၇၁၁၆.၆၀၃ | ၁၅၆၉.၉၀၉ | ၈၆၈၆.၅၁၂ |
| ၂ | ရေရရှိရေး | ၁၃၇ | ၆၂၅.၈၇၆ | ၂၉၈.၈၂၅ | ၉၂၄.၇၀၁ |
| ၃ | မီးလင်းရေး | ၄၉၈ | ၃၅၉၆.၀၆၂ | ၄၆၅၈.၈၇၅ | ၈၂၅၄.၉၃၇ |
| ၄ | ပညာရေး | ၁၀၈ | ၇၁၁.၀၃ | ၂၄၅.၄၆၄ | ၉၅၆.၄၉၄ |
| ၅ | စာကြည့်တိုက် | ၈ | ၃၉.၂၂ | ၁၅.၆၇၂ | ၅၄.၈၉၂ |
| ၆ | ကျန်းမာရေး | ၅ | ၃၂.၅၁၈ | ၁၂.၁၀၀ | ၄၄.၆၁၈ |
| ၇ | ခန်းမဆောင် | ၁၁၅ | ၉၈၄.၈၉၆ | ၃၁၃.၃၁၄ | ၁၂၉၈.၂၁ |
| ၈ | အခြား | ၁၁၆ | ၅၆၇.၀၉၇ | ၁၄၄.၃၃၁ | ၇၁၁.၄၂၈ |
| | စုစုပေါင်း | ၂၁၀၀ | ၁၃၆၇၃.၃၀၂ | ၇၂၅၈.၄၉၀ | ၂၀၉၃၁.၇၉၂ |

မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ကျေးလက်အိမ်ထောင်စု ၁ ဒသမ ၀၈ သန်း၊ လူဦးရေ ၇ ဒသမ ၆ သန်းအား အကျိုးပြုလျက်ရှိပြီး ကျေးလက်နေ မိသားစုများ ဝင်ငွေတိုးပွားလာခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် နည်းပညာများရရှိလာခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသေးစားစီးပွား ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အကြွေး ဝန်ထုတ်ဝန်ပိုး လျော့ကျလာခြင်း၊တိုးပွားလာသောငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ အသိဉာဏ်နှင့် ဗဟုသုတများ တိုးပွားလာခြင်း၊ အမျိုးသမီးများ၏ ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာခြင်း စသည့် အကျိုးကျေးဇူးများစွာ ဖြစ်ပေါ်လျက်ရှိသည်။

### ပြည်သူများအသံ

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကူးတို့ ကျေးရွာနေ ပြည်သူတစ်ဦးက "မြစိမ်းရောင်ချေးငွေနဲ့ ဝက်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ပါတယ်။ ခုနစ်လ ခန့် မွေးမြူပြီးတဲ့အခါ နောက်ရလာတဲ့ အမြတ်ငွေနဲ့ တိုးချဲ့ မွေးမြူနိုင်ခဲ့ပါတယ်၊ ခုဆိုရင် မြစိမ်းရောင်ချေးငွေနဲ့ ဝက် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်လာနိုင်ပြီး မိသားစု စားဝတ်နေရေး ချောင်လည်လာပါပြီ"ဟု ပြောသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် စွယ်တော်ကျေးရွာနေ ပြည်သူတစ်ဦးကလည်း "မြစိမ်းရောင်ချေးငွေရလာတော့ လယ်ယာလုပ်ငန်းအပြင် မုန့်ဟင်းခါးနဲ့ အသုပ်ဆိုင်လေးပါ ဖွင့်လှစ်ခဲ့ပါတယ်။ အတိုးနှုန်းလဲသက်သာတော့ အခုဆို တစ်စတစ်စနဲ့ ရင်းနှီးခဲ့တာ မိသားစုရဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစတာတွေ အဆင်ပြေလာပါတယ်"ဟု ပြောဆိုသည့် ကျေးလက်ပြည်သူများ၏ အသံများလည်း ကြားသိရသည်။

စီမံကိန်းဆောင်ရွက်ရာတွင် အချို့ကျေးရွာများ၌ ဝေးလံသဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ ဘာသာစကား နားလည်မှု အခက်အခဲရှိခြင်းနှင့် အချို့သော ကျေးရွာများတွင် နယ်မြေ လုံခြုံမှု ကောင်းမွန်မှု မရှိခြင်း စသည့် အခက်အခဲများကြောင့် လုပ်ငန်းအခက်အခဲများ ဖြစ်ပေါ်ခဲ့ သော်လည်း တာဝန်ရှိသူအဆင့်ဆင့်မှ အနီးကပ်ကြီးကြပ်၍ ဖြေရှင်းစီမံဆောင်ရွက်နေကြောင်း လည်း သိရသည်။

ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင် ကျေးရွာစီမံကိန်းအား ကျေးရွာ ၄၀၀ ယူနစ် တိုးချဲ့ ဆောင်ရွက်မည်ဖြစ်ပြီး ပြည်နယ်/တိုင်းဒေသကြီး အလိုက် ကျေးရွာရွေးချယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ စီမံကိန်း စီမံခန့်ခွဲမှုစနစ် ပိုမိုကောင်းမွန် စေရေးအတွက် MIS စနစ်ဖြင့် စောင့်ကြည့်စစ်ဆေး အကဲဖြတ်ခြင်း၊ စီမံကိန်းကျေးရွာများတွင် လက်ရှိ ဆောင်ရွက် လျက်ရှိသော ငွေသားပေးချေမှုစနစ် (Cash-based) မှ Online Payment (Digital Financing) စနစ်သို့ ပြောင်းလဲဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

# ချင်းတိုင်းရင်းသား ဇိုမီးလူမျိုးနွယ်စုတို့၏ရိုးရာ ခွာဒိုပွဲတော်

**နေစု(ချင်းရိုးမ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုး စုပေါင်းမှီတင်း နေထိုင်ကြပြီး တိုင်းရင်းသားလူမျိုးတိုင်းသည် နေရာဒေသအလိုက် ကိုယ်ပိုင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ဘာသာစကား၊ စာပေ၊ ရိုးရာသီချင်း၊ ရိုးရာအက၊ ပွဲလမ်းသဘင်၊ ရိုးရာဝတ်စုံနှင့် အယူဝါဒများ ကိုယ်စီရှိကြသည်။ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးအနက် ၅၃ မျိုးမှာ ချင်းလူမျိုးများဖြစ်ကြရာ ချင်းတိုင်းရင်းသား မျိုးနွယ်စုတစ်ခုဖြစ်သော ဇိုမီးလူမျိုးနွယ်စုတို့၏ တစ်နှစ်တာအတွင်း ကျင်းပပြုလုပ်သည့် ပွဲတော် ၁၈ မျိုးအနက် အမွန်မြတ်ဆုံးနှင့် အရေးအကြီးဆုံး ပွဲတော်မှာ ခွာဒိုပွဲတော်(ခေါ်) ကောက်သစ်စားပွဲ (Khuado Pawipi)ပင် ဖြစ်သည်။

## ခွာဒိုပွဲတော် အချက်အလက်များ

ခွာဒိုပွဲတော်ကို မည်သည့်အချိန်က စတင်ကျင်းပခဲ့သည်ကို အတိအကျဖော်ပြ၍ မရနိုင်သော်လည်း ဇိုမီးလူမျိုးနွယ်စုများ တောင်ပေါ်ဒေသများသို့ ပြောင်းရွှေ့နေထိုင်ပြီး ကျိမ်နွဲ့ဒေသတွင် စတင်အခြေချ နေထိုင်ခဲ့သည့် အေဒီ ၁၄ ရာစုခန့်မှစ၍ ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ကြောင်း သမိုင်းသုတေသန ပညာရှင်များ၏ တွေ့ရှိချက်မှတ်တမ်းအထောက်အထားများအရ သိရသည်။ သို့ဖြစ်၍ ရိုးရာခွာဒိုပွဲတော် ကျင်းပခဲ့သောသက်တမ်းသည် အနည်းဆုံး နှစ်ပေါင်း ၆၀၀ ကျော် ကြာမြင့်ပြီဟု ခန့်မှန်း၍ ဆိုနိုင်ပေသည်။

ခွာ(Khua)၏ အဓိပ္ပာယ်မှာ ဤစကြဝဠာတစ်ခုလုံးကို ကောင်းကင်ဘုံ၊ လူ့ဘုံနှင့် မြေအောက်ဘုံဟူ၍ ဘုံသုံးဘုံအနက် လူ့ကမ္ဘာဘုံကို လူ့ပြည်လူ့ရွာ(ခွာ)ဟုခေါ်ပြီး ထိုလူ့ကမ္ဘာဘုံ(ခွာ)ကို နတ်ကောင်းနတ်မြတ်များနှင့် ကွယ်လွန်သူ ဘိုးဘေးများ၏ ဝိညာဉ်များက ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်ဟု ရှေးအခါက ယုံကြည်ကြသည်။ ဒို(Do)၏ အဓိပ္ပာယ်မှာ နှစ်မျိုးရှိရာ ပထမဒို၏အဓိပ္ပာယ်မှာ တစ်ဦးနှင့်တစ်ဦး ဖော်ရွေစွာ ဧည့်ဝတ်ပြုခြင်း၊ ကျွေးမွေးဧည့်ခံခြင်း၊ ပြုစုစောင့်ရှောက်ခြင်းဖြစ်ပြီး ဒုတိယဒို၏ အဓိပ္ပာယ်မှာ တိုက်ခိုက်ခြင်း၊ နှင်ထုတ်ခြင်းနှင့် ချေမှုန်းခြင်းဟု အဓိပ္ပာယ်ရသည်။

ခွာဒိုပွဲတော်ကို ရွာသူရွာသားများ ကျန်းမာပျော်ရွှင်ရေး၊ အနာရောဂါ ကင်းဝေးစေရေး၊ လာမည့်နှစ်သစ်၌ ရာသီဥတုကောင်းမွန်ပြီး သီးနှံများ ဖြစ်ထွန်းအောင်မြင်စေရေး၊ တိုင်းပြည် အေးချမ်းသာယာ၍ ချစ်ခင်ရင်းနှီးမှုရှိစေရေး၊ ကောင်းကျိုးမပေးသော နတ်ဆိုးများကို နှင်ထုတ်ပြီး ကောင်းကျိုးချမ်းသာပေးတတ်သော နတ်ကောင်းနတ်မြတ်များအား ပူဇော်ပသခြင်းဖြင့် ဆုတောင်းပွဲပြုလုပ်ရေးဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

## ခွာဒိုပွဲကျင်းပသည့်နေ့ရက် သတ်မှတ်ခြင်း

ဇိုမီးမျိုးနွယ်စုများတွင် တစ်နှစ်လျှင် ၁၂ လရာသီရှိပြီး ၎င်းလများ အမည်သတ်မှတ်ပုံမှာ ထေးနိုးစိလ (Theino-sih kha)၊ တွန်လ(Tun kha)၊ ဒိုတာလ(Dota kha)၊ ဒိုပီးလ (Do kha)၊ ဇိန်လ(Zing kha)၊ ဂမ်လ(Gam kha)၊ တာန်စိလ (Tangsih kha)၊ ခွာဒိုလ(Khuado kha)၊ တာန်လ(Tang kha)၊ ဖာလ်လ(Phal kha)၊ နိုလ(No kha)၊ ကာအို လ(Kau kha) ဟု ခေါ်ဝေါ်သမုတ်ကြသည်။ ရှေးဘိုးဘေးလက်ထက်တွင် ဝမ်းစာအတွက် လူး၊ ဆပ်များကို ဦးစားပေး စိုက်ပျိုးကြသောကြောင့် လူး၊ ဆပ်များ ရိတ်သိမ်းပြီးနောက် ခွာဒိုပွဲကို ကျင်းပပြုလုပ်လေ့ရှိကြသည်။ ၎င်းသည် ခွာဒိုလအတွင်းဖြစ်ပြီး အင်္ဂလိပ်ပြက္ခဒိန်အရ ဩဂုတ်လကုန်ပိုင်းဖြစ်ရာ ယခုအချိန်တွင် ပြောင်းဖူးနှင့် ဆန်စပါးကို ဦးစားပေး စိုက်ပျိုးလာသောကြောင့် ကောက်ရိတ်သိမ်းချိန်သည် တာန်လကုန်ပိုင်း သို့မဟုတ် ဖာလ်လဆန်း ဖြစ်လာသည်။ တောင်ယာစိုက်ပျိုးသော သီးနှံအမျိုးအစား၊ ရေမြေသဘာဝ ပထဝီအနေအထား၊ ရာသီဥတုအလိုက် ဒေသတစ်ခုနှင့်တစ်ခု ကျင်းပချိန် မတူညီသော်လည်း အများအားဖြင့် နှစ်စဉ် စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ကျင်းပလေ့ရှိကာ ပွဲတော်ကို ကျင်းပသည့်ရက်မှာလည်း နှစ်ရက်မှ ရက်သတ္တတစ်ပတ်အထိ ကြာမြင့်တတ်သည်။

ကောက်လှိုင်းများ ရိတ်သိမ်းပြီးစီးသောအခါ ပွဲတော်ကျင်းပရမည့်နေ့ရက် သတ်မှတ်နိုင်ရန် ရွာသူကြီး သို့မဟုတ် နတ်ဆရာနေအိမ်၌ ဆွေးနွေးတိုင်ပင်ကြသည်။ အချို့သောဒေသများတွင် ခရီးထွက်လေ့ရှိသော အာဂန္တုသမားများ ဆုံစည်းနိုင်မည့် အချိန်နှင့် ရာသီဥတုအကောင်းဆုံးဖြစ်မည့် နေ့ကောင်းနေ့မြတ်ကို တူလ်ပီး(Tulpi)ဟုခေါ်သည့် နတ်ဆရာက ရွေးချယ်သတ်မှတ်ပြီးနောက် ရွာဆော်က ရွာထဲ၌ ခွာဒိုပွဲတော် ကျင်းပမည့်နေ့ရက်ကို ဆော်ဩသည်။ ယခုအခါ အများစုပေါင်း၍ တညီတညွတ် ကျင်းပလေ့ရှိသည်မှာ သီတင်းကျွတ်လပြည့်(မီးထွန်းပွဲတော်)နေ့တွင် ဖြစ်သည်။

ချင်းတိုင်းရင်းသားများတွင် မျိုးနွယ်စုကွဲများစွာ ရှိသည့်အတွက် ရိုးရာပွဲတော်တစ်ခုဖြစ်သည့် ခွာဒိုပွဲတော်ကျင်းပပုံများလည်း မတူညီကြပေ။ နေရာဒေသအလိုက် အမျိုးမျိုး ခေါ်ဝေါ်ကြသော်လည်း ခွာဒိုပွဲ၏ အနှစ်သာရမှာ သီးနှံများရိတ်သိမ်းပွဲ၊ ကောက်သစ်စားပွဲ၊ နှစ်သစ်ကူးပွဲ၊ မကောင်းဆိုးရွားများ နှင်ထုတ်သန့်ရှင်းစေပြီး ကောင်းချီးမင်္ဂလာများကို ကြိုဆို၍ ကျေးဇူးတော်ချီးမွမ်းပွဲနှင့် ပူဇော်ပသပွဲများပင် ဖြစ်သည်။

ရိုးရာခွာဒိုပွဲတော်ကို တီးတိန်၊ တွန်းဇံမျိုးနွယ်စုများက "ခွာဒိုပွဲ"၊ ဟားခါးမျိုးနွယ်စုများက "ထိုပွဲ"၊ ထန်တလန်မျိုးနွယ်စုများက "ထလိုင်ထာရ်ပွဲ"၊ ဖလမ်းမျိုးနွယ်စုများက "ဖာန်းအဲရ်"၊ "ဒေါင်းပွီး"၊ "ကုခ်"၊ "ထို"၊ "ထလိုင်ထာရ်ပွဲ"၊ မတူပီ မျိုးနွယ်စုများက "စပ်ယိုးမ်ပွဲ"၊ ကန်ပက်လက် မျိုးနွယ်စုများက "နာမ်းဘွေးပွဲ"၊ မင်းတပ်မျိုးနွယ်စုများက "ကုန်ကြီပွဲ"၊ ထာဒိုနှင့် မီဇိုး မျိုးနွယ်စုများက "ကြတ်ကြာကွတ်ပွဲ"ဟူ၍ ဒေသအလိုက် ခေါ်ဝေါ်ကြသည်။



၂၀၁၉ ခုနှစ်က ချင်းပြည်နယ်အစိုးရ၏ ဦးဆောင်မှုဖြင့် တီးတိန်မြို့၌ကျင်းပသော ရိုးရာခွာဒိုပွဲတော်။

## ချင်းရေးရာဦးစီးအဖွဲ့က ရက်သတ်မှတ်ခြင်း

ဒေသတစ်ခုနှင့်တစ်ခု ခွာဒိုပွဲတော်ကျင်းပသည့်ရက် မတူညီမှုကြောင့် တော်လှန်ရေးကောင်စီ လက်ထက်တွင် ချင်းရေးရာဦးစီးအဖွဲ့က ခွာဒိုပွဲတော်ကို အခါကြီးရက်ကြီး အဖြစ် သတ်မှတ်ပေးပြီး သီတင်းကျွတ်လဆန်း ၁၄ ရက် အဖိတ်နေ့၊ လပြည့်နေ့နှင့် လဆုတ် ၁ ရက်နေ့များတွင် ကျင်းပရန် သတ်မှတ်ပေးခဲ့ရာမှ ယနေ့တိုင်အောင် အစဉ်အလာမပျက် ကျင်းပနေကြသည်။

## ထင်းရှူးဆီခုတ်သည့်နေ့(Meilah Sat Ni)

Meilah Sat Ni ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ ခွာဒိုပွဲအတွက် မီးထွန်းရန် ထင်းရှူးဆီခုတ်သည့်နေ့ ဖြစ်သည်။ ရှေးခေတ်က ချင်းလူမျိုးများသည် ထင်းရှူးဆီကို မီးထွန်းရန် အဓိကအသုံးပြုခဲ့ရာ ခွာဒိုပွဲတွင် ထွန်းညှိရန် ထင်းရှူးပင်ခုတ်၍ ထင်းရှူးဆီကို စုဆောင်းကြခြင်းဖြစ်ပြီး ခွာဒိုပွဲအတွက် ပြင်ဆင်သောနေ့ဟုလည်း နားလည်၍ရသည်။

## ခွာဒိုပွဲအကြိုနေ့(Kaubet Ni)

ခွာဒိုပွဲအကြိုနေ့သည် ရွာထဲ၌ရှိသော နတ်ဆိုးများကို နှင်ထုတ်သောနေ့ဖြစ်သည်။ ဤနေ့တွင် ခွာဒိုပွဲအတွက် လိုအပ်သော ပစ္စည်းအသုံးအဆောင်များကို စုစည်းသောနေ့လည်း ဖြစ်သည်။ ဤနေ့တွင် အဖွဲ့အလိုက်၊ ဆွေမျိုးအလိုက် နေထိုင်ကြပြီး တော၌ရှိသောပျားအုံ သို့မဟုတ် မွေးထားသောပျားအုံများကို မီးရှို့၍ ဆွေမျိုးစုအစားအစာများ ချက်ပြုတ်လေ့ရှိပြီး ညစာကို စုပေါင်းစားသောက်ကြသည်။

ညအချိန်ရောက်သောအခါ စုန်းကဝေများ နှင်ထုတ်ရန်အတွက် ရွာလူကြီးအိမ်၌ အစပြု၍ တစ်ရွာလုံး ကိုယ့်အိမ်ကိုယ်စီမှ စုန်းကဝေဟုခေါ်သော Kau များကို နှင်ထုတ်ကြသည်။ နှစ်ဟောင်း၌ ရွာနှင့် အိမ်ထဲတွင် စုန်းကဝေများရှိပါက ထွက်သွားရန် နှင်ထုတ်ခြင်းဖြစ်သည်။ စုန်းကဝေ နှင်ထုတ်ခြင်းကို စတင်သောအခါ ရွာလူကြီးက ပေါက်တူးရိုးတစ်ချောင်းနှင့် ထင်းရှူးဆီတစ်စည်း ထွန်းညှိလျက် ကိုင်ထားပြီး စုန်းကဝေများ စတင်မောင်းထုတ်ကြသည်။ ထို့နောက် ဗုံ(Khuang)တီးသူ တစ်ဦး၊ မောင်းကြီး(Daktal)တီးသူ တစ်ဦး၊ မောင်းသေးတီးသူ တစ်ဦးနှင့် သေနတ်ကိုင်တစ်ဦး လိုက်ပါလျက် တစ်ဦးနှင့်တစ်ဦး တန်းစီ၍ နတ်ဆိုးများကို အိမ်ထဲမှ မောင်းထုတ်ကြသည်။

ချင်းလူမျိုးများသည် တစ်နှစ်တစ်ကြိမ် ခွာဒိုပွဲမတိုင်မီ အကြိုနေ့တွင် ရွာထဲရှိ နတ်ဆိုးများကို မောင်းထုတ်သည့် ဓလေ့ထုံးစံရှိသည်။ တစ်နှစ်တာလုံး စားသောက်မည့် အစားအစာများကို သန့်ရှင်းစေခြင်း၊ မကောင်းဆိုးရွားများ မောင်းထုတ်ဖယ်ရှားခြင်းဖြစ်သည်။

## ခွာဒိုပွဲအကျနေ့(Ompi Ni)

ဤနေ့တွင် ခွာဒိုပွဲ အခါသမယ၌ သုံးဆောင်ကြမည့် နွား၊ နွားနောက်၊ ဝက်များကို သတ်ကြသည်။ များသောအားဖြင့် ဆွေမျိုးအလိုက် လေးအိမ်၊ ငါးအိမ်စုပြီး အကောင်များသတ်ကြကာ သတ်သောအကောင်များသည် နှစ်စဉ်နှစ်တိုင်း တစ်အိမ်ပြီးတစ်အိမ် အလှည့်ကျမွေးမြူသော တိရစ္ဆာန်များ ဖြစ်သည်။ အလုပ်ပြီးသောအခါ လူငယ်များက ပျားအုံယူသောနေရာသို့ ပို့ရန် ကဇော်များကို အိမ်တိုင်း၌ တစ်တောင်းစီ ကောက်ခံကြသည်။ ထိုကဇော်များကို ခေါင်ရည်ဖြစ်စေပြီးနောက် ထိုခေါင်ရည်ကို ခွိုင်စယူခေါင်ရည်ဟု ခေါ်ဆိုသည်။

ညနေ ထမင်းစားချိန် ရောက်သောအခါ တစ်ဦးနှင့်တစ်ဦး အသားတုံးများကို ခွဲ့ကျွေးကြပြီး ခေါင်ရည်များကို ပါးစပ်၌ တော့ပေးကြသည်။ ထမင်းစားပြီးနောက် ကလေးများက တစ်ယောက်နှင့်တစ်ယောက် ဇောလ်အန်း(Zawl An)ဟုခေါ်သော ဝက်အူချောင်းနှင့် အသားဖတ်တုံးများကို လမ်းဆုံလမ်းခွ၌ လဲလှယ်ဝေငှကြ၍ မေတ္တာပြကြသည်။ ဤအရာသည် ကလေးသူငယ်များအတွက် အလွန် ပျော်စရာကောင်း၍ မမေ့နိုင်သော ခွာဒိုပွဲ၏ အရသာတစ်ခုဖြစ်သည်။ တိရစ္ဆာန်ကလီစာဖြင့် ပြုလုပ်သော ဝက်အူချောင်းသည် ချင်းလူမျိုးများ၏ ရိုးရာအစားအစာထဲတွင် တန်ဖိုးထားသောအရာတစ်ခု ဖြစ်သည့်အပြင် သက်ကြီးရွယ်အိုများကို လေးစားသောအနေဖြင့် ဦးချကာ ကျွေးမွေးလေ့ရှိသည်။

သက်ကြီးရွယ်အိုများက တစ်နှစ်တာအတွင်း သေဆုံးသူ စာရင်းအရ ကလီစာများပြုလုပ်ကာ တွဲ၍ထားကြပြီး အသား ကလီစာ တစ်တွဲနှင့် ခေါင်ရည်တစ်ပုလင်းစီကို သင်္ချိုင်းသို့ ပို့ကြသည်။ ၎င်းကို စိအန်းရှ(Sih Ansiah)ဟု ခေါ်သည်။ အဓိပ္ပာယ်မှာ တစ်နှစ်အတွင်း ကွယ်လွန်ပြီးသူများအား ရည်စူး၍ ပြုလုပ်ခြင်းဖြစ်သည်။ ယနေ့ခေတ်၌မူ ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာကြသောအခါ အသုဘအိမ်သို့သွားရောက်၍ မေတ္တာပြ ပို့ကြပါသည်။ ၎င်းသည် နှစ်ဟောင်းက သေဆုံးသူများအား နှုတ်ဆက်ခြင်း၊ သန့်ရှင်းစေခြင်းဖြစ်၍ အလွန့်အလွန်အရေးကြီးသော ဓလေ့ထုံးစံတစ်ခု ဖြစ်ပေသည်။

## မီးထွန်းခြင်းနှင့် နှစ်သစ်အတွက် ပျားအုံဖွင့်နိမိတ်ဖတ်ခြင်း

ခွာဒိုပွဲတော်၌ ပြင်ဆင်ထားသော ထင်းရှူးဆီများ ကိုင်ဆောင်၍ ရွာအပြင်ဘက်ရှိ သတ်မှတ်သည့်နေရာတစ်နေရာမှ ရွာအတွင်း စီတန်းဝင်ရောက်လျက် မီးထွန်းခြင်း၊ နှစ်သစ်အတွက် ပျားအုံဖွင့်ခြင်းနှင့် ပျားအုံနိမိတ်ဖတ်ခြင်းတို့သည် ရိုးရာခွာဒိုပွဲ၏ အဓိကလက္ခဏာတစ်ခုအဖြစ် ပါဝင်သည်။ မီးထွန်းပွဲပြုလုပ်ခြင်းသည် မကောင်းဆိုးရွား(နတ်ဆိုး)များကို ရွာအတွင်းမှ နှင်ထုတ်ရန်ဖြစ်ပြီး မိမိတို့ကျေးရွာကို သန့်ရှင်းစေသည့် ပွဲတော်အဖြစ်လည်း သိမှတ်ယုံကြည်ခဲ့ကြသည်။

လူငယ်လူရွယ်များက တောထဲမှ ရှာဖွေတွေ့ရှိသော ပျားအုံကို သယ်ဆောင်လာစဉ် ရွာအဝင်ရှိ ရွာလယ်ကွင်း (Khuatual)မှ ရွာသူရွာသား၊ အိမ်သူအိမ်သားများက ရိုးရာဗုံမောင်းများတီးလျက် မီးပုံပွဲပြုလုပ်၍ တေးသီချင်းများ သီဆိုကြပြီး လုံမပျိုလေးများကလည်း ခေါင်ရည်နှင့် အသားဟင်းလျာများဖြင့် ကြိုဆို တိုက်ကျွေးကြသည်။ ဆိုကြ၊ တီးကြ၊ ကကြရင်းဖြင့် တစ်ဦးနှင့်တစ်ဦး ခေါင်ရည် ငှဲ့ပေးကြပြီး အသားများကိုခွဲ့ကျွေး၍ မေတ္တာပြကြသည်။

ထို့နောက် ရှာမ်းပူ(Siampu)ခေါ် နတ်ဆရာ၊ ရိုးရာ ယစ်ပုရောဟိတ်ကြီးသည် ပျားအုံကိုဖွင့်၍ ဗေဒင်နိမိတ်ဖတ်ပြီး လာမည့်နှစ်တွင် ရပ်ရွာ အေးချမ်းသာယာပြီး ရောဂါအနာဘယ ကင်းဝေးမည်၊ ကောက်ပဲသီးနှံ အထွက်တိုးပြီး ဝမ်းစာဖူလုံမည် သို့မဟုတ် နှစ်သစ်တွင် တိုင်းပြည်မငြိမ်မသက်မှုများ ဖြစ်ပေါ်လာပြီး ကျေးရွာပြောင်းရွှေ့ရမည့် အခြေအနေရှိမည်၊ သီးနှံအထွက်မကောင်းသည့်အပြင် အနာရောဂါထူပြော၍ အသေအပျောက်များမည်ဟု ကြိုတင်ခန့်မှန်းကြသည်။

## နှစ်သစ်ကူးနေ့သို့မဟုတ် ခုနှစ်ပိုင်းခြားသည့်နေ့

ခွာဒိုပွဲအပြီး နောက်တစ်ရက် နှစ်ဆန်း ၁ ရက်နေ့ကို နှစ်သစ်ကူးနေ့ဟု သတ်မှတ်ရာ အိမ်တွင် အနားယူလေ့ရှိကြပြီး တောင်ယာသွားခြင်း၊ ခရီးထွက်ခြင်းများ မပြုလုပ်ရပါ။ ပြုလုပ်မိပါက ကျိန်စာသင့်တတ်သည်ဟု ယူဆကြသည်။ ခွာဒိုပွဲတော်ကို တောင်ယာသီးနှံများ ရိတ်သိမ်းပြီးချိန်တွင် ကျင်းပခြင်းကြောင့်လည်းကောင်း၊ ခွာဒိုပွဲတော်အပြီး နောက်တစ်ရက် နှစ်ဆန်း ၁ ရက်နေ့ကို နှစ်သစ်ကူးပွဲတော်အဖြစ် သတ်မှတ်ခြင်းကြောင့်လည်းကောင်း၊ ခွာဒိုပွဲတော်ကို ခုနှစ်ပိုင်းခြားသည့်ပွဲတော်(Kumkhen Pawi) ဟူ၍လည်း ခေါ်ဝေါ်သည်။

ရှေးအခါက ခွာဒိုပွဲတော်ကျင်းပခြင်းသည် နှစ်ဟောင်းကုန်၍နှစ်သစ်ကူးကာလတွင် ကောက်သစ်စားပွဲ(Tuktun, Anlak Pawi)ကျင်းပခြင်း၊ ဘိုးဘေးတို့၏ ဝိညာဉ်များကို ပူဇော်ကန်တော့ခြင်း စသည်ဖြင့် လူမှုရေးနှင့် ဘာသာရေး အဓိပ္ပာယ်ဆောင်သော ပွဲတော်အဖြစ်မှ ယခုအခါ ထိုထက်မက ပိုမိုလေးနက် အဓိပ္ပာယ်ရှိလာကာ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ချင်းလူမျိုးများ၏ ခိုင်မာသော ရိုးရာဓလေ့ ထုံးတမ်းစဉ်လာနှင့် ပွဲတော်များရှိသော လူမျိုးတစ်မျိုးအဖြစ် ကမ္ဘာ့အလယ်တွင် အမျိုးဇာတိဂုဏ်ကို တင့်တယ်စေခြင်းစသော အဓိပ္ပာယ်များပါ ဆောင်လာသည်။

ထို့ကြောင့် ချင်းပြည်နယ်အတွင်းရှိ မြို့ပေါ်/ရပ်ကွက်/ကျေးလက်ဒေသများမှအစ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဇိုမီးမျိုးနွယ်စုများ နေထိုင်ရာ ကလေးဒေသနှင့် တမူးဒေသအဆုံး ပွဲတော်ကို နှစ်စဉ်ကျင်းပကြသည့်အပြင် နိုင်ငံရပ်ခြားရှိ ဇိုမီးမျိုးနွယ်စုများကပါ ရိုးရာ ခွာဒိုပွဲတော်ကို နှစ်စဉ် အစဉ်အလာမပျက် ဆင်ယင်ကျင်းပနေကြခြင်း ဖြစ်ပေတော့သည်။ ။

# ရန်ကုန်တိုင်းဒေသကြီး၌ ကိုဗစ်-၁၉ ကုသရေးတာဝန်ထမ်းဆောင်မည့် တနင်္သာရီတိုင်းဒေသကြီးမှ ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြု

**ထားဝယ် အောက်တိုဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး၌ ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများတွင် ပါဝင်ကူညီနိုင်ရန် တနင်္သာရီတိုင်းဒေသကြီးမှ တတိယအသုတ် သွားရောက်တာဝန်ထမ်းဆောင်မည့် ကျန်းမာရေးဝန်ထမ်းများအား တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ဂုဏ်ပြုပွဲကို ထားဝယ်မြို့တော်ခန်းမ၌ အောက်တိုဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ရန်ကုန်တိုင်းဒေသကြီးမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် အားဖြည့်ကူညီနိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီးမှ တတိယအသုတ်အနေဖြင့် သွားရောက်မည့် သူနာပြု ဆရာ/ ဆရာမများအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က အထူးပင် အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ပိုးတွေ့ အတည်ပြုသူ ၅၀၄၀၃ ဦး နှင့် သေဆုံးသူ ၁၁၉၉ ဦး ရှိနေပြီး ကိုဗစ်-၁၉ ဖြစ်ပွားမှုမှာ အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပါ ကူးစက်ပျံ့နှံ့နေသော်လည်း ရန်ကုန်တိုင်းဒေသကြီးတွင် ကူးစက်မှုနှုန်းမှာ တစ်ပြည်လုံး၏ ၈၀ ရာခိုင်နှုန်း ဝန်းကျင်အထိ ရှိကာ ဖြစ်ပွားမှုနှုန်း များပြားနေသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများကိုလည်း တိုးချဲ့ဖွင့်လှစ်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများဖြင့် မလုံလောက်သည့်အတွက် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှကျန်းမာရေးဝန်ထမ်းများကို ခေါ်ယူ တာဝန်ပေးအပ်ထမ်းဆောင်စေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများတွင် ပါဝင်ကူညီမည့် ကျန်းမာရေးဝန်ထမ်း ၂၃ ဦးအား ဂုဏ်ပြုထောက်ပံ့ငွေကျပ် ၁၁၅၀၀၀၀ နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် သွားရောက်တာဝန်ထမ်းဆောင်နေပြီဖြစ်သော တနင်္သာရီတိုင်းဒေသကြီးထဲမှ ပထမအသုတ် ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ဂုဏ်ပြုငွေ ကျပ် ၁၀ သိန်းကို တိုင်းဒေသကြီးဝန်ကြီးက ပေးအပ်ခဲ့သည်။

ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေး လူထုအခြေပြု အထောက်အကူပြုအဖွဲ့မှ အတွင်းရေးမှူး ဦးကျော်ကျော်ဦးကလည်း ဂုဏ်ပြုထောက်ပံ့ငွေကျပ် ၁၁၅၀၀၀၀ ကို ပေးအပ်ခဲ့ကာ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးကလည်း ဂုဏ်ပြုထောက်ပံ့ငွေကျပ် ၁၁၅၀၀၀ ကို ပေးအပ်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)



တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက ကျန်းမာရေးဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်စဉ်။

# ဒလမြို့နယ်၌ ပြည်သူမှပြည်သူသို့ မျှဝေခြင်းအဖွဲ့က အိမ်ထောင်စု ၃၀၀ အား အခြေခံစားကုန်များလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၃၁**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသော ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်မှ စားသောက်ရေးအခက်အခဲရှိသော အခြေခံ လက်လုပ်လက်စား လူတန်းစား အိမ်ထောင်စု ၃၀၀ အတွက် အခြေခံစားကုန်များကို ရန်ကုန်မြို့ရှိ ပြည်သူမှပြည်သူသို့မျှဝေခြင်းအဖွဲ့က အောက်တိုဘာ ၂၉ ရက်က လာရောက်ထောက်ပံ့လှူဒါန်းသည်။

ဒလမြို့နယ် တံတားချောင်း စံပြကျေးရွာအုပ်စု စံပြ(၅)လမ်းနှင့် စံပြ(၇)လမ်းတို့ရှိ အိမ်ထောင်စု ၂၀၀၊ အုံ့ကြီးအနောက်ရပ်ကွက် ဗန္ဓုလ(၂)လမ်းရှိ အိမ်ထောင်စု ၅၀ နှင့် တပင်ရွှေထီးရပ်ကွက် ပတ်လမ်းရှိ အိမ်ထောင်စု ၅၀၊ စုစုပေါင်း အိမ်ထောင်စု ၃၀၀ အား တစ်အိမ်ထောင်လျှင် ဆန် ခြောက်ပြည်၊ ဆီ ၃၀ ကျပ်သား၊ ငါးသေတ္တာ နှစ်ဘူး၊ ကြက်ဥ ၁၀ လုံး၊ ခေါက်ဆွဲခြောက် တစ်ထုပ်၊ ကုလားပဲ ၂၅ သား၊ လက်ဖက်ထုပ်များနှင့် မုန့်များ စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၅၀ ကို လှူဒါန်းသည်။



အဆိုပါ လှူဒါန်းမှုတွင် လိုအပ်သည်များကို ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်၊ We Love Yangon-Dala အဖွဲ့နှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် ပြည်သူမှပြည်သူသို့ မျှဝေခြင်း အဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ပထမအကြိမ်ဖြစ်ပွားသည့် ကာလကလည်း ဒလမြို့နယ်အတွင်းရှိ အနေးယာဉ်ဆိုက်ကားသမား ၅၀၀ အား အခြေခံစားသောက်ကုန်များ လှူဒါန်းခဲ့ကြောင်း သိရသည်။ နိုင်လင်းကျော်(ဒလ)

# ရေဆင်းစပ်မျိုးနေကြာ-၂ မျိုးစေ့အထွက်နှုန်း အမြင့်မားဆုံးရရှိနိုင်သော နည်းစနစ်ရှာဖွေ

**နေပြည်တော် အောက်တိုဘာ ၃၁**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဆီထွက်သီးနှံ သုတေသနဌာနစုရှိ သုတေသနပညာရှင်များ၏ ကြိုးစားဆောင်ရွက်မှု ရလဒ်အဖြစ် ရေဆင်းစပ်မျိုးနေကြာ-၂ မျိုးသစ်ကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီးဖြစ်ကာ ယင်းမျိုးသစ်သည် မျိုးစေ့ထုတ်တောင်သူများအတွက် မျိုးစေ့(F1 Seed) အထွက်နှုန်း မြင့်မားစွာရရှိ၍ စီးပွားရေးတွက်ခြေကိုက်သဖြင့် မျိုးစေ့အထွက်နှုန်း အများဆုံးရရှိရေးအတွက် စပ်မျိုးများ မျိုးစေ့ထုတ်ရာ၌ အဓိကဖြစ်သော အမလိုင်း(A Line)၊ အဖိုလိုင်း(R Line)တို့၏ စိုက်တန်းအချိုးရှာဖွေသော သုတေသနကို လက်ထောက်သုတေသနအရာရှိ ဒေါ်နန်းပပဝင်းနှင့်အဖွဲ့က ဆက်လက်သုတေသနပြုလျက်ရှိကြောင်း သိရသည်။

အဆိုပါ သုတေသနတွင်ပါဝင်သော အမလိုင်းနှင့် အဖိုလိုင်း စိုက်တန်းအချိုးများမှာ (၂:၁၊ ၃:၁၊ ၄:၁၊ ၆:၂၊ ၈:၂)တို့ ဖြစ်သည်။ ယင်းသုတေသန စမ်းသပ်ကွက်၏ စမ်းသပ်စိုက်တန်း အချိုးများတွင် အောင်စေ့များခြင်း၊ အစေ့ဖြစ်ထွန်းမှုကောင်းခြင်း စသည့် ကနဦး ကောက်ယူထားသည့် မှတ်တမ်းအချက်အလက်များအရ စိုက်တန်းအချိုး (၄:၁)နှင့် (၈:၂)မှာ စပ်မျိုးနေကြာ-၂ မျိုးစေ့အထွက်နှုန်း မြင့်မားစွာရရှိကြောင်း သိရသည်။

ရေဆင်းစပ်မျိုးနေကြာ-၂ ကို မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ(NSC)၌ မျိုးသစ်အဖြစ် မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း၊ ၎င်းစပ်မျိုးနေကြာ-၂ သည် အသက်လျင်ခြင်း၊ အထွက်ကောင်းခြင်းနှင့် ယိုင်လဲမှုဒဏ်ခံနိုင်ခြင်းစသည့် အရည်အချင်းလက္ခဏာများရှိကြောင်း၊ အသက်ရက်မှာ (၇၅-၇၈)ရက်ရှိ၍ ရေဆင်းစပ်မျိုးနေကြာ-၁ ထက် (၇ မှ ၁၀)ရက်စော၍ ရိတ်သိမ်းနိုင်ပြီး စားသုံးဆီပါဝင်မှု (၄၅-၄၈)ရာခိုင်နှုန်း ရှိသောကြောင့် ဆီထွက်ကောင်းသည့် နေကြာမျိုးဖြစ်ကြောင်း အဆိုပါ သုတေသနပညာရှင်များထံမှ သိရသည်။

သုတေသနတွေ့ရှိချက်များကို အခြေခံ၍ ရေဆင်းစပ်မျိုးနေကြာ-၁ နှင့် ရေဆင်းစပ်မျိုးနေကြာ-၂ တို့၏ မိဘလိုင်းများ(F1) မျိုးစေ့ထုတ်နည်းပညာများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန(DAR)က စပ်မျိုး မျိုးစေ့ထုတ်တောင်သူများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များကို ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းထံမှ သိရသည်။ **မေမိုးသဲ**



# ရိခေါဒါရ်မြို့၌ အဆင့်မြင့်ဈေးနှင့် ကားလေးဝင်းတည်ဆောက်ရန် လျာထားမြေနေရာကိစ္စဆွေးနွေး

**ရိခေါဒါရ် အောက်တိုဘာ ၃၁**

ချင်းပြည်နယ် ရိခေါဒါရ်မြို့၌ အဆင့်မြင့်ဈေးနှင့် ကားလေးဝင်းတည်ဆောက်ရန် လျာထားသည့် မြေနေရာကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ရိခေါဒါရ်မြို့ အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်၏ ဦးဆောင်မှုဖြင့် မြို့စည်ပင်သာယာရေးအဖွဲ့၊ မြို့စည်ပင်သာယာရေး ကော်မတီဝင်များ၊ ရပ်ကွက် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့များနှင့် လယ်ယာမြေပိုင်ရှင်များ ပူးပေါင်းပြီး အောက်တိုဘာ ၂၉ ရက်က ရိခေါဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြား၍ အဆင့်မြင့်ဈေးနှင့် ကားလေးဝင်းတည်ဆောက်ရန် စီစဉ်ထားမှုနှင့် မြေနေရာလျာထားမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီးနောက် ဌာနဆိုင်ရာများနှင့် လယ်ယာမြေပိုင်ရှင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့သည်။

ဈေးတည်ဆောက်နိုင်ရန် ရိခေါဒါရ်မြို့ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက် ထိစပ်သည့် သီးငါးချောင်းအနီးရှိ လယ်မြေ ၃ ဒသမ ၂၇ ဧကကို လယ်ယာမြေပိုင်ရှင် ငါးဦးတို့နှင့် စည်ပင်သာယာရေးကော်မတီတို့က အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီချက်ရယူပြီးနောက် အဆိုပါ လယ်မြေနေရာကို အခြားနည်းဖြင့်အသုံးပြုခွင့် လျှောက်ထားရေးကိစ္စ၊ အဆင့်မြင့်ဈေးနှင့် ကားလေးဝင်းတည်ဆောက်မည့်လုပ်ငန်းများ အကောင်အထည်ဖော်မည့် အမှုတွဲများ တည်ဆောက်ခြင်းတို့ကို သက်ဆိုင်ရာသို့တင်ပြ၍ ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။ **လာလ်ပက်လောမ်(ပက်ကာ)**

# မူဆယ်မြို့၌ တရုတ်မှပြန်လည်လွှဲပြောင်းသည့် နေရပ်ပြန် ရွှေ့ပြောင်းမြန်မာလုပ်သားများအား ကိုဗစ်-၁၉ ကူးစက်ခံရမှုရှိ/မရှိ စစ်ဆေး



ရွှေ့ပြောင်းလုပ်သားတစ်ဦးအား ကိုဗစ်-၁၉ စစ်ဆေးရန် တို့ဖတ်နမူနာ ရယူနေစဉ်။

**မူဆယ် အောက်တိုဘာ ၃၁**

တရုတ်နိုင်ငံအတွင်း၌ ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရသော မြန်မာရွှေ့ပြောင်းလုပ်သားများအား တရုတ်အစိုးရ တာဝန်ရှိသူများက မြန်မာနိုင်ငံ မူဆယ်ဒေသမှ အာဏာပိုင်များနှင့်ချိတ်ဆက်ပြီး အောက်တိုဘာ ၃၀ ရက်က တရားဝင်ပြန်လည်လွှဲပြောင်းပေးခဲ့ရာ အဆိုပါ နေရပ်ပြန်လုပ်သားများအား မူဆယ်ဘက်မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မူဆယ်မြို့ ပြည်ထောင်စုအားကစားကွင်းအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးမှ နေရပ်သို့ ပြန်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရသည့် မြန်မာလုပ်သား အများစု၌ ကိုဗစ်-၁၉ ရောဂါ တွေ့ရှိပြီးနောက်ပိုင်းတွင် ဆက်လက် ဖမ်းဆီးထိန်းသိမ်းထားသော မြန်မာလုပ်သားများကို ပြန်လည်လွှဲပြောင်းမှု မလုပ်ခဲ့သည်မှာ တစ်လကျော်ကြာခဲ့ပြီးနောက် အောက်တိုဘာလ ဒုတိယပတ်တွင် တရားဝင် ပြန်လည်လွှဲပြောင်းမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံဘက်မှ ပြန်လည်လွှဲပြောင်းပေးသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများသာမက မိမိသဘောအရ ပြန်လည်ရောက်ရှိလာသော နေရပ်ပြန်ပြည်သူတိုင်းကို ရောဂါကူးစက်မှုရှိ/မရှိ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မူဆယ်မြို့ ပြန်လည်လက်ခံရေးနှင့် နေရာချထားရေးဆပ်ကော်မတီမှ အတွင်းရေးမှူး ဦးအောင်မိုးလွင်က ယခင်က မူဆယ်မြို့သို့ ပုံမှန်ဝင်ရောက်လာကြသည့် နေရပ်ပြန်ပြည်သူများအား ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် ခရီးသွားမှတ်တမ်းကောက်ယူခြင်းများသာ ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင်မူ ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ နှစ်ရက်လျှင်တစ်ကြိမ် ပုံမှန် ရောဂါပိုးကူးစက်မှုရှိမရှိ စစ်ဆေးပြီး ရောဂါကူးစက်မှုမရှိပါက နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးကာ ရောဂါပိုးတွေ့ရှိပါက မူဆယ်ခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှု ခံယူစေကြောင်း ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေးခြင်းကို နံနက် ၇ နာရီတွင် စတင်ပြုလုပ်ကာ ညနေ ၅ နာရီခန့်တွင် ပိုးကူးစက်မှု ရှိ/မရှိ သိနိုင်ကြောင်း သိရသည်။

အောက်တိုဘာလအတွင်း မူဆယ်မြို့သို့ နေရပ်ပြန်ပြည်သူ စုစုပေါင်း ၁၀၀၀ ကျော် ဝင်ရောက်လက်ခံခဲ့ပြီး အဆိုပါ နေရပ်ပြန်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါစစ်ဆေးခြင်းအပြင် အခြား လိုအပ်ချက်များကိုလည်း မူဆယ်မြို့ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ကုသရေး ကော်မတီက စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ အခြေခံပညာကျောင်းများအတွက် သင်ကြားမှုအထောက်အကူပြု အခြေခံကဗျာလွတ်အက ဗီဒီယိုအခွေများအား ခရိုင်ပညာရေးမှူးရုံးများသို့အရောက် ပေးပို့ရန်ရှိပါသဖြင့် နိုင်ငံသားပိုင်လုပ်ငန်းမှတ်ပုံတင်ရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်ပုံစံများကို ရုံးအမှတ် ၁၃၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်တွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၃ ရက်မှစ၍ လာရောက် စုံစမ်းဝယ်ယူနိုင်ပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၀ ရက် ၁၃:၀၀ နာရီတွင် Zoom Meeting ဖြင့် ရှင်းလင်းပွဲပြုလုပ်သွားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃ ရက် ၁၁:၀၀နာရီ နောက်ဆုံးထား၍ ရုံးအမှတ် ၁၃၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်တွင် လူကိုယ်တိုင် လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၃ ရက် ၁၃:၀၀ နာရီတွင် အိတ်ဖွင့်တင်ဒါများအား ဖွင့်ဖောက်မှတ်တမ်းတင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၇၈၁၇ နှင့် e-mail ဖြင့် dbecurriculum@gmail.com သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အခြေခံပညာဦးစီးဌာန၊ နေပြည်တော်**

---

### တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန
### မြကန်သာပန်းခြံအဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းအတွက်
### စိတ်ဝင်စားမှုအဆိုပြုလွှာExpression of Interest (EOI)ခေါ်ယူခြင်း

၁။ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနပိုင် မြကန်သာပန်းခြံ၊ မြေဧရိယာ (၇.၅၈၄)ဧကအားအဆင့်မြှင့်တင်ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ (၁၀၀%)ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များကို စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြရန် ကြော်ငြာခေါ်ယူအပ်ပါသည်။

၂။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်သွင်းမည့် ကုမ္ပဏီများအနေဖြင့် အဆိုပြုမည့် ဒီဇိုင်းပုံစံများ၊ အသေးစိတ်စီမံချက်များနှင့်အတူ စိစစ်ရွေးချယ်ရေးကော်မတီအား (Power Point)ဖြင့်ရှင်းလင်းတင်ပြနိုင်ရေးပြင်ဆင်ဆောင်ရွက်ထားရှိရမည်။ရွေးချယ်ခံရသည့်အဆိုပြုလွှာများကိုသာ လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါမည်။

၃။ အဆိုပြုလွှာများကို(၃၀-၁၁-၂၀၂၀)ရက်၊ ညနေ(၁၆:၀၀)နာရီနောက်ဆုံးထား၍ ကြီးကြပ်ရေးကော်မတီ (တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနရုံး)သို့ ပေးပို့တင်သွင်းနိုင်ပါသည်။ အဆိုပြုလွှာပုံစံနှင့်အသေးစိတ်အချက်အလက်များကို တောင်ကြီးမြို့နယ်စည်ပင်သာယာရေးကော်မတီရုံးတွင် ရုံးချိန်အတွင်း ရယူနိုင်ပါသည်။

(ဖုန်း- ၀၈၁-၂၁၂၂၇၄၁)

**မြို့နယ်စည်ပင်သာယာရေးကော်မတီ၊တောင်ကြီးမြို့**

---

## မကွေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံးမှ ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း(၂)ရပ်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(Lot-1) (က) သရက်ခရိုင်စီမံကိန်းဦးစီးရုံး(၆၂ပေx၄၄ပေ)WC(၂၄ပေx၁၇ပေ)RC(၂)ထပ် တည်ဆောက်ခြင်းလုပ်ငန်း(ရေ+မီး+မိလ္လာ အပါအဝင်)
(ခ) သရက်ခရိုင်စီမံကိန်းဦးစီးရုံး၊အုတ်ခြံစည်းရိုး(၆ပေx၃၇၆ပေ)ကာရံခြင်းနှင့် (ရုံးအဝင်၊အထွက်)လျှောတံခါး(၁၂ပေ)(၂)ချပ်တပ်ဆင်ခြင်းလုပ်ငန်း
(ဂ) သရက်ခရိုင်စီမံကိန်းဦးစီးရုံး၊(၄)လက်မရေတွင်းတူးခြင်းနှင့်ရေသန့် လုပ်ငန်းများဆောင်ရွက်ခြင်း

(Lot-2) ပခုက္ကူခရိုင်စီမံကိန်းဦးစီးရုံး၊အုတ်ခြံစည်းရိုး(၆ပေx၈၂၀ပေ)ကာရံခြင်းလုပ်ငန်း

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂-၁၁-၂၀၂၀ ရက်မှ ၁-၁၂-၂၀၂၀ ရက်အထိ မကွေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံးတွင် နေ့စဉ်ရုံးချိန်အတွင်းလာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ၁-၁၂-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း နောက်ဆုံးထား၍ မကွေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံးတွင် တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလ ကျော်လွန်သော တင်ဒါတင်သွင်းလွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မကွေးတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး ဖုန်း-၀၆၃-၂၀၂၃၆၂၀ နှင့် ၀၆၃-၂၀၂၆၇၅၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မကွေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး**
**တင်ဒါကော်မတီ**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ကျိုင်းတုံခရိုင်တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၂၆

ဒေါ်နန်းခမ်းအီ **နှင့်** ဒေါ်နန်းစံဖောင်း
**တရားလို** **တရားပြိုင်**

CB pay agent ဆိုင်းအောင်မင်္ဂလာလမ်းရပ်ကွက်ရုံးအနီး ပိန်းဆန်းရပ်ကွက်၊ မိုင်းပျဉ်းမြို့နေ ဒေါ်နန်းစံဖောင်း သိစေရမည်။

သင့်အပေါ်၌ မိုင်းပျဉ်းမြို့ပိန်းဆန်းရပ်၊စံပယ်လမ်းနေ ဒေါ်နန်းခမ်းအီက ချေးငွေကျပ်သိန်း ၂၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမ ဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၁ ရက် မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့် စာချုပ်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်း ရမည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၃ ရက်တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကောင်းမြတ်တိုး)**
**ဒုတိယခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## တိုင်းရင်းဆေးပညာဦးစီးဌာန
## ကချင်ပြည်နယ်ဦးစီးဌာနမှူးရုံး၊မြစ်ကြီးနားမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်မည့် လုပ်ငန်းသစ်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| စဉ် | မြို့နယ် | လုပ်ငန်းအမည် | လုပ်ငန်း အရေအတွက် |
|---|---|---|---|
| ၁ | မြစ်ကြီးနား | ကချင်ပြည်နယ်ဦးစီးဌာနမှူးရုံး၊ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း(၈၀'x၄၀')RC(၄)ခန်းတွဲ(၄)ထပ် (ရေ၊မီး၊မိလ္လာ အပါအဝင်)(နှစ်ဆက်လုပ်ငန်း) | ၁ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၁၁-၂၀၂၀ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၃၀-၁၁-၂၀၂၀ ရက် ၁၆:၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို မြန်မာ့စီးပွားရေးဘဏ်၊ မြစ်ကြီးနားမြို့တွင် ပေးသွင်းထားပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရပါမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကချင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ဖုန်း-၀၇၄-၂၅၂၂၉၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

---

**ဖခင်အမည်မှန်**

ဟိုပင်မြို့၊ အ.ထ.က၊ န၀မတန်းမှ မောင်နေထူးအောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော် ဖြစ်ပါသည်။

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ အထက(၂)တွင် အလပြ တာဝန်ထမ်းဆောင်နေသော ဒေါ်မြင့်မြင့်လေး(အ.လ.ပြ) နှင့် ဒေါ်မြင့်မြင့်ဇော် ၅/ရဘန(နိုင်)၀၃၅၀၇၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရွာငံမြို့နယ်၊ အင်းကြီးရွာနေ မအိဇင်ကျော် ၁၃/ရငန(နိုင်)၀၆၀၉၉၉၏ဖခင် ဦးကျော်မြင့်စိုး (ခ) ဦးဖေအောင်နှင့် မိခင်ဒေါ်တင်မြို (ခ) ဒေါ်ခင်စန်းဝင်း (ခ) ဒေါ်သန်းဝင်းတို့သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### မန္တလေးခရိုင်တရားရုံး
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၄၄၇

ဦးစိုင်းဆေပန်ဖ(၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူဦးလေးမောင်) **နှင့်** ၁။ ဦးလှကြိုင် ၂။ ဦးမျိုးမင်းသန်း
**တရားလို** **တရားပြိုင်များ**

စဉ့်ကိုင်မြို့နယ်၊ ပုလိပ်မြွေဘုရားအကျော်၊ကံသာအေးကျေးရွာ၊ ဘုရားဝင်းအနောက်ဘက်၊ ဦးအောင်မောင်းအိမ်ငှားတိုက်တန်း၊ မတရုတ်မနေအိမ်(ယခုနေရပ်လိပ်စာမသိ) ဦးမျိုးမင်းသန်း(ဘ)ဦးအောင်မောင်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက မမှန်မကန်လိမ်လည်ရောင်းချသည့်မြေကွက် တန်ဖိုးငွေ ၁၃၇ သိန်း ပြန်လည်ရလိုမှုနှင့်နစ်နာကြေးငွေကျပ်သိန်း ၃၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၆ ရက် (၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရ မည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာစိုး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မန္တလေးခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ်(၁)ရပ်ကွက်၊ ပျဉ်ဈေးရပ်ရှိ အရှေ့လားသော်-လမ်းနှင့် ဦးစောဦးအိမ်ဝင်းမြေ၊ အနောက်လားသော်-ဒေါ်သန်းရွှေအိမ်ဝင်းမြေ၊ တောင်လားသော် ဦးကောင်းမြတ်နှင့် ဦးဆန်းအိမ်ဝင်းမြေ၊ မြောက်လားသော်-ဦးကျော်နိုင်အိမ်ဝင်းမြေ၊ ယင်းနယ်လေးရပ်အတွင်းရှိမြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ခင်စန်းဝင်း(ဘ-ဦးသိန်းအောင်) ၅/ခဥန(နိုင်)၇၄၃၂၂၈ကက ခင်ပွန်းဖြစ်သူ ဦးယူစွတ်နှင့် ပေါင်းသင်းနေထိုင်ရင်း၊ ခင်ပွန်း၏ယခင်အိမ်ထောင်မှ အမွေစား အမွေခံများ အကြားအမွေခွဲဝေပြီးပြတ်ခဲ့ခြင်း၊ ခင်ပွန်းဦးယူစွတ် ကွယ်လွန်ခဲ့ပြီးဖြစ်ခြင်းတို့ကြောင့် မူလပိုင်ရှင် ဦးယူစွတ်ထံမှအဆိုပါမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခင်စန်းဝင်းကအလုံးစုံပိုင်ဆိုင်သူဖြစ်လာခဲ့ပါသည်။ ဒေါ်ခင်စန်းဝင်းသည် ရောင်းချပိုင်ခွင့်ရှိသူဖြစ်၍ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့၊ အမှတ်(၄)ရပ်ကွက်တွင် နေထိုင်သူ ဦးကျော်ဝင်းမြင့် (ဘ-ဦးထွေး) ၉/တသန(နိုင်)၁၀၂၁၅၆ ထံရောင်းချရန် စရန်ငွေရယူပြီးကြောင်းစာချုပ်ကို ချုပ်ဆိုထားရှိပြီးဖြစ်ပါသည်။ ရောင်းကြေးကျန်ငွေများ ပေးချေခြင်းနှင့်တကွ အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ခြင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါ၍ ယခုကဲ့သို့ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုသူရှိပါကတရားရုံးတစ်စုံတစ်ရာ၏ ယာယီတားဝရမ်းကဲ့သို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်စန်းဝင်း၏အမှုလွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနုပြည့်ဖြိုးဟန်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၄၀)**
**အိန္ဒရပ်၊ အမှတ်(၃)ရပ်ကွက်၊ ရွှေဘိုမြို့၊**
**ဖုန်း၀၉-၇၈၉၃၀၄၀၃၄**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### (ဝတ္ထုတို၊ စာတမ်းဖတ်၊ ဆောင်းပါး၊ သတင်းစာခေါင်းကြီး ဆရာကြီး)
## ဦးအောင်မိုး
### ဦးအောင်မိုး (UMFCCI)-နေသွေးနောင်-မောင်နွယ်တာ
### စစ်/ကိုယ်ရှင်း(ငြိမ်း)၊ MITS (ငြိမ်း)
### UMFCCI (1990-2000) -အလုပ်အမှုဆောင်
### Asia Pacific Inspection Agency (Managing Director)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃၁၇)၊ Sea Green Tower၊ R.2(B)နှင့် မြောက်ဒဂုံမြို့နယ်၊ (၃၉)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်(၃၈)နေ ပခုက္ကူမြို့ ဝန်ထောက်မင်း ဦးဘညို(သမဝါယမ၊ ကထိက၊ ပညာရေး)-ဒေါ်တင့်]တို့၏သား၊ ဒေါ်ခင်စန်းဝင်း(ခ)ဒေါ်ထွေးထွေး(မြန်မာ့အာမခံ-ငြိမ်း)၏ခင်ပွန်း၊ ဦးဇော်လင်းထွန်း-ဒေါ်ကေခိုင်မိုး၊ ဦးစစ်နောင်-ဒေါ်ရတီထက်၊ ဦးရဲနောင်-ဒေါ်မေစိုးသူတို့၏ဖခင်၊ မအိမ့်ဘုန်းသျှင်(Final Part-I, M.B,B.S)၊ မောင်ဘုန်းပြည့်သျှင်၊ မောင်လင်းသစ်ဇော်၊ မောင်ဟိန်းစည်၊ မစံဝင့်ထည်ဝါတို့၏ အဘိုးသည် ၃၁-၁၀-၂၀၂၀ရက် (စနေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### (ဝတ္ထုတို၊ စာတမ်းဖတ်၊ ဆောင်းပါး၊ သတင်းစာခေါင်းကြီး ဆရာကြီး)
## ဦးအောင်မိုး
### ဦးအောင်မိုး (UMFCCI)-နေသွေးနောင်-မောင်နွယ်တာ
### စစ်/ကိုယ်ရှင်း(ငြိမ်း)၊ MITS (ငြိမ်း)
### UMFCCI (1990-2000) -အလုပ်အမှုဆောင်
### Asia Pacific Inspection Agency (Managing Director)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃၁၇)၊ Sea Green Tower၊ R.2(B)နှင့် မြောက်ဒဂုံမြို့နယ်၊ (၃၉)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်(၃၈)နေ ပခုက္ကူမြို့ ဝန်ထောက်မင်း ဦးဘညို(သမဝါယမ၊ ကထိက၊ ပညာရေး) -ဒေါ်တင့်]တို့၏သား၊ ဒေါ်ခင်စန်းဝင်း(ခ)ဒေါ်ထွေးထွေး(မြန်မာ့အာမခံ-ငြိမ်း)၏ခင်ပွန်း၊(ဦးစိုးမင်း)၊ (ဦးမြင့်မောင်)(သမဝါယမ)၊ (ဒေါ်မြင့်မေ)၊ ဒေါ်ခင်ဝင်းသစ်တို့၏ ချစ်လှစွာသော ညီ၊ အစ်ကို၊ ဒေါ်ဝါဝါရွှေ၊ ဦးကိုကိုနိုင်၊ ဦးသက်နိုင်တို့၏ဦးလေးသည် ၃၁-၁၀-၂၀၂၀ရက် (စနေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးကျော်စိုး (ငြိမ်း)
### ကြည်း-၁၈၆၆၃၊ တေ၈-၁၁
### ဒုတိယစီမံခန့်ခွဲရေးဆိုင်ရာအရာရှိချုပ်
### ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ကွေ့မအိမ်ရာ၊ အမှတ်(၂၁)နေ ဒေါ်သီတာ၏ ချစ်လှစွာသော ခင်ပွန်း၊ မဆုလဲ့ဝေ၊ မောင်ရန်မျိုးကျော်တို့၏ ချစ်လှစွာသောဖခင်သည် ၃၁-၁၀-၂၀၂၀ရက် နံနက် ၀၀:၁၂ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမင်းထိန်-ဒေါ်နှင်းသီတာအောင်ထွေး**
**ညွှန်ကြားရေးမှူးချုပ်**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးကျော်စိုး(ငြိမ်း)
### ကြည်း-၁၈၆၆၃၊ တေ၈-၁၁
### ဒုတိယစီမံခန့်ခွဲရေးဆိုင်ရာအရာရှိချုပ်
### ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ကွေ့မအိမ်ရာ၊ အမှတ်(၂၁)နေ ဒေါ်သီတာ၏ ချစ်လှစွာသောခင်ပွန်း၊ မဆုလဲ့ဝေ၊ မောင်ရန်မျိုးကျော်တို့၏ ချစ်လှစွာသောဖခင်သည် ၃၁-၁၀-၂၀၂၀ရက် နံနက် ၀၀:၁၂ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၊ မိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်မျိုးတင့်
### အသက်(၄၄)နှစ်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ဒေါ်နွယ်နွယ်ဝင်း(ဦးစီးအရာရှိ)၏ခင်ပွန်း ဦးအောင်မျိုးတင့် အသက်(၄၄)နှစ်သည် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၃၀ ရက် (သောကြာနေ့)တွင် ၆၅လမ်း၊ ၄ပြာနှင့်သဇင်ကြား၊ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**

---

ဇီဝမျိုးစုံမျိုးကွဲတွေ
ကွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

## ဦးညဏ်ထွန်း
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ အမှတ်(၇)နှင့် တာမွေမြို့နယ်၊ မြို့သစ်(၁)လမ်း၊ အမှတ်(၂၆)၊ စတုတ္ထထပ်)နေ (ဦးချုလင်-ဒေါ်ခင်သန်း)တို့၏သား၊ (ဦးမြတင်-ဒေါ်လှကြည်)တို့၏ သားသမက်၊ ဒေါ်ခင်အေးမာ(တရားလွှတ်တော်ရှေ့နေ)၏ ခင်ပွန်း၊ ဦးမျိုးထွန်းသိန်း-ဒေါ်အေးသက်ထွန်း၊ ဦးညဏ်ဖြိုးအောင်တို့၏ဖခင်၊ မောင်ဇီလင်းထွန်း၊ မသံသာထွန်းတို့၏အဘိုးသည် ၃၀-၁၀-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁:၃၀နာရီတွင် အလုပ်သမားဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးစိန်မြင့်
### တိုင်းရောင်းဝယ်ရေးအရာရှိ(မှန်/ကရင်)(M.P.P.E-ငြိမ်း)
### ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂၀၁၀-၂၀၁၅)
### (ကျိုက်ထိုမဲဆန္ဒနယ် အမှတ်-၂)(ငြိမ်း)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊အင်းဝ(၈)လမ်း၊ အမှတ်(၉၇၆-က)နေ (ဦးသိန်းဟန်-ဒေါ်ခင်ကြည်)တို့ ၏ သား၊ (ဦးသာအေး-ဒေါ်ကွန်ချစ်)တို့၏သားသမက်၊ ဒေါ်အေးအေးချစ် (စာရင်းကိုင်-၃၊ ငြိမ်း) (ဆ.လ.ရ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးရဲမင်းသူ(ခ)ဦးကျော်စင်သန့်(ဒုတိယညွှန်ကြားရေးမှူး၊ ကုမ္ပဏီရေးရာဌာနခွဲ၊ ရင်းနှီးမြုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်ဆိုင်ရာ (O.S.S-တွဲဖက်)-ဒေါက်တာစိုးမြင့်မွန်(သရုပ်ပြ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး)၊ ဦးတင်ကိုကျော်(Marine Third Engineer)-ဒေါ်စန္ဒာစောဝင်း(Finance Assistant)၊ ဒေါ်နန္ဒာအောင်- ဗိုလ်မှူးဗညားစိုး(လေကြောင်းရန်ကာကွယ်ရေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး)တို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၃၀-၁၀-၂၀၂၀ ရက် (သောကြာနေ့)နံနက်၈:၃၀နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါသဖြင့်ယင်းနေ့တွင်ပင်ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးကြီးကျော်စိုး(ငြိမ်း)
### ကြည်း-၁၈၆၆၃၊ တေဇ(၁၁)
### CHID Bank(Dy.CAO)
### အသက်(၅၈)နှစ်

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ နန်းရှေ့ရပ်နေ ဦးထိန်လင်း-ဒေါ်ထွေးတို့၏သား၊ မော်လမြိုင်မြို့နေ (ဦးရီလိုင်- ဒေါ်ကြင်မြင့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ကွေ့မအိမ်ရာ၊ အမှတ်(၂၁)နေ ဒေါ်သီတာ၏ ချစ်လှစွာသောခင်ပွန်း၊ မစုလှဲ့ဝေ၊ မောင်ရန်မျိုးကျော်တို့၏ ချစ်လှစွာသောဖခင်၊ ဦးစိုးထွန်း၏ ညီ၊ ဒေါ်အေးအေးမွန်၊ ဒေါ်မြင့်မြင့်မွန်၊ ဒေါ်တင့်တင့်မွန်၊ ဒေါ်ဖြူဖြူလင်း၊ ဒေါ်ကြူကြူလင်း၊ ဗိုလ်မှူးရဲထွန်းလင်း(ငြိမ်း)တို့၏ အစ်ကိုသည် ၃၁-၁၀-၂၀၂၀ရက် (စနေနေ့) နံနက် ၀၀:၁၂နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန်ဒါယကာကြီး
# ဦးငွေလှိုင်
### Physiotherapist(ငြိမ်း)
### ကြည့်မြင်တိုင် အရိုးအထူးကုဆေးရုံကြီး
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊ဗိုလ်ချုပ်လမ်း၊အမှတ်(၇၂)၊အခန်း(၅-က)နေ ဒေါ်ခင်သန်းထွဋ်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာမင်းဇော်ဦး(ပါမောက္ခ၊ ဆေးပညာဌာန၊ ဆေး-၂၊ သဃ်န်းကျွန်းစံပြဆေးရုံကြီး)-ဒေါက်တာကေသီခိုင် (တွဲဖက်ပါမောက္ခ၊ သချာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဒေါ်အေးမိစံ(ဖြိုးသန့်ကျော်မီဒီယာ)၊ ဦးအောင်ဇင်မင်း (Resident Surveyor) – ဒေါ်ခင်ကျော့ရီ(ခေတ္တ-စင်ကာပူ)၊ ဦးဝင်းကိုဦး – ဒေါ်ယင်းယင်းအိ (ဖြိုးသန့်ကျော်မီဒီယာ)တို့၏ ဖခင်ကြီး၊ မောင်ကျော်ဆုသွေး၊ မသီရိရွှေဝယ်ဦး၊ မောင်မင်းသု၊ မောင်အောင်ဆက်ပိုင်တို့၏ အဘိုးသည် ၃၁-၁၀-၂၀၂၀ရက် (စနေနေ့) နံနက် ၃:၄၅ နာရီတွင် S.S.C ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၆-၁၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## စေတီ၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းကြည်
### မြို့ပြလေကြောင်း ညွှန်ကြားမှုဦးစီးဌာန(ငြိမ်း)
### (Ex.E/E NORASIA LINE , S'PORE)
### မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့
### အတွင်းရေးမှူး/နာယက(ငြိမ်း)
### ပုသိမ်ညွှန့်ရပ်ကွက်၊ ဓမ္မာရုံဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌ(ငြိမ်း)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ် ၄၇ (ဒုတိယလွှာ)နေ ဒေါ်တင်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနှင်းကိုဦး-ဒေါ်သိန်းသိန်းဦး၊ ဦးမိုးကိုကို-ဒေါ်ခင်ဖြူဖြူဝင်း၊ ဦးနေမျိုးသူ-ဒေါ်အေးမြင့်ခိုင်၊ ဦးတင်ကိုကို-ဒေါ်ခင်သန်းအေး တို့၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မောင်ခန့်စည်သူ၊ မောင်စစ်နိုင်မင်း၊ မပန်းမြတ်ခင်၊ မမြတ်သိင်္ဂီကျော်၊ မနှင်းဦးဝေ၊ မကေရီ တို့၏ဘိုးဘိုးကြီးသည် ၂၈-၁၀-၂၀၂၀ရက် ည ၉:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစိန်အောင်
### ကညွတ်ကွင်း
### မန်နေဂျာ(ငြိမ်း)၊ ကုန်သွယ်လယ်ယာ
### အသက်(၉၂)နှစ်

ကညွတ်ကွင်းမြို့နေ (ဦးချမ်းသာ-ဒေါ်ရင်)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၃လမ်း၊ အမှတ်(၉၉)နေ ဒေါ်စန်းကြည် (အထက-၂၊ လသာ၊ အထပြ-ငြိမ်း)၏ခင်ပွန်း၊ ဦးတင်အောင်မြင့်-ဒေါ်အိအိအောင်(ခေတ္တ-USA)၊ ဦးမိုးဇော်ဝင်း(စန္ဒာမိုးပုံနှိပ် တိုက်)-ဒေါ်ဝင့်ဝင့်အောင်(Alpha World Link Co.,Ltd.)၊ ဦးကျော်စော ဟန်(ရော့ဝတီဘဏ်)-ဒေါ်ဆင့်ဆင့်အောင် (Alpha World Link Co.,Ltd.)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၃၁-၁၀-၂၀၂၀ရက် မွန်းလွဲ ၁၂:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန်းစန်းမြင့်
### အသက်(၈၇)နှစ်

ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးတင်နိုင်သိန်း-ဒေါ်အေးအေးတို့၏ ချစ်လှစွာသောမိခင် ဒေါ်စန်းစန်းမြင့်သည် ၂၉-၁၀-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၅:၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ် အပတ်စဉ်(၁၇)မှ
သူငယ်ချင်းများနှင့်မိသားစုများ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန် ဒါယကာကြီး
## ဦးငွေလှိုင်
### Physiotherapist(ငြိမ်း)
### ကြည့်မြင်တိုင် အရိုးအထူးကုဆေးရုံကြီး
### အသက်(၈၂)နှစ်

ဒေါက်တာမင်းဇော်ဦး(ပါမောက္ခ၊ ဆေးပညာဌာန၊ ဆေး-၂၊ သဃ်န်းကျွန်းစံပြဆေးရုံကြီး)-ဒေါက်တာကေသီခိုင်(တွဲဖက်ပါမောက္ခ၊ သချာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏ဖခင် ဦးငွေလှိုင်သည် ၃၁-၁၀-၂၀၂၀ရက် (စနေနေ့) နံနက် ၃:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

BOD အဖွဲ့နှင့် ဝန်ထမ်းမိသားစုများ
ရွှေဂုံတိုင်ဆေးရုံ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဟာဂျီ ဦးအောင်စိန်
### အသက်(၈၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဘူးကြီးကျေးရွာနေ ဟာဂျီဦးအောင်စိန်သည် (၂၆-၁၀-၂၀၂၀)ရက်တွင် အလ္လာဟ်ရှင်မြတ် အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်စန်းစန်းလွင်(ရမည်းသင်းမြို့)
ဟာဂျီဦးစိန်ဝင်း-ဟာဂျီမဒေါ်ခင်စန်းအေး(ကလောမြို့)
ဒေါ်ကြည်ကြည်ထွေး(ရန်ကုန်မြို့)မိသားစုများ

## ကြီးမြန်
## သစ်ပင်
## စိုက်ပျိုးလျှင်
## စွမ်းအင်လည်း
## ရ
## ပြည်လည်း
## လှ

## ဦးခင်မောင်လွင်(ခ)ကိုတူး
### ချည်မျှင်နှင့်အထည်စက်ရုံ-သမိုင်း(ငြိမ်း)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ၁၄၈လမ်း၊ အမှတ်(၁၈/A)နေ [ဦးချစ်လွင်(တိုင်းပညာရေးမှူး-ငြိမ်း)-ဒေါ်ခင်ခင်(အမရပူရ-ဆောင်းဒါးရက်ကန်းကျောင်းအုပ်-ငြိမ်း)]တို့၏သား၊ [ကိုခင်အောင်လွင်(ခ)ညီညီ]၏အစ်ကို၊ မဇာနည်လွင်၊ မောင်တေဇာလွင်၊ မောင်ကျော်စွာလွင်-မဖြိုးပပထွန်း၊ မောင်ရာဇာလွင်-မသင်းသင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး၊ ဒေါ်တင်တင်ရီ၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၇-၁၀-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၆:၃၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်း နေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂-၁၁-၂၀၂၀ ရက် (တနင်္လာနေ့) နံနက်တွင် မရမ်းကုန်းမြို့နယ်၊ (၈)မိုင်ပေါက်စေတီဘုန်းကြီးကျောင်း၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးအေးမောင်
### အသက်(၅၈)နှစ်

ဦးအောင်နိုင်မောင်မောင်[အတွင်းရေးမှူး၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(MICPA)]၏ အစ်မ ဒေါ်အေးအေးမောင်သည် ၂၈-၁၀-၂၀၂၀ရက် နံနက် ၃:၃၈နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးချုပ်နိုင်ဝင်းဇော်(ကြည်း-၂၃၁၀၆)
### တေဇ-၁၈
### ထားဝယ်မြို့
### အသက်(၅၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဝဲကျွန်းထိန်လယ်ရပ်ကွက်၊ အမှတ် (တ/၁၃၃)၊ လေသာလမ်း၊ နှင်းဆီအရိပ်ခြံနေ ဦးကံဝင်း(တပ်မတော်အငြိမ်းစား)-ဒေါ်ခင်အုန်းနိုင်တို့၏သား၊ ဦးအောင်ထွေး(တနင်္သာရီတိုင်းဒေသကြီး၊ တိုင်းဦးစီးဌာနမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ ထားဝယ်မြို့)၊ ဒေါ်ခင်ဝင်းမော်(ဦးစီးအရာရှိ၊ ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့)၏ မောင်၊ ဦးနိုင်ဝင်းကျော်(ရွှေဝယ်စတားကုမ္ပဏီ)၊ ဒေါ်ခင်မေဝင်း(ငွေအင်ကြင်းမြိုင်စားသောက်ဆိုင်)၊ မြိတ်မြို့၊ ပင်လုံအိမ်ရာနေ ကိုသန်းထိုက်(မြိတ်အများပိုင်ကုမ္ပဏီ)၊ ဒေါ်ဖြူဝင်းနှောင်းတို့၏အစ်ကို၊ ဗိုလ်လောင်းသိန်းသူရဝင်း(D.S.A)၊ မခင်ရတနာဝင်း၊ မောင်ထွန်းသူရဝင်း၊ မအိမ့်မက်ဖြူတို့၏ ဦးလေးသည် ၃၀-၁၀-၂၀၂၀ရက် (သောကြာနေ့) ည ၉:၁၀နာရီတွင် မင်္ဂလာဒုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ စစ်အခမ်းအနားဖြင့် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးငွေလှိုင်
### အသက်(၈၁)နှစ်

သဃ်န်းကျွန်းစံပြဆေးရုံကြီး ဆေးကုသဆောင်မှ ပါမောက္ခ ဦးမင်းဇော်ဦး၏ ဖခင် ဦးငွေလှိုင်သည် ၃၁-၁၀-၂၀၂၀ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သဃ်န်းကျွန်းစံပြဆေးရုံကြီး ဆေးကုသဆောင်မိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၂၁၀ တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၃၁-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

(၃၀-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၂,၁၇၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၂၁၀) ဦး တွေ့ရှိရ** ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၃၁-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂၂၆၄) ခု | (၃၃၃) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၂၉၁) ခု | (၈၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၁,၀၄၉) ခု | (၇၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၅၉) ခု | (၁၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂၉) ခု | (၄၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၈) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၀၇) ခု | (၃၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၁၆) ခု | (၁၇၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၉၅၇) ခု | (၄၆၁) ဦး |
| **စုစုပေါင်း** | **(၁၂,၁၇၀) ခု** | **(၁,၂၁၀) ဦး** |

စာမျက်နှာ ၉ ကော်လံ ၁ ❐

## အမေရိကန်နိုင်ငံရှိ မြန်မာနိုင်ငံသားဟောင်းများနှင့် မြန်မာအသိုက်အဝန်း မိသားစုဝင်များက မြန်မာနိုင်ငံ၏ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရန် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၃၁

မြန်မာနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ရောဂါပြန့်ပွားမှုအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းတွင် အခြေချနေထိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံသားဟောင်းများနှင့် မြန်မာအသိုက်အဝန်း မိသားစုများက N95 Face Mask ၇၃၀၀၊ Surgical နှင့် Disposable Face Mask ၈၄၀၀၀၊ Face Shield ၉၁၀၀ နှင့် Disposable CPE Gown ၅၄၀ အပါအဝင် အခြားကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို လှူဒါန်းခဲ့ကြသည်။ **(အောက်ပုံ)** *စာမျက်နှာ ၉ ကော်လံ ၃* ●



## အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

နေပြည်တော် အောက်တိုဘာ ၃၁

အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို နိုဝင်ဘာ ၁ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ ဘင်္ဂလားဒေ့ရှ်ကမ်းခြေသို့ ရွေ့လျားနိုင်ဟု ခန့်မှန်း

နေပြည်တော် အောက်တိုဘာ ၃၁

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း (မြန်မာ့ကမ်းလွန်) တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်ကမ်းခြေသို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

### ဂရိနှင့် တူရကီနိုင်ငံ၌ ပြင်းအား ၇ ဒသမ ၀ ရစ်ချ်တာစကေးရှိသည့် အင်အားပြင်း ငလျင်လှုပ်ရာ ၂၃ ဦးသေဆုံး

စာ ➢ ၁၂

### ထရမ့်နှင့်ဘိုင်ဒင်တို့ အမေရိကန် အနောက်အလယ်ပိုင်းပြည်နယ်များတွင် မဲဆွယ်စည်းရုံးမှုများပြုလုပ်

စာ ➢ ၁၃

## အိုးထရက်ဖို့ဒ်ကွင်းမှာ အောင်ပွဲခံမယ့်အသင်းက မန်ယူလား၊ အာဆင်နယ်လား....

ပရီမီယာလိဂ်ပွဲစဉ် (၇) ၏ ပွဲစဉ် လေးပွဲကို ယနေ့ညတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါ လေးပွဲတွင် အက်စ်တွန်ဗီလာနှင့် ဆောက်သမ်တန်၊ နယူးကာဆယ်နှင့် အဲဗာတန်၊ မန်ယူနှင့် အာဆင်နယ်၊ စပါးနှင့် ဘရိုက်တန် အသင်းတို့ ပါဝင်သည်။

ပရီမီယာလိဂ်ပွဲစဉ် (၇)၏ အကောင်းဆုံးပွဲစဉ်အဖြစ် နာမည်ကြီး မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့ ရှိနေပြီး ယနေ့ည ၁၁ နာရီတွင် အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ လက်ရှိအချိန်တွင် မန်ယူအသင်းရော အာဆင်နယ်အသင်းပါ အမှတ်ပေးဇယားအဆင့် (၁၀) အောက်ရောက်နေသည့် အသင်းများဖြစ်ပြီး မန်ယူအသင်းက ငါးပွဲကစားပြီး ရမှတ်ခုနစ်မှတ်သာ ရရှိထားကာ အာဆင်နယ်အသင်းက ခြောက်ပွဲကစားပြီး ရမှတ်ကိုးမှတ်ရရှိထားသည်။ မန်ယူအသင်းသည် စပါးအသင်းကို ခြောက်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ထားပြီးနောက် နယူးကာဆယ်၊ ပီအက်စ်ဂျီ၊ လိုက်ပ်ဇစ် အသင်းတို့ကို အနိုင်ရရှိထားကာ ချယ်ဆီးအသင်းကို သရေကျထားသည့်အတွက် နောက်ဆုံးလေးပွဲတွင် မရှုံးနိမ့်အောင် ကစားထားနိုင်သည့် မှတ်တမ်းပိုင်ဆိုင်ထားသည်။ အာဆင်နယ်အသင်းက နောက်ဆုံးငါးပွဲတွင် ရှက်ဖီးလ်၊ ရက်ပစ်ဝီအန်၊ ဒွန်းဒေ့ါခ်အသင်းတို့ကို အနိုင်ရရှိထားပြီး မန်စီးတီးအသင်းနှင့် လက်စတာအသင်းတို့ကို ရှုံးနိမ့်ထားသည်။

မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့ ယမန်နှစ်က ထိပ်တိုက်တွေ့ဆုံမှုကို ကြည့်လျှင် မန်ယူအိမ်ကွင်း၌ တစ်ဖက်တစ်ဂိုးစီ သရေကျထားပြီး အာဆင်နယ်အိမ်ကွင်းတွင် နှစ်ဂိုး–ဂိုးမရှိဖြင့် မန်ယူအသင်းကို အနိုင်ရရှိထားသည်။ မန်ယူအသင်းသည် အိုးထရက်ဖို့ဒ်၌ အာဆင်နယ်အသင်းကို အနိုင်ယူပြီး ယခုနှစ်ရာသီ၏ ပထမဆုံးပရီမီယာလိဂ် အိမ်ကွင်းနိုင်ပွဲ ရယူသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ မန်ယူအသင်းသည် ယခုနှစ်ရာသီ အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ပရီမီယာလိဂ် သုံးပွဲ ယှဉ်ပြိုင်ကစားထားပြီး ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် စပါးအသင်းတို့ကို ရှုံးနိမ့်ထားကာ ချယ်ဆီးအသင်းကို *စာမျက်နှာ ၁၁ ကော်လံ ၅* ◆

